# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


## မပြစ်မှားမိအောင် သတိပြု

မပြစ်မှားအပ်သော ပုဂ္ဂိုလ်တို့ကို တုတ်၊ ဓား၊ လှံ စသည့် လက်နက်တို့ဖြင့် ပြစ်မှားသောသူမှာ ဆင်းရဲ၏။ ပြင်းထန်သော ဝေဒနာခံစားရ၏။ ဥစ္စာပစ္စည်းဆုံးရှုံး၏။ ကိုယ်အင်္ဂါပျက်စီး၏။ အနာစွဲကပ်၏။ ရူးသွပ်၏။ စိတ်ပျံ့လွင့်၏။ အစွပ်စွဲခံရ၏။ ဆွေမျိုးတို့ ပျက်စီး၏။ ပကတိမီး၊ လောင်မီးတို့ လောင်ခြင်းခံရ၏။ သေသော် ငရဲကျရောက်ရ၏။ (မပြစ်မှားအပ်သော ပုဂ္ဂိုလ်တို့ကို မပြစ်မှားမိအောင် သတိပြုဆင်ခြင်သင့်၏။) **ဒဏ္ဍဝဂ်(ဓမ္မပဒ-၁၄၀)**


၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက် ၂၀၁၇ ခုနှစ်၊ မေ ၁၂ ရက်၊ သောကြာနေ့၊ အတွဲ (၅၆)၊ အမှတ်(၂၂၁)


# ဒုတိယအကြိမ် လွှတ်တော်အသီးသီး၏ ပဉ္စမပုံမှန်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေး ဗဟိုကော်မတီနှင့်လုပ်ငန်းကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် မေ ၁၁

**ဒုတိယအကြိမ် လွှတ်တော်အသီးသီး၏ ပဉ္စမပုံမှန်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးတွင် ၂၀၁၇ ခုနှစ် လွှတ်တော်အစည်းအဝေးများကျင်းပရေး ဗဟိုကော်မတီနာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ကျင်းပပြီးစီးခဲ့သည့် လွှတ်တော်ပုံမှန်အစည်းအဝေးများကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီများတွင် ပါဝင်သည့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များအပါအဝင် တာဝန်ရှိသူများက အကောင်းဆုံး ကြိုးပမ်းဆောင်ရွက်ခဲ့သည်ကို တွေ့ရှိခဲ့ရပါကြောင်း၊ ဒုတိယအကြိမ် လွှတ်တော်အသီးသီး၏ ပဉ္စမပုံမှန်

*စာမျက်နှာ ၃ ကော်လံ ၁* ❋



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ဒုတိယအကြိမ် လွှတ်တော်အသီးသီး၏ ပဉ္စမပုံမှန်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဗဟိုကော်မတီနှင့်လုပ်ငန်းကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ် (သတင်းစဉ်)

## ယနေ့ ဖတ်စရာ



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဗြိတိန်နိုင်ငံ ဧည့်သည်အဖွဲ့နှင့် အိန္ဒိယသံအမတ်ကြီးတို့ လာရောက်တွေ့ဆုံ**

*စာမျက်နှာ - ၄*




**၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲဆိုင်ရာ ပြန်လည်သုံးသပ်ခြင်း အလုပ်ရုံဆွေးနွေး**

*စာမျက်နှာ - ၅*

# ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် ကျေးရွာများ၌ တုပ်ကွေးရောဂါဖြစ်ပွား ကျန်းမာရေးစောင့်ရှောက်မှုများနှင့် ကုသမှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**ပေါက်တော မေ ၁၁**

ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် ဘဲရကုလားချောင်းကျေးရွာနေ ဒေသခံ ရခိုင်တိုင်းရင်းသားငါးဦးသည် ဧပြီ ၁၁ ရက်တွင် ကတ္တရာစေးအရောင်များ အော့အန်သဖြင့် ကျေးရွာရှိ အရပ်ဆေးကုဆရာက ကုသပေးခဲ့ရာ သုံးဦးပျောက်ကင်းပြီး နှစ်ဦးကို ပေါက်တောမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသစေခဲ့သည်။ သင်္ကြန်ကာလအတွင်း အဆိုပါကျေးရွာနေ ၁၀ ဦး၊ ဧပြီ ၂၃ ရက်မှ ၂၇ ရက်ကြားတွင် ၄၀ တို့ ရောဂါထပ်မံဖြစ်ပွားခဲ့ပြီး မေ ၇ ရက်အထိ ၁၂၀ ခန့်ထိ ရောဂါဖြစ်ပွားခဲ့ကြောင်း သိရသည်။

မေ ၈ ရက်တွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့နှင့် စစ်တွေမြို့နှင့်ပေါက်တောမြို့တို့မှ ငှက်ဖျားတိုက်ဖျက်ရေး ဆရာဝန်အဖွဲ့တို့သည် ဘဲရကုလားချောင်းကျေးရွာသို့ရောက်ရှိပြီး ကျေးရွာအခြေခံပညာမူလတန်းကျောင်း၌ အဆိုပါလူနာများအား စမ်းသပ်ကြည့်ရှုခဲ့သည်။

*စာမျက်နှာ ၃ ကော်လံ ၄* ❋

## ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် မေ ၁၁

ချောက်မြို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်၊ မုံရွာ(ကြေးမုံ)နှင့် တောင်ငူမြို့တို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်စီ၊ ဘော်လခဲမြို့နှင့် သိမ်ဖြူရပ်မြို့တို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ဘီးလင်းမြို့တွင် ၂ ဒသမ ၅၂လက်မ၊ သထုံမြို့တွင် ၁ ဒသမ ၉၇ လက်မ၊ ရွှေကျင်မြို့တွင် ၁ ဒသမ ၁၄ လက်မ၊ မဒေါက်မြို့နှင့် လောင်းလုံးမြို့တို့တွင် ၀ ဒသမ ၉၁ လက်မစီနှင့် ဘားအံမြို့တွင် ၀ ဒသမ ၈၆ လက်မတို့ ဖြစ်ကြသည်။ (မိုး/ဇလ)


KBZ BANK

STRENGTH OF MYANMAR

သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

မြန်မာ့အလင်း

# မြို့တော်သန့်ရှင်းလှပဖို့ အားလုံးပူးပေါင်းပါဝင်စို့

ကဆုန်လပြည့်(ဗုဒ္ဓနေ့) ညောင်ရေသွန်းလောင်းပွဲတော်များကို နိုင်ငံအနှံ့တွင် စည်စည်ကားကားကျင်းပခဲ့သည်။ ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်ကြီးခြေတော်ရင်းအနီးဝန်းကျင်တွင် ယင်းနေ့ကကျင်းပခဲ့သော "မြို့တော်သန့်ရှင်းလှပဖို့ အားလုံးပူးပေါင်းပါဝင်စို့" **(Clean Our City Together)** အမှိုက်ကောက်လှုပ်ရှားမှု **(Clean Yangon Campaign)** ကလည်း ထူးခြားသည့်ဆောင်ရွက်ချက်တစ်ခုဖြစ်သည်။ အဆိုပါအမှိုက်ကောက်လှုပ်ရှားမှုကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် အများအကျိုးဆောင် ပရဟိတ လူမှုရေးအဖွဲ့အစည်း ၂၀ ကျော်မှ လူငယ် ၁၀၀၀ ကျော်တို့က ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်ဟု သိရသည်။

အဆိုပါလှုပ်ရှားမှု၏ဦးတည်ချက်က စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုများလျော့နည်းပပျောက်လာစေရေး အသိပေးလိုရင်းက အဓိကဖြစ်သည်။ အမှိုက်ကောက်လှုပ်ရှားမှုများကို အခြားနေရာများတွင် လစဉ်ဆက်လက်၍လည်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အမှိုက်ကို မဆင်မခြင်စွန့်ပစ်မှုများ မည်သည့်ခေတ်ကာလက စခဲ့သည်လည်းမသိနိုင်။ လက်ရှိအခြေအနေတွင်မူ မြို့ကြီးပြကြီးများ၌သာမက မြို့ငယ်များနှင့် ကျေးလက်ဒေသများ၌ပါ အမှိုက်စွန့်ပစ်မှုတို့ စနစ်တကျမရှိသည်က များပြားသည်ကိုတွေ့နိုင်သည်။ လူစည်ကားရာနေရာများ၊ ပွဲလမ်းသဘင်ကျင်းပသည့်နေရာများ၊ အထင်ကရနေရာများ၊ တန်ခိုးကြီးစေတီပုထိုးဘုရားကျောင်းကန်များနှင့် ပင်လယ်ကမ်းခြေအပန်းဖြေနေရာများပါမကျန် အမှိုက်များကို မြင်မကောင်းအောင်တွေ့ရတတ်သည်။ ပင်လယ်လှိုင်းများကြား၌ ပလတ်စတစ်အိတ်ခွံ၊ ဘီယာဘူးခွံတို့ လူးလိမ့်မျောပါနေကြသည်။ စွန့်ပစ်ထားသည့် ဖော့ဘူးခွံများ၊ ဝါးတူများက သဲသောင်ပြင်၏အလှကို ဖျက်ဆီးနေကြသည်။ ကျိုက်ထီးရိုးစေတီတော်တောင်စောင်းတွင် စွန့်ပစ်ထားသောအမှိုက်များ၏ အနံ့အသက်များက တောင်ပေါ်လေအေး နှင့်အတူ လွင့်မျော၍ပါသည်။ ကြွပ်ကြွပ်အိတ်ခွံများ တောင်ကမ်းပါးယံကို အလှဆင်နေသည့် သစ်ပင်စိမ်းစိမ်းများပေါ်တွင် အကျည်းတန်လှစွာ တွဲလောင်းချိတ်နေကြသည်။ ပေလီ၊ ချောင်းသာ၊ စက်စဲ၊ ကျိုက္ခမီ လူစည်ကားရာနေရာမှန်သမျှ စည်းကမ်းမဲ့စွန့်ပစ်ခဲ့ကြသည့်အမှိုက်များက လူတစ်ဦးတိုင်း၊ တစ်ဦးတိုင်းတွင် အသိတရားကိုယ်စီရှိဖို့လိုနေသေးသည်ကို သက်သေပြနေကြသည်။

ရန်ကုန်မြို့ကြီး သန့်ရှင်းသာယာလှပဖို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ဆောင်ရွက်နေသည်။ အထူးသဖြင့် သန့်ရှင်းရေးဝန်ထမ်းများက ဝန်နှင့်အားနှင့် မမျှအောင် ဆောင်ရွက်နေကြရသည်ကို နေ့စဉ်လိုလို တွေ့မြင်နေကြရမည်ဖြစ်သည်။ ပလတ်စတစ်ပစ္စည်းဟောင်းများ၊ ဖော့ဘူးခွံများကဲ့သို့သော မဆွေးမြေ့နိုင်သည့် စွန့်ပစ်ပစ္စည်းများဖြင့် ပိတ်ဆို့ကာ အမှိုက်များစွာဖြင့် အတိုင်းမသိ ညစ်ပတ်နံစော်နေသော မိလ္လာရေဆိုးမြောင်းများအတွင်း ငုပ်ဆင်း၍ ရေစီးရေလာကောင်းအောင် မြောင်းဖော်နေကြရသော သန့်ရှင်းရေးဝန်ထမ်းများ၏ အင်အားထက် စည်းကမ်းမဲ့ အမှိုက်ပစ်သူများ၏ အင်အားက များပြားနေသရွေ့ မိမိတို့နေထိုင်ရာမြို့ကြီး သန့်ရှင်းသာယာလှပရေး မျှော်လင့်နိုင်မည်မဟုတ်ဟု ဆိုရမည်ဖြစ်သည်။

မည်သို့ပင်ဆိုစေ လူငယ်များဦးဆောင်ကာ လူငယ်အများအပြားပါဝင်သော အများအကျိုးဆောင်ပရဟိတအဖွဲ့များ၏ နောက်ဖေးလမ်းကြားများသာယာလှပရေး၊ မြို့တော်သန့်ရှင်းရေးစသည့် လှုပ်ရှားဆောင်ရွက်မှုများက စည်းကမ်းမဲ့အမှိုက်ပစ်မှုများ ပပျောက်ရေး မျှော်လင့်ချက်အတွက် အားတက်ဖွယ်ပင်ဖြစ်သကဲ့သို့ မြို့တော်သန့်ရှင်းသာယာလှပရေးအတွက် လူတိုင်းက တစ်တပ်တစ်အားပါဝင်သည့်အနေဖြင့် စွန့်ပစ်ပစ္စည်း၊ အမှိုက်စသည့် တစ်စုံတစ်ရာကို စွန့်ပစ်မည်ကြံတိုင်း အသိတရားဖြင့်သတိထားကာ စည်းကမ်းတကျ စွန့်ပစ်ခြင်းဖြင့် အားလုံးပါဝင်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။


အရွယ်မရောက်သေးသူ ကလေးသူငယ်များအား တပ်မတော်အတွင်း
စုဆောင်းခြင်း၊ တာဝန်ပေးစေခိုင်းခြင်း လုံးဝမရှိတော့စေရန် ၂၇.၆.၂၀၁၂ ရက်နေ့က ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်အစိုးရနှင့် ကမ္ဘာ့ကုလသမဂ္ဂတို့ သဘောတူ လက်မှတ်ရေးထိုးခဲ့ကြပါသည်။

အရွယ်မရောက်သေးသူ ကလေးသူငယ်များ တပ်မတော်အတွင်း စစ်မှုထမ်းရန် စုဆောင်းခြင်းကို
မြန်မာနိုင်ငံ၏ တရားဥပဒေများအရ လုံးဝခွင့်မပြုပါ။

တပ်ထဲရှိ စစ်မှုထမ်းနေသော အရွယ်မရောက်သေးသူ ကလေးသူငယ်များကို တပ်မတော်မှ
ကုလသမဂ္ဂနှင့်မိတ်ဖက်အဖွဲ့အစည်းများနှင့် လက်တွဲ၍ ယခု စနစ်တကျ ထွက်ခွာခွင့်ပေးလျက်ရှိပါသည်။

အရွယ်မရောက်သေးသူ ကလေးသူငယ်များ တပ်မတော်အတွင်း စစ်မှုထမ်းရန်
စုဆောင်းခံရကြောင်း၊ တာဝန်ပေးခံရကြောင်း သိရှိပါက ကုလသမဂ္ဂနှင့် မိတ်ဖက်အဖွဲ့အစည်းများသို့
ဆက်သွယ်အကြောင်းကြားနိုင်ပါသည်။

ဖုန်းနံပါတ် ၀၉၄၂၀၁၆၆၇၀၁၊ ၀၉၄၂၀၁၆၆၇၀၂၊ စာတိုက်သေတ္တာအမှတ် ၆၇၉

Save the Children

World Vision


## မြောက်ဒဂုံမြို့နယ်မဂ္ဂဇင်း စာမူများဖိတ်ခေါ်

**ရန်ကုန် မေ ၁၁**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် မြို့နယ်စာရေးဆရာအသင်းမှ မြောက်ဒဂုံမြို့နယ်မဂ္ဂဇင်းကို မကြာမီ စီစဉ်ထုတ်ဝေမည်ဖြစ်၍ ပုံနှိပ်ဖော်ပြခြင်းမရှိသေးသော ကိုယ်တိုင်ရေးကဗျာ၊ ဆောင်းပါး၊ ကာတွန်း၊ ပုံပြင်၊ ဝတ္ထု၊ ဘာသာပြန် စာမူများကို ဖိတ်ခေါ်ထားသည်။

စာမူများကို ဇူလိုင် ၃၀ ရက်နောက်ဆုံးထား ပေးပို့ကြရန်နှင့် ဦးညွန့်လှိုင် အမှတ် (၆၃၀) လုပ်သားလမ်း (၃၅) ရပ်ကွက် ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် ဖုန်း ၀၉-၅၀၅၈၂၈၅ နှင့် ဦးအုန်းလှိုင် အမှတ်(၄၅) နတ်မောက်လမ်း ဒဂုံမြို့သစ်မြောက်ပိုင်း မြို့နယ် ဖုန်း- ၀၉-၄၃၀၉၄၃၉၈ တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# နယ်စပ်ရေးရာဝန်ကြီးဌာနက သောက်သုံးရေများ လှူဒါန်း

**နေပြည်တော် မေ ၁၁**

နယ်စပ်ရေးရာဝန်ကြီးဌာနက နေပြည်တော်ကောင်စီနယ်မြေအတွင်း နွေရာသီ ရေရှားပါးသည့် ကျေးရွာများသို့ ဂါလန် ၂၀၀၀ ဆံ့ ရေသယ်ယာဉ်ဖြင့် ရေလှူဒါန်းလျက်ရှိရာ မေ ၉ ရက်တွင် ဇေယျာသီရိမြို့နယ် ပုပ္ပားကုန်းကျေးရွာနှင့် ပုဗ္ဗသီရိမြို့နယ် ဖတ်တဲကုန်းကျေးရွာတို့သို့ ရေဂါလန် ၂၀၀၀ စီ၊ မေ ၁၁ ရက်တွင် ပျဉ်းမနားမြို့နယ် ဇီးရိုင်းကျေးရွာသို့ ရေဂါလန် ၂၀၀၀ နှင့် တောင်သာကျေးရွာသို့ ရေဂါလန် ၆၀၀၀ စုစုပေါင်း ရေဂါလန် ၁၂၀၀၀ ကို ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရသည်။



အလားတူ နယ်စပ်ရေးရာဝန်ကြီးဌာန အောက်ရှိ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ကလည်း ဂါလန် ၈၀၀ ဆံ့ ရေသယ်ယာဉ်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ငါ့တရော်ဘူတာရွာသို့ မေ ၁၀ ရက်တွင် ရေဂါလန် ၈၀၀၊ မေ ၁၁ ရက်တွင် ရွာသစ်ရွာသို့ ရေဂါလန် ၈၀၀ကို လည်းကောင်း၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်ကလည်း မေ ၉ ရက်တွင် စစ်ကိုင်းမြို့နယ် အုန်းတောမြောက်ရွာသို့ ရေဂါလန် ၈၀၀၊ မေ ၁၀ ရက်တွင် ထန်းတောရွာ ဘုန်းတော်ကြီးကျောင်းသို့ ရေဂါလန် ၁၆၀၀၊ မေ ၁၁ ရက်တွင် ထန်းတောရွာသို့ ရေဂါလန် ၃၂၀၀ကို လည်းကောင်း စုစုပေါင်း ရေဂါလန် ၇၂၀၀ ကို လှူဒါန်းဖြန့်ဝေပေးခဲ့သည်။ မိုးမကျမီကာလအထိ ရေရှားပါးသည့်ကျေးရွာများသို့ ဆက်လက်ရေလှူဒါန်းဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

၁၁-၅-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၉၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၃၇၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၉၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၆၇၅/၇၀၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၈၅/၇၀၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၄၀/၇၅၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၁၀/၇၂၅ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၂ . ၀ |
| ဥရောပ | တစ်ယူရို | ၁၄၈၀ . ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၆၂ . ၂၁ |
| ထိုင်းဘတ် | တစ်ဘတ် | ၃၉ . ၁၃ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ . ၁၀ |
| တရုတ် | တစ်ယွမ် | ၁၉၇ . ၃၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၃ . ၀၀ |


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| စာတည်းမှူး | - ဝင်းရွှေ |
| စာတည်းမှူး | - မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ခင်ရတနာ၊သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |



မြန်မာ့အလင်း

GMail mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# ပြည်သူနှင့်အတူ

✻ *ရှေ့ဖုံးမှ*

အစည်းအဝေးများနှင့် ပတ်သက်၍ အဓိကမှာကြားလိုသည်မှာ လုံခြုံရေးကို အထူးဂရုပြု ဆောင်ရွက်စေလိုကြောင်း၊ လွှတ်တော် ကိုယ်စားလှယ်အများစု တည်းခိုနေထိုင်သည့်နေရာနှင့် တည်းခိုနေရာများမှ လွှတ်တော်ဝင်းအတွင်းသို့ သယ်ယူပို့ဆောင်ရေးအတွက် ကိုယ်စားလှယ်များ စုပေါင်းအသုံးပြုနေသည့် မော်တော်ယာဉ်တန်းများ လုံခြုံရေးနှင့် စနစ်တကျရှိစေရေးအတွက်လည်း တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း၊ လွှတ်တော်အတွင်း ပြည်တွင်းပြည်ပ ဧည့်သည်တော်များ လာရောက်လေ့လာလျက်ရှိသည့်အတွက် သတင်းမီဒီယာများ သတင်းရယူမှုအဆင်ပြေစေရေး၊ ဝတ်စားဆင်ယင်မှုအပါအဝင် သွားလာဆောင်ရွက်မှုများ စနစ်တကျရှိစေရေး၊ လွှတ်တော်ဝင်းအတွင်း သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ထို့ပြင် လွှတ်တော်အစည်းအဝေးခန်းမများ၌ အသုံးပြုလျက်ရှိသည့် LED Board များနှင့် မိုက်ခရိုဖုန်းများအပါအဝင် လုံခြုံရေးနှင့် ရုပ်/သံပိုင်းဆိုင်ရာ စက်ကိရိယာပစ္စည်းများ ချွတ်ယွင်းမှုမရှိစေရန် ကြိုတင်စစ်ဆေးဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ကျန်းမာရေးကဏ္ဍနှင့်ပတ်သက်၍ တာဝန်ရှိဝန်ထမ်းများ၊ အထောက်အကူပြုစက်ပစ္စည်းနှင့် ဆေးဝါးများ လုံလောက်အောင် ဖြည့်ဆည်းဆောင်ရွက်ပေးစေလိုကြောင်း၊ ဧည့်ခံကျွေးမွေးရေးအပိုင်းတွင်လည်း သန့်ရှင်းလတ်ဆတ်ပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် အစားအသောက်များဖြစ်အောင် စစ်ဆေးဆောင်ရွက်ပေးစေလိုကြောင်း၊ လွှတ်တော်ဝင်းအတွင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များနေထိုင်သည့် တည်းခိုဆောင်များတွင် သောက်သုံးရေနှင့် လျှပ်စစ်မီးပုံမှန်ရရှိရေးနှင့် ပြတ်တောက်မှုဖြစ်ပါကလည်း အမြန်ဆုံးပြန်လည်ရရှိစေရေး အရန်စီစဉ်ထားရန်လိုအပ်ကြောင်း၊ ယခင်လွှတ်တော်ပုံမှန်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ခဲ့သကဲ့သို့ ယခုဒုတိယအကြိမ် လွှတ်တော်အသီးသီး၏ ပဉ္စမပုံမှန်အစည်းအဝေးများတွင်လည်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် လွှတ်တော်အစည်းအဝေးများကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယကနှင့် တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာလုပ်ငန်းကော်မတီအလိုက် စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြခြင်းနှင့် အထွေထွေဆွေးနွေးခြင်း ဆောင်ရွက်ကြသည်။

ယင်းနောက် လွှတ်တော်အစည်းအဝေးများ ကျင်းပရေးဗဟိုကော်မတီနာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က တင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်မှာကြားသည်။

အဆိုပါအစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီး၊ သက်ဆိုင်ရာလုပ်ငန်းကော်မတီအလိုက် ဌာန/အဖွဲ့အစည်းများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် လွှတ်တော်ရုံးအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

## ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ အတွင်းရေးမှူးအဖွဲ့အစည်းအဝေး ဆက်လက်ကျင်းပ



**နေပြည်တော် မေ ၁၁**

ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူးအဖွဲ့အစည်းအဝေးကို ယနေ့နံနက်ပိုင်းမှ ညနေပိုင်းအထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိရပ်ကွက်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၌ ဆက်လက်ကျင်းပသည်။ **(အပေါ်ပုံ)**

အဆိုပါအစည်းအဝေးသို့ ဦးခင်ဇော်ဦး၊ ဒေါက်တာ လျန်မှုန်းဆာခေါင်း၊ ဦးလှမောင်ရွှေ၊ ဒေါ်စောမြရာဇာလင်း၊ မင်းကျော်ဇေယျာဦး၊ ဦးဇော်ဌေး၊ ဦးစိုင်းလ၊ ဦးနိုင်ငံလင်း၊ ဗိုလ်ချုပ်စိုးနိုင်ဦး၊ ဦးမျိုးဝင်း၊ တာလုဖေ၊ ဦးအောင်စိုး၊ ခွန်မြင့်ထွန်းနှင့်ဦးမြင့်စိုးတို့ တက်ရောက်ဆွေးနွေးကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ ဒုတိယအကြိမ် အစည်းအဝေးကျင်းပရေးနှင့် ညီလာခံသို့တင်သွင်းမည့် အကြောင်းအရာများကို ဆွေးနွေးကြသည်။

ယနေ့အစည်းအဝေးနှင့် စပ်လျဉ်း၍ အတွင်းရေးမှူးအဖွဲ့ဝင် ဒေါက်တာလျန်မှုန်းဆာခေါင်းက “ဒီနေ့ပြုလုပ်တဲ့ UPDJC အတွင်းရေးမှူးများ အစည်းအဝေးကတော့ လာမယ့် မေ ၂၄ ရက်မှာ စတင်ကျင်းပမယ့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံ ဒုတိယ အစည်းအဝေးအတွက် ကျွန်တော်တို့ ပြင်ဆင်တာဖြစ်ပါတယ်။ ငါးရက်ကျင်းပမှာဖြစ်တဲ့အတွက် ဘာတွေတင်ပြမယ် ဆိုတာတွေကို ပြင်ဆင်ထားပါတယ်။ ဆွေးနွေးမယ့်ပုံစံကတော့ ပထမအကြိမ် (၂၁) ရာစုပင်လုံနဲ့တော့ တူမှာမဟုတ်ပါဘူး။ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေကို ခြောက်နေရာမှာကျင်းပတယ်။ အစုအဖွဲ့က တင်သွင်းတဲ့ စာတမ်းတွေကို ကဏ္ဍအလိုက် ဆွေးနွေးထားတာတွေ ရှိတယ်။ လုပ်ငန်းကော်မတီအသီးသီးက ကဏ္ဍအလိုက် ဆွေးနွေးထားတဲ့ စာတမ်းတွေကို စုစည်းပြီးတော့ ညီလာခံမှာ တင်သွင်းရမှာဖြစ်ပါတယ်”ဟု ပြောကြားသည်။

ဆက်လက်၍ ၎င်းက “ညီလာခံမှာတော့ ဆုံးဖြတ်ချက်တစ်စုံတစ်ရာ ချမှတ်မယ်လို့ သတ်မှတ်ထားပါတယ်။ ဖက်ဒရယ်ပြည်ထောင်စုထူထောင်တဲ့အခါ အခြေခံမူတွေကို သတ်မှတ်နိုင်ဖို့၊ ချမှတ်နိုင်ဖို့ ကျွန်တော်တို့ ကြိုးစားသွားမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ - (၂၁)ရာစုပင်လုံက ပြည်ထောင်စုကြီးကို အခိုင်မာဆုံး၊ အကောင်းဆုံး၊ အငြိမ်းချမ်းဆုံးဖြစ်အောင် ထူထောင်ဖို့အတွက် အင်မတန်မှ အရေးကြီးတဲ့ ညီလာခံကြီးဖြစ်တယ်။ ဒါကြောင့် ပြည်သူလူထုအနေနဲ့ ကျွန်တော်တို့နဲ့အတူ တစ်တပ်တစ်အား စိတ်ရောကိုယ်ပါ ပါဝင်ပေးဖို့ မေတ္တာရပ်ခံချင်ပါတယ်”ဟု ပြောသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီအစည်းအဝေးကို မေ ၁၂ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါအစည်းအဝေး၌ သုံးရက်ကြာကျင်းပခဲ့သည့် လုပ်ငန်းကော်မတီအသီးသီး၏ ဆောင်ရွက်ခဲ့မှုများကို အတည်ပြုချက် ရယူသွားမည်ဖြစ်ကြောင်း၊ ထို့ပြင် ငြိမ်းချမ်းရေးညီလာခံ အောင်မြင်အောင် ဆောင်ရွက်နိုင်ရန် ကဏ္ဍအသီးသီးမှ ဆောင်ရွက်သွားမည့်အပြင် သဘောတူညီချက်များရရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါက်တာလျန်မှုန်းဆာခေါင်းက ပြောကြားသည်။

**သတင်း - အောင်ရဲသွင်၊ အေးအေးသန့်(သတင်းစဉ်)**
**ဓာတ်ပုံ - အေးသန်း(သတင်းစဉ်)**



✻ *ရှေ့ဖုံးမှ*

စမ်းသပ်ကြည့်ရှုချက်များအရ သွေးလွန်တုပ်ကွေးသံသယရှိသူ ၁၈ ဦး တွေ့ရှိသဖြင့် သွေးစစ်ခဲ့ရာ သွေးလွန်တုပ်ကွေး ရောဂါပိုး ၁၄ ဦး တွေ့ရှိရသည်။

အဆိုပါ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသူ ၁၄ ဦးနှင့် တုပ်ကွေး(ရိုးရိုး)ရောဂါ ၄၈ ဦး၊ ဝမ်းပျက်ဝမ်းလျှောရောဂါ တစ်ဦး၊ အစာအိမ်ရောဂါသုံးဦး၊ ယားနာရောဂါ သုံးဦး၊ အာရုံကြောအားနည်းရောဂါ လေးဦး၊ သွေးတိုးရောဂါ နှစ်ဦး၊ ခါးနာရောဂါ ငါးဦးနှင့် အထွေထွေအားနည်းရောဂါ ၁၃ ဦး စုစုပေါင်း ၉၃ ဦးတို့ကို အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ နေအိမ်များတွင် ဖုံး၊ သွန်၊ လဲ၊ စစ် ပြုလုပ်ပေးခြင်း၊ ဆေးဖျန်းခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့သည် မေ ၉ ရက်နှင့် ၁၀ ရက်တို့တွင် ပေါက်တောမြို့နယ် ကြိုင်းရှိကျေးရွာ၊ ဖြေူကျေးရွာနှင့် ချောင်းနွယ်ကျေးရွာများရှိ ဒေသခံတိုင်းရင်းသားများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ဆေးဝါးကုသမှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိရာ သံဃာတော် ၁၀ ပါးနှင့် တုပ်ကွေးရောဂါ(ရိုးရိုး) ၆၀၊ သွေးတိုးရောဂါ ၅၉ ဦး၊ အစာအိမ်ရောဂါ ၁၆ ဦး၊ မျက်စိရောဂါတစ်ဦး၊ အထွေထွေအားနည်းရောဂါ ၈၄ ဦး၊ အရိုးအကြောရောဂါ ကိုးဦး၊ အထွေထွေရောဂါ ၁၆၇ ဦး စုစုပေါင်း ၄၀၆ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများအား စစ်တွေမြို့ အမှတ်(၁၇) တပ်မတော်ဆေးရုံ (ခုတင်- ၁၀၀) သို့ ဆေးရုံတက်ရောက်ကုသနိုင်ရေးစီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် ကျေးရွာတစ်ရွာ၌ ပြည်သူများအား နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုပေးနေစဉ်**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဗြိတိန်နိုင်ငံ ညှိသည့်အဖွဲ့နှင့် အိန္ဒိယသံအမတ်ကြီးတို့ လာရောက်တွေ့ဆုံ

**နေပြည်တော် မေ ၁၁**

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဗြိတိန်နိုင်ငံ Inter Mediate အဖွဲ့မှ Mr. Jonathan Powell ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ညှိခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E.Mr. Vikram Misri တို့ တွေ့ဆုံဆွေးနွေးစဉ် (သတင်းစဉ်)

ထိုသို့တွေ့ဆုံစဉ် Mr. Jonathan Powell နှင့် အဖွဲ့ဝင်များက Inter Mediate အဖွဲ့၏ မြောက်အိုင်ယာလန်၊ အာဖရိကတိုက်နှင့် ကိုလံဘီယာတို့တွင် တွေ့ကြုံခဲ့ရသည့် ပဋိပက္ခဖြေရှင်းရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းဆိုင်ရာ အတွေ့အကြုံများအား မျှဝေလုပ်ဆောင်နေမှု အခြေအနေများ၊ မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ရခိုင်ပြည်နယ် အရေးကိစ္စများတွင် ကူညီဆောင်ရွက်ရေးကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က NCA တွင် လက်မှတ်ရေးထိုးထားပြီး NCA လမ်းကြောင်းပေါ်တွင် ဆက်လက်လျှောက်လှမ်းလျက်ရှိသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် NCA လက်မှတ်ရေးထိုးရခြင်း မရှိသေးသည့် အဖွဲ့များအနေဖြင့် တစ်ဖွဲ့ချင်း၏ သဘောသဘာဝကွဲပြားခြားနားမှုများ၊ ယင်းသဘော သဘာဝများအပေါ် မူတည်၍ ငြိမ်းချမ်းရေးဆောင်ရွက်ရသည့် အခြေအနေများ၊ ယင်းအချက်များအပေါ် တစ်ဖက်နှင့်တစ်ဖက် အာမခံပေးမှုနှင့် အပြန်အလှန်ယုံကြည်မှုတို့ဖြင့် ဆွေးနွေးညှိနှိုင်းဖြေရှင်းရန်လိုအပ်သည့် အခြေအနေများကို ပြန်လည်ဆွေးနွေးသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E.Mr. Vikram Misri အား မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ညှိခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ကာကွယ်ရေးနှင့်လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ တပ်မတော်အကြီးအကဲများ၏ အပြန်အလှန် ချစ်ကြည်ရေးခရီးစဉ်များ၊ လေ့ကျင့်ရေး သင်တန်းဆိုင်ရာများ၊ နှစ်နိုင်ငံနယ်စပ်ဒေသ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ အိန္ဒိယနိုင်ငံ၏ စိုက်ပျိုးရေးနှင့်မွေးမြူရေးဆိုင်ရာ အတွေ့အကြုံများ ဖလှယ်ရယူရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အဂတိလိုက်စားမှုကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် လူ့အကျင့်စရိုက်များကို ထိခိုက်ပျက်စီး

**နေပြည်တော် မေ ၁၁**

အဂတိလိုက်စားမှု တိုက်ဖျက်ခြင်းသည် ကမ္ဘာ့နိုင်ငံအသီးသီး၏ ငြိမ်းချမ်းရေးကို အကာအကွယ်ပေးနိုင်မည့် မြင့်မြတ်သော ရည်ရွယ်ချက်တစ်ရပ်ဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်မှုများ၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများနှင့် ညီညွတ်မျှတသော လူ့အဖွဲ့အစည်းတစ်ရပ်ကို ဖွံ့ဖြိုးတိုးတက်စေနိုင်မည်ဖြစ်ကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ ဦးမြဝင်းက ပြောကြားသည်။ **(ယာပုံ)**

ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ The Hotel Royal ACE ၌ ကျင်းပသည့် အရှေ့တောင်အာရှ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့ (SEA-PAC)၏ (၁၃)ကြိမ်မြောက် ရုံးအဖွဲ့အစည်းအဝေးတွင် ကော်မရှင်ဥက္ကဋ္ဌ ဦးမြဝင်းက ထိုသို့ပြောကြားခြင်းဖြစ်သည်။

ထို့ပြင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌက အဂတိလိုက်စားမှုများကို ရာဇဝတ်မှုအဖြစ် သတ်မှတ်ရမည်ဖြစ်ပါကြောင်း၊ အဂတိလိုက်စားမှုကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် လူ့အကျင့်စရိုက်များကို ထိခိုက်ပျက်စီးစေပါကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးသည် လူတစ်ဦးချင်း၊ အဖွဲ့အစည်းတစ်ခုချင်းနှင့် နိုင်ငံတစ်နိုင်ငံချင်းအလိုက်သာမက ကမ္ဘာ့အသိုက်အဝန်းတစ်ခုလုံးနှင့် သက်ဆိုင်ပါကြောင်း။

အရှေ့တောင်အာရှ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့၏ အဓိကရည်မှန်းချက်နှစ်ရပ်ဖြစ်သည့် အဖွဲ့ဝင်နိုင်ငံများအကြား အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ခြင်းကို ခိုင်မာစေရန်နှင့် အဖွဲ့ဝင်နိုင်ငံများအကြား အဂတိလိုက်စားမှုတိုက်ဖျက်ရေး၊ တားဆီးကာကွယ်ရေးဆိုင်ရာ အဖွဲ့အစည်းများ ထူထောင်ခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းများကိုအခြေခံ၍ သတင်းအချက်အလက်များကို ဖလှယ်ခြင်း၊ ကျွမ်းကျင်ပညာရှင်များအား အရည်အသွေးမြှင့်တင်ရေးအတွက် လေ့ကျင့်သင်ကြားပေးခြင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့်ဆက်စပ်သော နယ်ပယ်ကဏ္ဍများအလိုက် ကျွမ်းကျင်ပညာရှင်နှင့် ဝန်ထမ်းများစေလွှတ်ပေးခြင်း၊ ညီလာခံများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် အစည်းအဝေးများတွင် ပါဝင်တက်ရောက်ခြင်းနှင့် လက်တွေ့ဆောင်ရွက်မှုများအတွက် လိုအပ်သောနည်းပညာအထောက်အပံ့များ ပေးခြင်းကို အဖွဲ့ဝင်နိုင်ငံများအချင်းချင်း တိုးမြှင့်ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် အရှေ့တောင်အာရှ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့သို့ ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁၄ ရက်တွင် စတင်ဝင်ရောက်ခဲ့ပါကြောင်း၊ နှစ်စဉ်ကျင်းပလျက်ရှိသော နှစ်ပတ်လည်အစည်းအဝေးများ၊ ရုံးအဖွဲ့အစည်းအဝေးများကို မပျက်မကွက်တက်ရောက်ခဲ့ပြီး အဖွဲ့ဝင်နိုင်ငံများနှင့်အတူ ဒေသတွင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို အတူတကွပူးပေါင်းလက်တွဲ ဆောင်ရွက်လျက်ရှိပါကြောင်း၊ အရှေ့တောင်အာရှ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့၏ (၁၂)ကြိမ်မြောက် အစည်းအဝေးမှ ဆွေးနွေးအတည်ပြုချက်များအရ SEA-PAC Action Plan (2017-2019) မူကြမ်းကို အဖွဲ့ဝင်နိုင်ငံများအလိုက် အတည်ပြုပြီးဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဘရူနိုင်းနိုင်ငံ၌ ကျင်းပခဲ့သည့် (၁၂)ကြိမ်မြောက် ရုံးအဖွဲ့အစည်းအဝေးမှ ဆွေးနွေးချက်များကို အတည်ပြုခြင်း၊ မြန်မာနိုင်ငံ၌ ကျင်းပခဲ့သည့် (၁၂)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးမှ ဆွေးနွေးချက်များအား ပြင်ဆင်ဖြည့်စွက်ခြင်းတို့ကို တက်ရောက်လာကြသော အဖွဲ့ဝင်နိုင်ငံများက ဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထဲရေးဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့မှ တာဝန်ရှိသူများက မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြသည်။

အရှေ့တောင်အာရှ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့ (SEA-PAC)၏ နှစ်ပတ်လည်အစည်းအဝေးများနှင့် ရုံးအဖွဲ့အစည်းအဝေးများကို နှစ်စဉ်အလှည့်ကျကျင်းပခဲ့ရာ ယခုနှစ်တွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းဖြစ်ပြီး အဆိုပါရုံးအဖွဲ့အစည်းအဝေးကို မေ ၁၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**





# အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများ ကျောက်စိမ်းစေတီ ညောင်ရေသွန်းပွဲဆင်နွှဲ

**မန္တလေး မေ ၁၁**

ဗုဒ္ဓဘာသာဝင်များ၏ နေ့ထူးနေ့မြတ်ဖြစ်သည့် ကဆုန်လပြည့်(ဗုဒ္ဓနေ့)၌ နိုင်ငံတစ်ဝန်းရှိ သမိုင်းဝင်တန်ခိုးကြီး ဘုရားစေတီများတွင် ကောင်းမှုကုသိုလ်ပြုကြသူများ၊ ကဆုန်ညောင်ရေသွန်းလောင်းကြသူများဖြင့် စည်ကားများပြားသည့်နည်းတူ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဆင်ရွာ-မြင်းမှူးကျေးရွာရှိ ဝေရောစနကျောက်စိမ်းစေတီတော်မြတ်ကြီး၏ ဒုတိယအကြိမ် ကဆုန်ညောင်ရေသွန်းပွဲတော်ကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါစေတီပရိဝုဏ်အတွင်း အရှေ့မြောက်ထောင့်ရှိ ဗောဓိညောင်ပင်၌ ကျင်းပရာ ဒေသခံပြည်သူများနှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများက စုပေါင်းကုသိုလ်ယူပါဝင်ဆင်နွှဲခဲ့ကြသည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇော်မြင့်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးထွန်းထွန်းဦးနှင့် ဒေါက်တာချစ်ကို၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဆွေ၊ သီရိသုမင္ဂလ မဏိဇောတရေ ဦးစိုးနိုင်၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ၊ ဘုရားဖူးလာပြည်သူများက တက်ရောက်ကုသိုလ်ယူကာ ကဆုန်ညောင်ရေသွန်းလောင်းကြသည်။ **(ဝဲပုံ)**

ဝေရောစနကျောက်စိမ်းစေတီတော်မြတ်ကြီး၏ ဒုတိယအကြိမ် ကဆုန်ညောင်ရေသွန်းပွဲတော်ကို အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူ သုံးသောင်းကျော် လာရောက်ဖူးမြော်ကုသိုလ်ယူခဲ့ကြကြောင်းနှင့် အောင်မြင်သူကုမ္ပဏီက စတုဒိသာ ကျွေးမွေးဒါနပြုခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ရဲရင့်**

# ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲဆိုင်ရာ ပြန်လည်သုံးသပ်ခြင်း အလုပ်ရုံဆွေးနွေး

**ရန်ကုန် မေ ၁၁**

၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲဆိုင်ရာ ပြန်လည်သုံးသပ်ခြင်း အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ရှိ Park Royal Hotel ၌ ကျင်းပပြီး ရှေ့ဆက်လက်ဆောင်ရွက်မည့် ရွေးကောက်ပွဲပြုပြင်ပြောင်းလဲရေးဆိုင်ရာ လုပ်ငန်းစဉ်များနှင့် ရွေးကောက်ပွဲ မူဘောင်ပြုပြင်ပြောင်းလဲရေးဆိုင်ရာ လုပ်ငန်းစဉ်များအား ဆွေးနွေးကြသည်။



အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ကော်မရှင်အနေဖြင့် ကြားဖြတ်ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရန် ရွေးကောက်ပွဲ၏ အဓိကအကျဆုံးဖြစ်သည့် မဲစာရင်းတိကျမှန်ကန်ရေးအား အလေးထားဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ၏မဲစာရင်းကို အခြေခံပြီး တစ်အိမ်တက်ဆင်း (Door to Door) စနစ်ဖြင့် ကောက်ယူဆောင်ရွက်ခဲ့ကြောင်း၊ မဲစာရင်းပြုစုစဉ်ကာလတွင် အခက်အခဲများရှိခဲ့သည်ကို ပူးပေါင်းဆောင်ရွက်ခဲ့ကြသည့် လူမှုအဖွဲ့အစည်းများ သိရှိကြမည်ဖြစ်ကြောင်း။

ကော်မရှင်အနေဖြင့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များကို ဆောင်ရွက်ကြမည့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်နှင့် နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲတွင် ပါဝင်ပတ်သက်သူများအားလုံး ကြိုတင်ပြင်ဆင်ချိန်ရရှိစေရန် ရွေးကောက်ပွဲကျင်းပမည့်ရက်ကို ယခင်ထက်စော၍ ရက်ပေါင်း ၁၈၀ ခန့် ကြိုတင်ကြေညာပေးခဲ့ပြီး ရွေးကောက်ပွဲလုပ်ငန်းစဉ်အဆင့်ဆင့် အချိန်ဇယားကိုလည်း ကြိုတင်ထုတ်ပြန် ပေးခဲ့ကြောင်း။

ကြိုတင်မဲပေးခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံပြင်ပရောက် မဲဆန္ဒရှင်များ အခက်အခဲမရှိ မဲပေးနိုင်ရေးနှင့် ကြိုတင်မဲပေးခြင်း လုပ်ငန်းစဉ်များကို တာဝန်ယူဆောင်ရွက်ကြမည့် သက်ဆိုင်ရာသံရုံးများ၊ ကောင်စစ်ဝန်ရုံးများအနေဖြင့် လွယ်ကူအဆင်ပြေစွာ ဆောင်ရွက်နိုင်စေရန် လုပ်ငန်းလမ်းညွှန်ထုတ်ပြန်ပေးခဲ့သည့်အပြင် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့်လည်း ကြိုတင်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း၊ ပြည်တွင်း ကြိုတင်ဆန္ဒမဲကိုလည်း ပွင့်လင်းမြင်သာမှုရှိစေရန် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များအား လေ့လာခွင့်ပြုခဲ့ကြောင်း၊ ပြည်တွင်း ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများအနေဖြင့် အသိအမှတ်ပြုလွှာများ လျှောက်ထားရာတွင် အဆင်ပြေစေရန် လုပ်ငန်းစဉ်များကိုလည်း ပြင်ဆင်ဆောင်ရွက်ပေးခဲ့ကြောင်း ပြောကြားသည်။

ထို့ပြင် ကော်မရှင်ဥက္ကဋ္ဌက ရွေးကောက်ပွဲကာလအတွင်း ပဋိပက္ခများမဖြစ်စေရန် ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ကြောင်း၊ ကော်မရှင်အနေဖြင့် မဲဆန္ဒရှင် အသိပညာပေးကို အတတ်နိုင်ဆုံးဆောင်ရွက်ခဲ့ပြီး အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းကို အားလုံးအသိပင်ဖြစ်ကြောင်း။

ရွေးကောက်ပွဲများကျင်းပရာတွင် ရွေးကောက်ပွဲတစ်ခုထက်တစ်ခု ပိုမိုကောင်းမွန်စေရန် ပြီးခဲ့သည့် ရွေးကောက်ပွဲများမှ အားနည်းချက် အားသာချက်များကို ပြန်လည်သုံးသပ်ဆွေးနွေး၍ ပြင်ဆင်ရန်ရှိသည့် အားနည်းချက်များကို ပြင်ဆင်ပြီး အားသာချက်များကိုလည်း ပိုမိုကောင်းမွန်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် လူမှုအဖွဲ့အစည်းများအနေဖြင့် ပြီးခဲ့သည့် ကြားဖြတ်ရွေးကောက်ပွဲ လုပ်ငန်းစဉ်ဆောင်ရွက်ချက်များ၏ အားသာချက် အားနည်းချက်များကို သုံးသပ်ဆွေးနွေးပြီး နောင်ရွေးကောက်ပွဲများ ပိုမိုကောင်းမွန်အောင်ကျင်းပနိုင်ရန် အကြံပြုဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ရွေးကောက်ပွဲပြီးကာလ ပြန်လည်သုံးသပ်ခြင်းပြုလုပ်ရသည့် ရည်ရွယ်ချက်နှင့် ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲဆိုင်ရာ ဆွေးနွေးချက်များအား အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ပြန်လည်တင်ပြဆွေးနွေးပြီး ကော်မရှင်အတွင်းရေးမှူး ဦးတင်ထွန်းက ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲဆိုင်ရာ အတွေ့အကြုံများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား ရှင်းလင်းဆွေးနွေးရာ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ သိရှိလိုသည်များ မေးမြန်းကြသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အတွင်းရေးမှူး ဦးတင်ထွန်း၊ Peace & Justice Myanmar မှ တာဝန်ရှိသူများ၊ နိုင်ငံတကာအဖွဲ့အစည်း ၁၃ ဖွဲ့နှင့် အရပ်ဘက်လူမှုအဖွဲ့အစည်း ၃၃ ဖွဲ့တို့မှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# အုတ်စက်ရုံ (တည်ဉင်းကုန်း)နှင့် ဖော့ကန်ဆိပ်ကမ်းမြေတို့အား ငှားရမ်းကာလတိုးမြှင့်ခြင်း သဘောတူစာချုပ် လက်မှတ်ရေးထိုး

**နေပြည်တော် မေ ၁၁**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် မေ ၁၁ ရက်တွင် စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် စက်မှုဝန်ကြီးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း၊ အုတ်စက်ရုံ (တည်ဉင်းကုန်း)နှင့် ဖော့ကန်ဆိပ်ကမ်းမြေနေရာတို့အား Mother Industrial Co., Ltd. သို့ ငှားရမ်းသည့်ကာလတိုးမြှင့်ခြင်း သဘောတူစာချုပ်လက်မှတ်ရေးထိုးသည့် အခမ်းအနားသို့ တက်ရောက်သည်။



အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ကြိုဆိုနှုတ်ခွန်းဆက် အမှာစကားပြောကြားသည်။

ထို့နောက် အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါ်ခင်မာရီနှင့် Mother Industrial Co., Ltd.၊ Managing Director ဦးအောင်မြတ်တို့က အုတ်စက်ရုံ(တည်ဉင်းကုန်း)နှင့် ဖော့ကန်ဆိပ်ကမ်းမြေနေရာတို့အား ငှားရမ်းသည့် ကာလတိုးမြှင့်ခြင်း သဘောတူစာချုပ်အား အသီးသီးလက်မှတ်ရေးထိုး၍ စာချုပ်များအား အပြန်အလှန်လဲလှယ်ကြပြီး Mother Industrial Co., Ltd. မှ Managing Director ဦးအောင်မြတ်က လုပ်ငန်းလည်ပတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

စက်ရုံငှားရမ်းကုမ္ပဏီအနေဖြင့် မူလစက်ရုံမှ ထုတ်လုပ်သည့် ရိုးရိုးမြေအုတ်အစား နည်းပညာမြင့်မားသည့် အပေါ့စားကွန်ကရစ်အုတ်နှင့် ဖိအားမြှင့်ခံကွန်ကရစ်အုတ် စက်ရုံတစ်ရုံကို အုတ်စက်ရုံခွဲ(တည်ဉင်းကုန်း)တွင်လည်းကောင်း၊ ဖော့ကန်ဆိပ်ကမ်းမြေတွင် စက်ရုံနှစ်ရုံအသစ်တည်ဆောက်၍ အဆင့်မြင့်အုတ်များ ထုတ်လုပ်လျက်ရှိသည်။ နိုင်ငံတော်ရဲ့ ဖွံ့ဖြိုးတိုးတက်လာသည့် အခြေအနေအရ အုတ်လိုအပ်ချက် ပိုမိုမြင့်မားလာပြီး ဆောက်လုပ်ရေးလုပ်ငန်းများလည်း တိုးပွားလာသည့်အတွက် အုတ်ထုတ်လုပ်သည့် စက်ရုံများ၏ ဈေးကွက်သည်လည်း ကျယ်ပြန့်စွာတည်ရှိလျက်ရှိသည်။ နိုင်ငံပိုင်စက်ရုံများအား ပုဂ္ဂလိကစီးပွားရေး လုပ်ငန်းရှင်များ ဝင်ရောက်ရင်းနှီးမြှုပ်နှံ ပူးပေါင်းခြင်းကြောင့် နိုင်ငံတော်၏ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေခြင်း၊ နည်းပညာ သစ်များ လက်ခံရရှိခြင်း၊ ဝန်ထမ်းများ အရည်အသွေးမြင့်မားလာစေခြင်း၊ ဈေးကွက်ယှဉ်ပြိုင်မှု အားကောင်းလာစေခြင်းစသည့် အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်အတွင်း လွယ်ပြား-နမ့်ပါ-ထာမော့လမ်းဖွင့်

**တောင်ကြီး မေ ၁၁**

နယ်စပ်ရေးရာဝန်ကြီးဌာန ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည့် ရှမ်းပြည်နယ် တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် လွယ်ပြား-နမ့်ပါ-ထာမော့မြေလမ်း(၃/၀)မိုင် ဖွင့်ပွဲအခမ်းအနားကို မေ ၁၁ ရက် နံနက်ပိုင်းတွင် အဆိုပါလမ်း၌ ကျင်းပသည်။



အခမ်းအနားတွင် ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်က လမ်းပိုင်းဆိုင်ရာအချက်အလက်များ ရှင်းလင်းတင်ပြပြီး ကျေးရွာပြည်သူလူထု ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးအောင်ဖုန်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းဇော်မိုးနှင့် တာဝန်ရှိသူများသည် ပင်လောင်းမြို့နယ် လွယ်ပြား-နမ့်ပါ-ထာမော့(၃/၀)မိုင် မြေလမ်းဖောက်လုပ်ခြင်း လုပ်ငန်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ဆောင်ရွက်ပြီးစီးခဲ့သည့် လမ်းအား လိုက်လံကြည့်ရှုစစ်ဆေးသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန အနေဖြင့် နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်စပ်ဒေသနေ တိုင်းရင်းသားလူငယ်များ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ နယ်စပ်ရေးရာဝန်ကြီးဌာနက ရှမ်းပြည်နယ် တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုရန်ပုံငွေ၊ ပြည်နယ်အစိုးရ ရန်ပုံငွေ စုစုပေါင်း ခွင့်ပြုငွေကျပ် ၅၂၇၉ ဒသမ ၆၂၈ သန်းဖြင့် လမ်း၊ တံတား၊ ရေရရှိရေး၊ လျှပ်စစ်မီးရရှိရေး၊ သာသနာရေး စသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေး လျက်ရှိရာ ယနေ့ဖွင့်လှစ်ခဲ့သည့် ပင်လောင်းမြို့နယ် လွယ်ပြား-နမ့်ပါ-ထာမော့ မြေသားလမ်း (၃/၀)မိုင် ဖောက်လုပ်ခြင်းလုပ်ငန်းအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စု ရန်ပုံငွေကျပ် ၆၂ ဒသမ ၁၁၈ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင်လည်း ၎င်းလမ်းပိုင်းကို ကျောက်ချောလမ်း အဆင့်မြှင့်တင်ပေးရန်နှင့် လိုအပ်သော Box Culvert များ တည်ဆောက်ပေးရန် ရန်ပုံငွေလျာထားပြီး ဖြစ်သည်။

ယခုဖွင့်လှစ်ခဲ့သည့် မြေသားလမ်းပြီးမြောက်ခဲ့သည့်အတွက် ပင်လောင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုနှစ်အုပ်စု၊ ကျေးရွာ ၃၅ ရွာ၊ အိမ်ထောင်စု ၃၀၄၀ နှင့် လူဦးရေ ၁၂၁၆၀ တို့၏ လမ်းပန်းဆက်သွယ်ရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများအတွက် ရာသီမရွေး သွားလာနိုင်တော့မည်ဖြစ်ပါသဖြင့် ဒေသခံပြည်သူများမှအထူး ဝမ်းမြောက်ပျော်ရွှင်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြည်တွင်းမှာရှိတဲ့ တိုင်းရင်းသားအားလုံးက ငြိမ်းချမ်းသာယာဖို့အတွက် အမြင်ကျယ်ပြန့်တဲ့ လူငယ်ထုက ဝိုင်းဝန်းအကောင်အထည်ဖော်ကြဖို့ အထူးလိုအပ်ပါတယ်။

ဦးသောင်းထိုက်

ရန်ကုန် မေ ၁၁

**မြန်မာနိုင်ငံအတွင်း ဘာသာပေါင်းစုံမှ ဘာသာဝင်အချင်းချင်း တစ်ဦး၏ဘာသာတရား ယုံကြည်ချက်နှင့် ခံယူချက်များကို အပြန်အလှန်လေးစားလျက် အတူတကွ အေးချမ်းစွာနေထိုင်သွားရန်၊ ဘာသာရေးပဋိပက္ခများ၊ သဘာဝဘေးအန္တရာယ်များ ကြုံတင်ကာကွယ်ရေး၊ ဘာသာရေးနှင့် လူမျိုးရေးပဋိပက္ခများကြောင့် ဒုက္ခရောက်နေသူများကို ကူညီစောင့်ရှောက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ကြရန်၊ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် အမျိုးသားကြန်အင်လက္ခဏာကို မပျောက်ပျက်အောင် ထိန်းသိမ်းရင်း ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်စွာ ပူးပေါင်း ဆောင်ရွက်ကြရန်နှင့် ဘာသာရေးနှင့် ဆက်နွယ်သော အခြားနစ်နာမှုများရှိလာပါက ဥပဒေနှင့်အညီဖြစ်စေရေးအတွက် သက်ဆိုင်သည့် ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရန်စသည့် ရည်ရွယ်ချက်များဖြင့် ဘာသာပေါင်းစုံချစ်ကြည် ညီညွတ်ရေးအဖွဲ့ကို ဘာသာအသီးသီးမှ ကိုယ်စားလှယ်များ ပါဝင်လျက်ဖွဲ့စည်းခဲ့သည်။**


ဦးသောင်းထိုက်


ဒေါက်တာလှထွန်း


ဒေါက်တာသာညဏ်


ဦးညွန့်မောင်ရှိန်

ပစ္စက္ခအခြေအနေတွင် အင်တာနက်လူမှုကွန်ရက်စာမျက်နှာများတွင် အမုန်းတရား၊ အမုန်းစကားရေးသားနေသည့် စာများသည် နိုင်ငံတည်ငြိမ်အေးချမ်းမှုကို နှောင့်ယှက်ဟန့်တားလျက်ရှိနေသည်။

အဆိုပါအခြေအနေများကို ပြည်သူများအနေဖြင့် သတိရှိရှိ ရင်ဆိုင်ကျော်လွှားနိုင်ရန်နှင့် ဘာသာပေါင်းစုံချစ်ကြည် ညီညွတ်ရေးအဖွဲ့မှ ဘာသာရေးခေါင်းဆောင်များနှင့် တွေ့ဆုံမေးမြန်းထားသည်များကို တင်ပြလိုက်ရပါသည်။

**ဦးသောင်းထိုက် (ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ဝင်)**

မြန်မာနိုင်ငံအတွင်းမှာ မတူကွဲပြားတဲ့ ဘာသာဝင်အချင်းချင်း ဘာသာတရားယုံကြည်ချက် ခံယူချက်တွေကို တစ်ဦးနဲ့တစ်ဦး အပြန်အလှန်လေးစားပြီး အတူတကွ အေးချမ်းစွာနေထိုင်သွားကြဖို့ဆိုတဲ့ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ရဲ့ ရည်ရွယ်ချက်ရှိပါတယ်။ အကြမ်းဖက်လုပ်ရပ်တွေ၊ ဥပဒေမဲ့လုပ်ရပ်တွေအပေါ် သဘောမတူပါဘူး။ ပြည်တွင်းမှာရှိတဲ့ တိုင်းရင်းသားအားလုံးက ငြိမ်းချမ်းသာယာဖို့အတွက် အမြင်ကျယ်ပြန့်တဲ့ လူငယ်ထုကဝိုင်းဝန်းအကောင်အထည်ဖော်ကြဖို့ အထူးလိုအပ်ပါတယ်။ အမုန်းစကား၊ အမုန်းတရားတွေကို အင်တာနက်လူမှုကွန်ရက်တွေမှာ မဟုတ်မမှန် လုပ်ကြံဖန်တီးနေရာကနေ ဒေါသတွေပေါက်ကွဲ ပဋိပက္ခတွေဖြစ်ပေါ်တယ်ဆိုတာ နေရာအနှံ့မှာဖြစ်ပေါ်နေတယ်။ ပဋိပက္ခဒဏ်ကိုခံစားရတာက လူအဖွဲ့အစည်းအတွင်းမှာရှိတဲ့ သူအားလုံးခံစားရတယ်။ အမုန်းစကား၊ အမုန်းတရားတွေကို တစ်ဖက်နဲ့တစ်ဖက် အပြန်အလှန်ပြောဆိုနေတာအားလုံးကို လျှော့ပါးရေးက ပထမပါ။ လုံးဝမပြောဆိုရေးအတွက် လူငယ်တွေကဝိုင်းဝန်းပြီး ဆောင်ရွက်ဖို့လိုပါတယ်။

**ဒေါက်တာလှထွန်း (ဟိန္ဒူဘာသာရေးအဖွဲ့အကျိုးဆောင်)**

နှစ်ဦးနှစ်ဖက် ထိတွေ့ပြီဆိုရင် ဘယ်လိုပဲပြောပြော တိုင်းပြည်ဂုဏ်သိက္ခာရော၊ ဘာသာရဲ့ဂုဏ်သိက္ခာရော၊ လူမျိုးရဲ့ဂုဏ်သိက္ခာရော ထိခိုက်တယ်။ တိုင်းပြည်ရဲ့ငြိမ်းချမ်းမှုကို ပျက်ပြယ်စေတဲ့ အနှောင့်အယှက်ပေးတဲ့ မဟုတ်မမှန်တဲ့သတင်းကို မဖြန့်သင့်ဘူး၊ မတင်သင့်ဘူး။ ကိုယ်တစ်ယောက်လုပ်တာနဲ့ ဂယက်ရိုက်တာက အများကြီးပဲ။ တစ်ယောက်လုပ်တာနဲ့ တိုင်းပြည်နစ်နာစေတဲ့ အဆင့်ကိုရောက်စေတယ်။ သက်ဆိုင်ရာကလည်း ပြဿနာဖြစ်ပွားလာရင် တရားဝင်သတင်းတွေ ထုတ်ပြန်ဖို့လိုလိမ့်မယ်။ ဒါမှလည်း ပြည်သူလူထုအကြား ယုံကြည်မှုရလာမယ်။ တစ်ဖက်မှာလည်း ဘာမှမလုပ်ဘူး။ မတုံ့ပြန်ဘူးဆိုရင် နောက်တစ်ဖက်က သူဖြစ်ချင်တာ သူလုပ်ချင်တာတွေလုပ်သွားတယ်လို့မြင်တယ်။ မဟုတ်မမှန် သတင်းဖြန့်တဲ့သူတွေကို ဥပဒေအရ အရေးယူဖို့လိုတယ်။ ပြည်သူလူထုယုံကြည်မှုရှိအောင် အဖြစ်မှန်ကို သက်ဆိုင်ရာက သတင်းမှန်တွေထုတ်ပြန်သင့်တယ်။

**ဒေါက်တာသာညဏ်**

**(အထွေထွေအတွင်းရေးမှူး၊ ဘာသာပေါင်းစုံချစ်ကြည် ညီညွတ်ရေးအဖွဲ့)**

ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်စေချင်တယ်။ ရှေးယခင်ကတည်းကလည်း ချစ်ကြည်ညီညွတ်ခဲ့ပါတယ်။ အခုဖြစ်နေတဲ့ကိစ္စတွေအတွက် စိတ်မကောင်းပါဘူး။ ဘာကြောင့်ဖြစ်နေလဲဆိုတဲ့ ပြဿနာရဲ့အတိမ်အနက်ကို သေသေချာချာ တိတိကျကျ သိဖို့လိုပြီ၊ သိမှဖြေရှင်းလို့ရမှာ၊ လက်ရုံးနဲ့ဖြေရှင်းလို့မရပါဘူး။ လက်နက်နဲ့ဖြေရှင်းလို့ မရပါဘူး။ ဆွေးနွေးမယ်၊ ညှိနှိုင်းမယ်၊ ပြောဆိုမယ်။ မြန်မာနိုင်ငံမှာ တရားဥပဒေရှိပါတယ်။ တွေ့ဆုံဆွေးနွေးလို့ မအောင်မြင်ရင် ဥပဒေကိုလိုက်နာကျင့်သုံးပြီး ဥပဒေကို နာခံဖို့ရှိပါတယ်။ တရားဥပဒေအပြင်ဘက်ကိုတော့ မထွက်စေချင်ပါဘူး။ အားလုံးက လူတွေပါ၊ အသားညိုတာ၊ ဖြူတာ၊ ဝါတာ၊ မည်းတာမကွဲပါဘူး။ ခရစ်ယာန်ဖြစ်တာ၊ ဟိန္ဒူဖြစ်တာ၊ ဗုဒ္ဓဘာသာဖြစ်တာ၊ အစ္စလာမ်ဖြစ်တာနဲ့ မကွဲပါဘူး။ ဒီဘာသာတွေကလည်း မေတ္တာတရားကို အခြေခံတဲ့ဘာသာတွေဖြစ်ပါတယ်။ အားလုံးမေတ္တာထားကြပါ၊ ကိုယ်ချင်းစာစိတ်လေးထားစေချင်ပါတယ်။

**ဦးညွန့်မောင်ရှိန် (ဥက္ကဋ္ဌ၊ အစ္စလာမ်သာသနာရေးရာကောင်စီ)**

မကြာသေးမီက ဖြစ်ပွားခဲ့တဲ့ကိစ္စတွေနဲ့ပတ်သက်ပြီး ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးကို အလေးထားပြီး ပြောရမယ်ဆိုရင် လက်ရှိအခြေအနေက တရားဥပဒေစိုးမိုးမှုအားနည်းနေတယ်။ အရေးယူမှုပိုင်းမှာလည်း အားနည်းနေတယ်။ ဒါက မကောင်းဘူး၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအတွက်လည်း မကောင်းဘူး။ တိုင်းပြည်ငြိမ်းချမ်းသာယာရေးအတွက်လည်း မကောင်းဘူး။ ဒီကိစ္စတွေဟာ မလိုလားအပ်တဲ့ ပြဿနာတွေပါ။ ဆိုရှယ်မီဒီယာတွေ၊ လူမှုကွန်ရက် ဖေ့စ်ဘုတ်တွေ ပေါ်မှာလည်း အမုန်းတရားပွားနေတာတွေ ရပ်ဆိုင်းသွားဖို့ ဥပဒေမူကြမ်းတစ်ခု တင်ထားပါတယ်။ ဒီနေ့အထိဥပဒေမူကြမ်းက ဆက်လက်ရွှေ့လျားနေတယ်။ တတိယမူကြမ်းထွက်လာမယ့်အဆင့်အထိ ရောက်နေပါပြီ။ ဘာသာပေါင်းစုံ ချစ်ကြည်ရေးကိုထိခိုက်ပြီး မြန်မာနိုင်ငံမှာရှိတဲ့ လူ့အဖွဲ့အစည်းအသီးသီးရဲ့မျက်နှာကို တန်ဖိုးမထားဘဲ အမုန်းတရားတွေပွားဖို့ လုပ်နေတာတွေရှိနေပါတယ်။ အမုန်းစကား၊ အမုန်းတရားတွေ ပွားနေတာက မြန်မာနိုင်ငံရဲ့ လက်ရှိပစ္စက္ခအခြေအနေ ဆောင်ရွက်နေတာကို ပိုပြီးရှုပ်ထွေးစေပါတယ်။

**တွေ့ဆုံမေးမြန်း - မင်းသစ်(MNA)၊ ဓာတ်ပုံ - ဇော်မင်းလတ်**

## ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာဘာသာရပ် သင်တန်းအမှတ်စဉ် ၃၈/ ၂၀၁၇ ဖွင့်ပွဲကျင်းပ

**နေပြည်တော် မေ ၁၁**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မန္တလေးတိုင်းဒေသကြီး ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း မန္တလေးဇုန်နှင့် ဒိုင်းမွန်းပဲလေ့(စ်)ကုမ္ပဏီတို့ ပူးပေါင်းဖွင့်လှစ်သည့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းအမှတ်စဉ်(၃၈/ ၂၀၁၇) ဖွင့်ပွဲအခမ်းအနားကို မေ ၉ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ဈေးချိုဟိုတယ် မင်္ဂလာခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန (မန္တလေးရုံးခွဲတာဝန်ခံ) ညွှန်ကြားရေးမှူး ဦးခင်မောင်ရွှေ၊ မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း (မန္တလေးဇုန်)ဥက္ကဋ္ဌ ဦးမင်းနိုင်နှင့် သင်တန်းနည်းပြချုပ် ဒေါ်အေးအေးသန်းတို့က သင်တန်းဖွင့်အမှာစကားပြောကြားသည်။ အဆိုပါသင်တန်းများမှာ ဧည့်ကြိုသင်တန်း၊ အိပ်ခန်းဆောင်ထိန်းသိမ်းရေးသင်တန်း၊ အစားအစာနှင့် အဖျော်ယမကာ ဧည့်ခံကျွေးမွေးရေးသင်တန်း၊ အစားအစာထုတ်လုပ်ရေးသင်တန်းနှင့် ဟိုတယ်ကြီးကြပ်ရေးမှူး (အဆင့်-၂) သင်တန်းတို့ဖြစ်ပြီး သင်တန်းသား သင်တန်းသူ စုစုပေါင်း ၃၀ တို့အား စာတွေ့၊ လက်တွေ့သင်ခန်းစာများကို လုပ်ငန်းခွင့်မပျက် (One Job Training) သင်ကြားပို့ချပေးမည်ဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၀ ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ ဒိုင်းမွန်းပဲလေ့(စ်) ကုမ္ပဏီ သင်တန်းကျောင်းမှ ဟိုတယ်ဝန်ဆောင်မှု သင်တန်း အမှတ်စဉ်(၁)မှ (၃၇)အထိ ဖွင့်လှစ်သင်ကြားခဲ့ပြီး သင်တန်းသားသင်တန်းသူ ၂၀၇၀ ကို အောင်မြင်စွာ မွေးထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

❖ *ကျောဖုံးမှ*

ဦးတင်မြင့်အောင်တို့က အမှာစကားပြောကြားပြီး မန်ယူအသင်း နောက်ခံလူဟောင်း ရွှန်နီဂျွန်ဆင်က လေ့ကျင့်ပေးမည့်အစီအစဉ်များအား ရှင်းလင်းပြောကြားသည်။

ဂျွန်ဆင်က “မြန်မာနိုင်ငံကို ပထမဆုံးရောက်လာပေမယ့် စိတ်လှုပ်ရှားစရာကောင်းတဲ့ နိုင်ငံဖြစ်ပြီး ဒီနိုင်ငံကို ရောက်လာတဲ့အတွက် ဂုဏ်ယူမိပါတယ်။ ဒီနိုင်ငံကို လာမယ်ဆိုကတည်းက မြန်မာနိုင်ငံနဲ့ ပတ်သက်တာတွေကို လေ့လာခဲ့ပါတယ်။ မြန်မာလူငယ်ကစားသမားတွေကို သင်ကြားပေးရမယ့်ရက်က တိုတောင်းသော်လည်း ရတဲ့အချိန်မှာ အကောင်းဆုံး သင်ကြားပေးသွားမှာပါ။

ကျွန်တော့်ရဲ့ကစားသမားဘဝမှာရရှိခဲ့တဲ့ အတွေ့အကြုံကောင်းတွေနဲ့ အစွမ်းကုန်သင်ကြားပေးသွားမှာပါ။ ကျွန်တော့်ရဲ့ ကစားသမားဘဝမှာ မန်ယူလို ကမ္ဘာ့ထိပ်တန်းကလပ်အသင်းမှာ ကစားခွင့်ရတာက မယုံကြည်နိုင်လောက်အောင်ဖြစ်ခဲ့ရပြီး အမှတ်တရတွေကတော့ အများကြီးပါပဲ။ ဒီအထဲက ၁၉၉၉ ရာသီကတော့ မမေ့နိုင်စရာ ရာသီတစ်ခုဖြစ်ပြီး ချန်ပီယံလိဂ်ဖလားအပါအဝင် ဖလားသုံးလုံးရခဲ့ပါတယ်။ ဘိုင်ယန်မြူးနစ်အသင်းနဲ့ ကစားခဲ့ရတဲ့ ချန်ပီယံလိဂ်ဗိုလ်လုပွဲကတော့ မမေ့နိုင်စရာပွဲတစ်ပွဲပါပဲ။ လက်ရှိမန်ယူအသင်းကလည်း နည်းပြမော်ရင်ဟို လက်ထက်မှာ အများကြီးတိုးတက်လာမှာပါ”ဟု ပြောကြားခဲ့သည်။ ရွှန်နီဂျွန်ဆင် ဦးဆောင်သည့်နည်းပြအဖွဲ့သည် Manda Fermentation ၏ အစီအစဉ်ဖြင့် မြန်မာနိုင်ငံသို့ လာရောက်ခြင်းဖြစ်ပြီး ရန်ကုန်နှင့် ပုသိမ်မြို့တို့၌ မြန်မာလူငယ်ကစားသမားများအား သုံးကြိမ်စီသင်ကြားပေးသွားမည်ဖြစ်သည်။

❋*ကျောဖုံးမှ*

နိုင်ငံခြားသား ကစားသမားများအပါအဝင် နှစ်သင်းစလုံး အမာခံကစားသမားအများစုဖြင့် ပွဲထွက်ခဲ့သော်လည်း ရခိုင်အသင်းက ဂိုးများစောစီးစွာ ရခဲ့သောကြောင့် ပွဲအေးတစ်ပွဲ ဖြစ်ခဲ့သည်။ ပွဲအစနှစ်မိနစ်တွင် သက်ရှိုင်းနောင်က ရခိုင်အတွက် ဂိုးစတင်သွင်းယူခဲ့ပြီး နောက်ပိုင်းတွင် ထိန်းချုပ်ကစားခဲ့သည်။ ပထမပိုင်းပြီးခါနီးတွင် ရခိုင်အသင်း ဒုတိယဂိုးရခဲ့ပြီး တိုက်စစ်မှူး ဆန်းဒေး စမက်သယူးက သွင်းယူခဲ့ခြင်းဖြစ်သည်။

ဒုတိယပိုင်းတွင် ချင်းယူနိုက်တက်အသင်း ချေပဂိုးရရန် ကြိုးပမ်းလာသော်လည်း ရခိုင်အသင်း နောက်တန်းကို မကျော်နိုင်ခဲ့ပေ။ ရခိုင်အတွက် အနိုင်သေချာစေမည့် တတိယဂိုးကို ၇၂ မိနစ်တွင် အသင်းခေါင်းဆောင် ဒွေးကိုကိုချစ်က သွင်းယူပေးခဲ့သည်။ ရခိုင်အသင်းသည် ယခုရာသီတွင် ရလဒ်ကောင်းများ ရရှိနေပြီး ရှုံး/ထွက်ပြိုင်ပွဲတွင် ကွာတားဖိုင်နယ်တက်ရောက်နိုင်ခဲ့သည်။

အောင်ဆန်းကွင်း၌ ကျင်းပသောပွဲတွင် ရောဝတီအသင်းက ဖီးနစ်(က)အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရောဝတီအသင်းသည် ပထမတန်း ပြိုင်ပွဲယှဉ်ပြိုင်နေသည့် မြန်မာ ယူ-၁၈ အသင်း(ခ)ဖီးနစ်အသင်းကို ခြေအသာဖြင့် ကစားကာ ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။

ရှုံး/ထွက်ပြိုင်ပွဲတွင် ချန်ပီယံဆု သုံးကြိမ်ရဖူးသည့် ရောဝတီအသင်းအတွက် ဂိုးများကို ၁၆ မိနစ်တွင် သီဟဇော်၊ ၄၁ မိနစ်တွင် နိုင်လင်းဦး၊ ၄၄ မိနစ်တွင် ဆီဘန်စတန်၊ ၇၅ မိနစ်တွင် မာတူနာတို့ကသွင်းယူခဲ့ပြီး ဖီးနစ်အတွက် ချေပဂိုးများကို ထက်ဖြိုးဝေက ၅၁၊ ၈၃ မိနစ်တွင် သွင်းယူခဲ့သည်။ ဒုတိယအဆင့်လက်ကျန်ပွဲများကို မေ ၁၇၊၁၈ ရက်တွင် ဆက်လက်ကျင်းပ မည်ဖြစ်သည်။

## ဝန်ဖိုက်သစ်တောကြိုးဝိုင်းအား အထူးကွင်းဆင်းဆောင်ရွက်လျက်ရှိ

**ရမ်းဗြဲ မေ ၁၁**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ် သစ်တောဦးစီးဌာနမှဦးဆောင်၍ ဝန်ဖိုက်ကြိုးဝိုင်း ဧရိယာ ၅၆၆၃၃ ဧကအား လိုအပ်သော သစ်တောကြိုးဝိုင်းလုပ်ငန်းများနှင့် ပတ်သက်၍ အထူးအလေးအနက်ထားပြီး မြို့နယ်သစ်တောဦးစီးအရာရှိ ဦးဝင်းစည်သူမောင် ဦးဆောင်သော သစ်တောဝန်ထမ်းများက အစဉ်မပြတ် အဆိုပါ ဝန်ဖိုက်ကြိုးဝိုင်းအတွင်းတွင် စခန်းတည်ဆောက်ပြီး အလှည့်ကျတာဝန်ကိုယ်စီဖြင့် ကွင်းဆင်းဆောင်ရွက်လျက်ရှိနေကြကြောင်း သိရသည်။

ထို့အပြင် ဒီရေတော ဧရိယာခုနစ်သောင်းကျော်ခန့်ရှိကာ ရမ်းဗြဲမြို့နယ်မှ ဒေသခံများအားလုံးအတွက် သဘာဝဘေးရန် ကာကွယ်ပေးနိုင်ရန်နှင့် ရေလုပ်ငန်းအထောက်အကူပြုပေးနိုင်ရန်ရည်ရွယ်ကာ မြို့နယ်မြန်မာ့သစ်တောဦးစီးဌာနမှ ဝန်ဖိုက်ကြိုးဝိုင်းအတွင်းနှင့် အခြားအခြားသောနေရာများတွင် သစ်တောပြုန်းတီးမှု အလေအလွင့်မရှိစေရန်နှင့် နှစ်စဉ်နှစ်တိုင်း မိုးရာသီတွင် သစ်ပင်များကို သက်ဆိုင်သောဌာနများနှင့် လူမှုရေးအသင်းအဖွဲ့များက စိုက်ပျိုးပေးလျက်ရှိသည်။

ပျက်စီးနေသော တောရေိယာတွင် ဒီရေတောစိုက်ခင်းများတည်ဆောက်ခြင်း၊ သဘာဝဒီရေတောများကို စနစ်တကျထိန်းသိမ်းပြုစုခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့် ဝန်ဖိုက်ကြိုးဝိုင်းအတွင်း၌ ထူးခြားမှုမှာ ရှားပါးသောသစ်ပင်မြိုင်ကြီးပင်(ခ) ဆောင်းဖိုအပင်ကြီးများ ပေါက်ရောက်လျက်ရှိသည်။ အဆိုပါ ထူးခြားအပင်များကို ပြုစုထိန်းသိမ်းပေးလျက်ရှိ၍ မြိုင်ကြီးပင် (ခ)ဆောင်းခိုပင် ၂၀ ဝန်းကျင်ရှိသည်။ ဝန်ဖိုက်ကြိုးဝိုင်း ဒီရေတောအတွင်း၌လည်း ရောဝတီလင်းပိုင်များ၊ ဒီရေတောမြက်များ၊ ဖျံများ၊ ရှားပါး ငါးမျိုးစိတ်များ များစွာရှိပြီး မေ ၁၅ ရက်တွင် အဆိုပါ ရမ်းဗြဲမြို့နယ် ဝန်ဖိုက်သစ်တောကြိုးဝိုင်းသို့ ဒိန်းမတ်နိုင်ငံမှ အကူအညီပေး၍ ဒိန်းမတ်နိုင်ငံအစိုးရက ထိန်းသိမ်းဆောင်ရွက် ပြုစုပေးနိုင်ရန်အတွက် ရောက်ရှိလာမည်ဟု မြို့နယ်သစ်တောဦးစီးဌာနမှူးရုံးမှ သိရသည်။ ယင်းအပြင် ဒီရေတောများ သဘာဝပတ်ဝန်းကျင်နှင့် ဆက်စပ်၍ စိတ်ပါဝင်စားသူများလာရောက် လေ့လာနိုင်ကြောင်း သိရသည်။

**အောင်လှဖြူ**

# မြန်မာ-စင်ကာပူ သက်မွေးပညာသင်တန်းကျောင်းနှင့် သင်တန်းအရည်အသွေး တိုးတက်မြင့်မားရေး ဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် မေ ၁၁**

ပြည်သူ့လွှတ်တော်၊ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်သည် စင်ကာပူသံရုံး ဒုတိယအကြီးအကဲဖြစ်သူ Mr.Koh Chee Chian နှင့် ယနေ့မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံရေးရာဆောင် အမှတ် (I-2) ဥက္ကဋ္ဌရုံး ဧည့်ခန်းမ၌ တွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ-စင်ကာပူ သက်မွေးပညာသင်တန်းကျောင်းဆိုင်ရာကိစ္စရပ်များနှင့် သင်တန်းအရည်အသွေး တိုးတက်မြင့်မားရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

## ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်

# ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီစိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ ဆောင်ရွက်ပေးခဲ့ရာ ၈-၅-၂၀၁၇ ရက်နေ့က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် ၃-၄-၂၀၁၇ ရက်မှ ၂၁-၄-၂၀၁၇ ရက်ထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ငါးဦးကိုလည်းကောင်း၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ်တစ်ဦးနှင့် အထွေထွေ ငါးဦးပေါင်း ခြောက်ဦးကို လည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်းလုပ်ကိုင်လိုသူတစ်ဦးကို လည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၄၂၆ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၂၀၈၂ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၆၅ ဦး စုစုပေါင်း ပုံနှိပ်ခြင်း ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၃၅၇၃ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပါသည်။

သတင်းအေဂျင်စီလုပ်ငန်း လျှောက်ထားသူ တစ်ဦးအား အချက်အလက်များ စိစစ်ဆောင်ရွက်ဆဲဖြစ်သည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# တန်ဖိုးနည်းသစ်တောထွက်ကုန်များကို တန်ဖိုးမြှင့်ထုတ်လုပ်ခြင်းဖြင့် နိုင်ငံ့ဝင်ငွေတိုးမည်

**ရန်ကုန် မေ ၁၁**

မြန်မာနိုင်ငံ၏ သစ်တောထွက်ပစ္စည်းများနှင့်ပတ်သက်၍ ပြည်သူလူထုသို့ အသိပညာဗဟုသုတ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးပေးရန်နှင့် နိုင်ငံတော်အစိုးရ၊ ပုဂ္ဂလိကကဏ္ဍ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများအနေဖြင့် သစ်တောသယံဇာတ ရေရှည်တည်တံ့အသုံးချနိုင်ရေးအတွက် ရည်ရွယ်ချက်နှစ်ရပ်ထားရှိကာ မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းကကြီးမှူး၍ မြန်မာနိုင်ငံသစ်တောထွက် ပစ္စည်းပြပွဲ ၂၀၁၇ ကို ယနေ့နံနက်ပိုင်းက တပ်မတော်ခန်းမ၌ စတင်ဖွင့်လှစ်သည်။



အဆိုပါ အခမ်းအနားတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက ဦးတင်ဦး၊ ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်း လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးစိန်ဝင်းနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်တို့က အမှာစကားများ ပြောကြားကာ အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**

"ကျွန်တော်တို့ ဒီပြပွဲမှာ တန်ဖိုးမရှိတဲ့ဗေဒါပင်တွေကို အထူးပြကွက်အနေနဲ့ တန်ဖိုးမြှင့်ထုတ်ကုန်ဖြစ်တဲ့ စားပွဲ၊ ကုလားထိုင်တွေအဖြစ် ထုတ်လုပ်သွားတာတွေ့ရပါတယ်။ ဒီကနေ့ခေတ်မှာ နည်းပညာတွေ တိုးတက်လာတာနဲ့အမျှ ဒီလိုတန်ဖိုးမရှိတဲ့ ဗေဒါပင်ကိုတောင် တန်ဖိုးရှိတဲ့ပစ္စည်းအဖြစ် ထုတ်လုပ်လာနိုင်တာ အလွန်ပဲဝမ်းသာစရာကောင်းပါတယ်။ တန်ဖိုးနည်းသစ်တောထွက်ပစ္စည်းတွေကို တန်ဖိုးမြှင့်နည်းပညာပေါင်းစပ်ပြီး ထုတ်လုပ်ခြင်းအားဖြင့် နိုင်ငံတော်ရဲ့ဝင်ငွေလိုအပ်ချက်ကို သစ်တောကဏ္ဍမှ ဖြည့်ဆည်းပေးနိုင်မှာဖြစ်ပါတယ်" ဟု ဦးတင်ဦးက အဆိုပါအခမ်းအနားတွင် ပြောသည်။

ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်ကလည်း ထိုင်းနိုင်ငံသည် ကမ္ဘာပေါ်တွင် ပန်းအဓိကစိုက်ပျိုးတင်ပို့သည့် နိုင်ငံဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း သစ်ခွပန်းများ အမြောက်အမြားစိုက်ပျိုးထုတ်လုပ်ကာ ပြည်ပဈေးကွက်တင်ပို့နိုင်ရေး ကြိုးပမ်းသင့်ကြောင်း ပြောကြားသည်။

အဆိုပါပြပွဲတွင် သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန လက်အောက်ရှိသစ်တောဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်းတို့မှ ပြခန်းများ၊ မြန်မာနိုင်ငံ စိုက်ပျိုးရေးအသင်း၊ မြန်မာနိုင်ငံသစ်မွှေးလုပ်ငန်းရှင်များအသင်း၊ ပုဂ္ဂလိကကျွန်းနှင့် သစ်မာစိုက်ပျိုးသူများတို့မှ ပါဝင်ပြသသည့် ပြခန်းများအပါအဝင်ပြခန်းကြီး ၁၀ ခုနှင့် ပြကွက်ပေါင်း ၂၀၀ ကျော် ခင်းကျင်းပြသထားသည်။ ပြပွဲကို မေ ၁၁ ရက်မှ ၁၄ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ပြသထားမည်ဖြစ်ပြီး ပြပွဲကာလအတွင်း သစ်တောပညာရှင်များက သစ်တောထိန်းသိမ်းရေးပညာရပ်များ ဟောပြောမည်ဖြစ်သည့်အပြင် ကျွန်းနှင့် မဟော်ဂနီပျိုးပင်များကိုလည်း လာရောက်ကြည့်ရှုသူများအား အခမဲ့ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး၊ ဓာတ်ပုံ-သက္က**

# သစ်တောမြေလုပ်ပိုင်ခွင့် မြှင့်တင်ရေးဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် မေ ၁၁**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနနှင့် Land Core Group တို့ ပူးပေါင်း၍ သစ်တောမြေလုပ်ပိုင်ခွင့် မြှင့်တင်ရေးဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် ဟိုတယ်မက်စ်(နေပြည်တော်)၌ ကျင်းပသည်။ **(ယာပုံ)**

အမျိုးသားမြေအသုံးချမှု မူဝါဒပါ ပြဋ္ဌာန်းချက်များကို ထည့်သွင်းဖော်ပြ အသုံးချနိုင်ရေးအတွက် Mekong Region Land Governance (MRLG) ၏ ရန်ပုံငွေပံ့ပိုးမှုဖြင့် သစ်တောဦးစီးဌာနနှင့် Land Core Group တို့ ပူးပေါင်း၍ သစ်တောမြေအတွင်း နေထိုင်ကြသည့် ဒေသခံများ၏ မြေယာနှင့် အရင်းအမြစ် လုပ်ပိုင်ခွင့်များကို မူဝါဒ၊ ဥပဒေနှင့် ကနဦးစမ်းသပ်ဆောင်ရွက်မှုများဖြင့် မြှင့်တင်ပေးမည့် စီမံကိန်းတစ်ခုကို အကောင်အထည်ဖော်လျက်ရှိသည်။ အမျိုးသားမြေအသုံးချမှု မူဝါဒ အပိုင်း(၈)တွင် တိုင်းရင်းသားလူမျိုးများ၏ မြေလုပ်ပိုင်ခွင့်နှင့် ဓလေ့ထုံးတမ်းမြေယာအုပ်ချုပ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို အမျိုးသားမြေဥပဒေတွင် ထည့်သွင်း၍ အသိအမှတ်ပြုကာကွယ်ပေးရန် ညွှန်ကြားထားရှိပါသဖြင့် ဆက်လက်ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို(MRLG)၏ ငွေကြေးပံ့ပိုးမှုဖြင့် ဆောင်ရွက်မည့် စီမံကိန်းတွင် ဖော်ထုတ်ပေးနိုင်မည်ဟု မျှော်မှန်းထားရှိသည်။

မြေယာနှင့်အရင်းအမြစ်များ ရယူသုံးစွဲခွင့်ကို ဒေသခံပြည်သူအစုအဖွဲ့ပိုင် စိုက်ခင်းတည်ထောင်သည့် နည်းလမ်းဖြင့် ပေးအပ်လျက်ရှိပြီး သစ်တောများ ပြုစုထိန်းသိမ်းခြင်းနှင့် စီမံအုပ်ချုပ်ခြင်းများတွင် ပြည်သူများ ထိရောက်စွာပါဝင်လာနိုင်ရန် မူဝါဒ၊ ဥပဒေများကို ပိုမိုအားကောင်းစွာ ပြင်ဆင်ရေးသားနိုင်ရန် စီစဉ်လျက်ရှိသည့်အပြင် ဆွေးနွေးပွဲများ အကြိမ်ကြိမ်ပြုလုပ်၍ ရရှိလာသောရလဒ်များအား သစ်တောမူဝါဒနှင့် ဥပဒေများ ပြန်လည်သုံးသပ်ပြင်ဆင်ရာတွင် အသုံးပြုနိုင်မည်ဖြစ်သည်။



အလုပ်ရုံဆွေးနွေးပွဲတွင် သစ်တောမြေအတွင်း နေထိုင်ကြသည့် ပြည်သူများ၏ မြေယာနှင့် အရင်းအမြစ်များဆိုင်ရာ လုပ်ပိုင်ခွင့်များ တိုးတက်လာစေရေးအတွက် သစ်တောမြေလုပ်ပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များအား နိုင်ငံတကာနှင့် ဒေသတွင်း အတွေ့အကြုံများကို ပြည်တွင်း၊ ပြည်ပ ကျွမ်းကျင်ပညာရှင်များနှင့် တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးခြင်းလုပ်ငန်းများ ဆောင်ရွက်ကြသည်။

အလုပ်ရုံဆွေးနွေးပွဲအား မေ ၁၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# အင်္ဂလန်မှ အမျိုးသမီးရထားစက်ခေါင်းမောင်း မြန်မာ့မီးရထားအချက်ပြလုပ်ငန်းများ လေ့လာ

**ရန်ကုန် မေ ၁၁**

အင်္ဂလန်နိုင်ငံအမျိုးသမီးရထားစက်ခေါင်းမောင်း Ms.Jan Covin Ford သည် မေ ၁၀ ရက်က မြန်မာ့မီးရထား ရန်ကုန်မြို့ပတ်လမ်းပိုင်းရှိ ကြည့်မြင်တိုင်ဘူတာ၊ အင်းစိန်ဘူတာ၊ မင်္ဂလာဒုံဘူတာ၊ ပုရွက်ဆိတ်ကုန်းဘူတာများ၌ အချက်ပြလုပ်ငန်းများကို လေ့လာခွင့်ပြုရန် မြန်မာ့မီးရထားသို့ လျှောက်ထားခဲ့သည်။

ထိုသို့လျှောက်ထားမှုအပေါ် အထွေထွေမန်နေဂျာ (အောက်မြန်မာပြည်)၏ ညွှန်ကြားချက်ဖြင့် မန်နေဂျာ(သွားလာရေး/တိုင်း)တိုင်း(၇) ရန်ကုန်နှင့် ရုံပိုင်ကြီး (အထူးတန်း) ရုံပိုင်များ လက်မှတ်စစ်အုပ်(ရန်ကုန်)နှင့် လက်မှတ်စစ်များ၊ တာဝန်ကျဝန်ထမ်းများက ကူညီဆောင်ရွက်မှုများဖြင့် လေ့လာမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**



ငပုတောမြို့နယ် မြို့မရဲစခန်းမှူး ဒုတိယရဲမှူး အောင်မျိုးထွန်း ဦးစီးသည့်တပ်ဖွဲ့ဝင်များ မေ ၁၀ ရက်က ငပုတောမြို့နယ် ကံကွင်းကျေးရွာ၊ ပမ္မဝတီ ကျေးရွာတို့ရှိ ပြည်သူများအတွက် သောက်သုံးရေများ သွားရောက်လှူဒါန်းစဉ် ကိုရဲ

# အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ ICRC ဥက္ကဋ္ဌနှင့်အဖွဲ့ သက္ကယ်ပြင်၊ ဆင်တက်မော် ကယ်ဆယ်ရေးစခန်းများသို့ သွားရောက်လေ့လာ



**နေပြည်တော် မေ ၁၁**

အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ ICRC ဥက္ကဋ္ဌ Mr.Peter Maurerနှင့် အဖွဲ့သည် မေ ၉ ရက် မွန်းလွဲပိုင်းတွင် စစ်တွေမြို့သို့ ရောက်ရှိကြပြီး စစ်တွေမြို့နယ် သက္ကယ်ပြင်ကယ်ဆယ်ရေးစခန်းရှိ နေထိုင်သူများနှင့်တွေ့ဆုံ၍ စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေးအခြေအနေများအားမေးမြန်းကာ **(ဝဲပုံ)** စခန်းအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ညနေပိုင်းတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် တွေ့ဆုံပြီး ICRC နှင့်ပတ်သက်သည့် လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးခဲ့ကြသည်။ မေ ၁၀ ရက် နံနက်ပိုင်းတွင် ICRC ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပေါက်တောမြို့နယ် ဆင်တက်မော် ကယ်ဆယ်ရေးစခန်းသို့ရောက်ရှိကြပြီး စခန်းတာဝန်ခံ အဒူကော်ရိန်(ခ)ခင်မောင်လှအပါအဝင် ၁၀ ဦးနှင့် တွေ့ဆုံ၍ လျှပ်စစ်မီးရရှိမှု၊ လူမှုရေး၊ ကျန်းမာရေးအခြေအနေများအား မေးမြန်းကာ စခန်းအတွင်း လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ဆင်တက်မော်ကျေးရွာဆေးခန်း၌ အုပ်ချုပ်ရေးမှူး ဦးထွန်းလှိုင် အပါအဝင် ရွာသူရွာသား ၁၇ ဦးနှင့် တွေ့ဆုံ၍ ကျန်းမာရေးပညာပေးသင်တန်း ဖွင့်လှစ်ပေးမည့်အစီအစဉ်များအား ဆွေးနွေးပြီး မွန်းလွဲပိုင်းတွင် စစ်တွေမြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မောင်တောမြို့၌ (၄)နှစ်မြောက် ရခိုင်အမျိုးသားနေ့အခမ်းအနား စည်ကားသိုက်မြိုက်စွာကျင်းပ

**မောင်တော မေ ၁၁**

ရခိုင်အမျိုးသားနေ့ကို ရခိုင်ပြည်နယ် မောင်တောခရိုင် မောင်တောမြို့ဗန္ဓုလပန်းခြံ သီရိမင်္ဂလာခန်းမ၌ ယနေ့ နံနက် ၈ နာရီတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ရခိုင်အမျိုးသားနေ့အခမ်းအနားတွင် ရခိုင်မင်္ဂလာစည်တော်အဖွဲ့က ပိုဒ်စုံရတုဖြင့် အခမ်းအနားကို သီဆိုဖွင့်လှစ်ပြီး ခေတ်အဆက်ဆက် ရခိုင်အမျိုးသားခေါင်းဆောင်ကြီးများအား တက်ရောက်လာသော ဒေသခံပြည်သူများက တစ်မိနစ်ငြိမ်သက်စွာ အလေးပြုသည်။ ယင်းနောက် အလှည့်ကျသဘာပတိ ဦးမောင်အုန်းက အဖွင့်မိန့်ခွန်း ပြောကြားပြီး ရခိုင်အမျိုးသားနေ့အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို မောင်တောမြို့နယ် ရခိုင်အမျိုးသားပါတီဥက္ကဋ္ဌ ဦးခင်မောင်သန်းက ဖတ်ကြားသည်။

ယင်းနောက် အခမ်းအနားတွင် စာပေဟောပြောပွဲကိုထည့်သွင်းထားရာ ရခိုင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇောဦး(စစ်တွေ)၊ ကျောက်တော်မြို့မှ သူမြတ်(မဟာအောင်မြေ)နှင့် သားလု (ရသေ့တောင်)မြို့တို့က ဟောပြောကြသည်။

ဆက်လက်၍ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် အခြေခံပညာအထက်တန်း စာမေးပွဲ၌ မောင်တောခရိုင်အတွင်း အမှတ်အများဆုံးရ ကျောင်းသား ကျောင်းသူ သုံးဦးအား ဂုဏ်ပြုလက်မှတ်နှင့် ဆုငွေများကို ချီးမြှင့်ခဲ့ပြီး ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် မောင်တောခရိုင်ကိုယ်စားပြု ဘက်စုံပညာထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုလက်မှတ်နှင့် ဆုငွေများ ချီးမြှင့်ပေးအပ်သည်။

အခမ်းအနားသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာအုပ်ပြပွဲကို ခင်းကျင်းပြသခဲ့ပြီး ဧည့်ပရိသတ်တို့ကို အချိုရည်အအေးများဖြင့် ဧည့်ခံကျွေးမွေးခဲ့သည်။

ယနေ့ကျင်းပသော ရခိုင်အမျိုးသားနေ့အခမ်းအနားတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်တွင်းရှိ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ရခိုင်အမျိုးသားပါတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအပါအဝင် ပြည်သူအင်အား တစ်ထောင်ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။



**သတင်း- မောင်စိန်လွင်၊ အောင်ကျော်စိန်(မောင်တော)၊ ဓာတ်ပုံ- မောင်မောင်သန့်(ကြေးမုံ)**

# ရခိုင်အမျိုးသားနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ မောင်တောမြို့၌ ကျင်းပ

**မောင်တော မေ ၁၁**

ရခိုင်ပြည်နယ် မောင်တောမြို့၌ ယနေ့ကျင်းပသော ရခိုင်အမျိုးသားနေ့ အခမ်းအနားအထိမ်းအမှတ်အဖြစ် အားကစားပြိုင်ပွဲများကို ယနေ့ ညနေပိုင်းတွင် မောင်တောမြို့ မြို့မအားကစားကွင်း၌ စည်ကားသိုက်မြိုက်စွာကျင်းပသည်။

အားကစားပြိုင်ပွဲတွင် ရိုးရာအားကစားပြိုင်ပွဲများအဖြစ် လွန်ဆွဲပွဲ(အမျိုးသား၊ အမျိုးသမီး)၊ ချောတိုင်တက်ပွဲနှင့် လူငယ်အကြိုက် ပိုက်ကျော်ခြင်းပြိုင်ပွဲတို့ကို ထည့်သွင်းကျင်းပခဲ့သည်။ အမျိုးသားလွန်ဆွဲပွဲတွင် သစ်တောရွာအသင်း၊ ကန်သာယာ(အလယ်)အသင်း၊ ကန်သာယာ(အထက်)အသင်းနှင့် ဆက်သွယ်ရေးအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ကစားကြရာ ဆက်သွယ်ရေးအသင်းက ပထမရရှိခဲ့ပြီး သစ်တောရွာအသင်းက ဒုတိယရရှိခဲ့သည်။ အမျိုးသမီးလွန်ဆွဲပြိုင်ပွဲတွင် သရေကုန်းဘောင်၊ မြို့ဦး၊ ဒေါ်ရွှေစောခိုင်၊ မောရဝတီ(၂)၊ လုပ်ကစိ၊ သစ်တောရွာ(၂)၊ သစ်တောရွာ(၁)၊ မြို့သစ်၊ မောရဝတီ(၁)၊ ငွေတောင်၊ ကန်သာယာအသင်းနှင့် ရဲစခန်းအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ကစားရာ သစ်တောရွာ(၂)အသင်းက ပထမရရှိခဲ့ပြီး သစ်တောရွာ(၁)အသင်းက ဒုတိယဆုရရှိခဲ့သည်။



ရခိုင်အမျိုးသားနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ကျင်းပရာ ချောတိုင်တက် ယှဉ်ပြိုင်နေသူများကို တွေ့ရစဉ်

ချောတိုင်တက်ပွဲ၌ ယခုနှစ်တွင် ဝင်ရောက်ယှဉ်ပြိုင်မှုများခဲ့ပြီး ငွေတောင်၊ မောရဝတီ၊ ကန်သာယာ(အထက်)၊ ကန်သာယာ(အလယ်)၊ သာယာကုန်း၊ ဘလုံးမောင်နှင့်အဖွဲ့၊ ကျော်ကျော်နိုင်နှင့်အဖွဲ့၊ ကန်ပြင်သာစည်၊ လာဘာလာဘာအဖွဲ့၊ ပျင်းတောင်ပျင်းသေးအဖွဲ့၊ သစ်တောရွာ၊ ဧဒဝတီ၊ မောင်လုအဖွဲ့နှင့် မောင်မောင်အဖွဲ့တို့ အလှည့်ကျ ကြိုးပမ်းတက်ရောက်ရာ မောင်မောင်အဖွဲ့က အောင်နိုင်အလံဆုကို ဆွတ်ခူးသွားသည်။ အလားတူ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင်လည်း အသင်း ၁၂ သင်း ဝင်ရောက်ယှဉ်ပြိုင်ရာ အုပ်စုသုံးစုခွဲ၍ ယှဉ်ပြိုင်ကစားရာ၌ (က)အုပ်စုတွင် ဇင်ဘို၊ ဝေယံ၊ ညီချေ၊ ဆောက်လုပ်ရေး၊ (ခ) အုပ်စုတွင် ဆေးမှူး၊ နိုင်ဝင်း၊ ကျော်ဆန်းဦး၊ ဒိုးသီး၊ (ဂ) အုပ်စုတွင် ကန်သာယာ၊ တပ်ရင်း(၁)၊ တပ်ရင်း(၂)နှင့် တပ်ရင်း(၃)တို့ ဝင်ရောက်ယှဉ်ပြိုင်ရာ ဗိုလ်လုပွဲတွင် အုပ်စု(ခ)မှ ဆေးမှူးအသင်းနှင့် နိုင်ဝင်းအသင်းတို့ ပြန်လည်ဆုံတွေ့ကြပြီး ဆေးမှူးအသင်းက နှစ်ပွဲ တစ်ပွဲဖြင့် ပထမဆုဆွတ်ခူးရရှိခဲ့ပြီး ဒုတိယဆုကို နိုင်ဝင်းအသင်းက ရရှိခဲ့သည်။

ယင်းပြိုင်ပွဲများတွင် လွန်ဆွဲ(အမျိုးသား၊ အမျိုးသမီး)ပြိုင်ပွဲ၌ ပထမဆုရရှိသည့်အသင်းကို ဆုငွေ နှစ်သိန်း၊ ဒုတိယဆုရရှိသည့်အသင်းကို ဆုငွေ တစ်သိန်းခွဲ၊ ချောတိုင်တက်ပွဲတွင် အောင်နိုင်အလံကို တက်ရောက် ယူနိုင်သည့်အဖွဲ့အား ငွေကျပ်တစ်သိန်းနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ပထမဆုရအသင်းအား ငွေကျပ် တစ်သိန်းနှင့် ဒုတိယဆုရရှိသည့် အသင်းကို ငွေကျပ် ရှစ်သောင်း ကျင်းပရေးကော်မတီအဖွဲ့က ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မောင်မောင်သန့်(ကြေးမုံ)**

## မူးယစ်ဆေးဝါးဖမ်းဆီးရမိ

**မိုးမောက် မေ ၁၁**

မိုးမောက်မြို့တွင် မံပုံချောင်းအနီး အမျိုးသားတစ်ဦးထံမှ မူးယစ်ဆေးဝါး ဖမ်းဆီးရမိခဲ့သည်။ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့စု(၁) မိုးမောက်လူပ်ရှားအဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် မိုးမောက်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ မေ ၁၀ ရက် ညနေ ၅ နာရီခန့်က သတင်းအရ မိုးမောက်မြို့ မံပုံချောင်းဘေး၌ မာဂမ် ဆိုသူအား စစ်ဆေးရှာဖွေရာ ဘိန်းဖြူမှုန့် အလေးချိန် ၂ ဒသမ ၅ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား သုံးပြားတို့ကို တွေ့ရှိ၍ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

**ဆီမီးခုံ-နန်းရီ**

# စိတ်ကြွရူးသွပ်ဆေးပြား ၁၆ သိန်းခန့် ဘူးသီးတောင်မြို့နယ်၌ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၁**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် ၆ မိုင် စစ်ဆေးရေးဂိတ်၌ ယနေ့ နံနက်ပိုင်းက စိတ်ကြွရူးသွပ်ဆေးပြား ၁၆ သိန်းခန့် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဘူးသီးတောင်မြို့နယ် ၆ မိုင် စစ်ဆေးရေးဂိတ်၌ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့သည် ယနေ့ နံနက် ၁၀ နာရီ မိနစ် ၅၀ တွင် သတင်းအရ ဖူဆိုကုန်တင်ယာဉ်အား ရှာဖွေစစ်ဆေးရာ ပီနံအိတ်ငါးအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၆ သိန်း၊ ခန့်မှန်းကာလတန်ဖိုး ငွေကျပ်သိန်းပေါင်း သုံးသောင်းကျော်အား ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ယာဉ်အား မောင်းနှင်သူ ယာဉ်မောင်းဦးလေးရွှေနှင့် ယာဉ်နောက်လိုက် ဦးစောရန်အောင်တို့ နှစ်ဦးအား ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(ယာပုံ)** **(သတင်းစဉ်)**



# ရန်ကုန်မြို့အတွင်း ခေတ်နှင့်မလျော်ညီတော့သည့် ဈေးများကို အဆင့်မြှင့်တင်သွားမည်

ရန်ကုန် မေ ၁၁

**ရန်ကုန်မြို့နေပြည်သူများအတွက် အဓိက မှီခိုအားထားနေကြရသည့် ဈေးများအနက် ခေတ်ကာလနှင့် မလျော်ညီတော့သည့် ဈေးများကို အဆင့်မြှင့်တင်မှုများ ဆောင်ရွက်သွားရန် စီစဉ်နေမှုနှင့် ပတ်သက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာန ဒုတိယဌာနမှူး ဦးစည်သူလွင်အား မြန်မာ့သတင်းစဉ်က သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။**



ဦးစည်သူလွင် (ဒုတိယဌာနမှူး) ဈေးများဌာန

**မေး။ ။ ရန်ကုန်မြို့မှာရှိတဲ့ ဈေးတချို့ကို အဆင့်မြှင့်တင်မှုတွေလုပ်သွားမယ်လို့ သိရပါတယ်။ လုပ်ဆောင်ရတဲ့ ရည်ရွယ်ချက်ကို သိပါရစေ။**

ဖြေ။ ။ အခု အဆင့်မြှင့်တင်မယ့် ဈေးတွေက ခေတ်နဲ့လျော်ညီမှု မရှိတော့တဲ့အတွက် အဆင့်မီအောင်ပြန်လည်လုပ်ဆောင်ရခြင်းပဲဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ လက်ရှိဈေးပတ်ဝန်းကျင် အနေအထား၊ ဈေးရဲ့အနေအထား ကွာဟနေတာကြောင့် လိုက်လျောညီထွေ မှုရှိအောင် ဆောင်ရွက်တာမျိုးလည်း ပါပါတယ်၊ အရင်တုန်းကဆိုရင် တချို့ဈေးတွေရဲ့ပတ်ဝန်းကျင်မှာ အထပ်မြင့်အဆောက်အအုံတွေ သိပ်မရှိပါဘူး။ အခုနောက်ပိုင်းမှာတော့ အထပ်မြင့်အဆောက်အအုံတွေများလာတဲ့အပြင် ဒီထက်မက အထပ်မြင့်တွေ ပိုမိုများလာနိုင်တာကြောင့် လူနေပိုထူထပ်ပြီး ဈေးရောင်းသူနဲ့ ဝယ်သူ မမျှတမှုမျိုးတွေရှိလာနိုင်တယ်။ ဒါကြောင့် ရောင်းသူ၊ ဝယ်သူညီမျှတဲ့ အချိုးမျိုးဖြစ်နိုင်မယ့် အဆင့်မီဈေးတွေ ရှိဖို့လိုလာပါတယ်။ အဲဒီအတွက်ရည်ရွယ်ပြီး လုပ်ဆောင်တာဖြစ်ပါတယ်၊

**မေး။ ။ အဆင့်မြှင့်တင်မှုအပိုင်းနဲ့ ပတ်သက်ပြီး ဘယ်ဈေးတွေပါဝင်ပါသလဲ၊ လက်ရှိဆောင်ရွက်နေမှုကို ပြောပြပေးပါဦး။**

ဖြေ။ ။ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဈေးများဌာနလက်အောက်မှာ ဈေးပေါင်း ၁၇၆ ဈေးရှိပါတယ်။ အဲဒီထဲက မြို့နယ် ၃၇ မြို့နယ်အတွင်းမှာရှိတဲ့ ဈေး ၂၁ ဈေးကို အဆင့်မြှင့်တင်မှုတွေလုပ်ဖို့ စတင်ဆောင်ရွက်နေပါတယ်။ အဲဒီဈေးတွေကတော့ ဗိုလ်တထောင်မြို့နယ် (ဘိုကလေးဈေး)၊ စမ်းချောင်းမြို့နယ် (ဂွဈေး)၊ ပန်းဘဲတန်းမြို့နယ် သိမ်ကြီးဈေး(စီရုံ၊ အီးရုံ)၊ တာမွေမြို့နယ် (မင်္ဂလာဈေး)၊ သဃ်န်းကျွန်းမြို့နယ် (စံပြဈေး)၊ တာမွေမြို့နယ် (တာမွေ-ယာယီဈေး)၊ တောင်ဥက္ကလာမြို့နယ် (နန္ဒဝန်ဈေး)၊ မရမ်းကုန်းမြို့နယ် (မြရတနာဈေး)၊ ပုဇွန်တောင်မြို့နယ် (ပုဇွန်တောင်ဈေး)၊ ဒလမြို့နယ် (ကမာဆစ်ဈေး)၊ လှိုင်မြို့နယ်(လှိုင်ရတနာဈေး) စတဲ့ဈေးတွေပါဝင်ပါတယ်၊ အဆင့်မြှင့်တင်မယ့် ဈေးတွေရဲ့ ဒီဇိုင်းကိုတော့ မြန်မာနိုင်ငံ ဗိသုကာအသင်းက ပြိုင်ပွဲတွေလုပ်ပြီးရွေးချယ်နေပါပြီ။ သူတို့နဲ့အတူ ကျွန်တော်တို့ကော်မတီက အဆင့်မြှင့်တင်မယ့် ဈေးတွေရဲ့မြေပြင်အကျယ်အဝန်း (ဧရိယာ)တွေကို လိုက်ပြီးကြည့်ရှု ရွေးချယ်စစ်ဆေးမှုတွေလုပ်နေပါတယ်။ ဗိသုကာအသင်းက မြေပြင်ကွင်းဆင်းကြည့်တဲ့အခါမှာ လက်ရှိ အဆင့်မြှင့်တင်မယ့် ဈေး ၂၁ ဈေးထဲက ဈေးသုံးဈေးလောက်က နေရာနည်းနည်းကျဉ်းပြီး ယာဉ်အဝင်အထွက် အခက်အခဲကြောင့် မဖြစ်နိုင်တာမျိုးတွေလည်းရှိနေပါတယ်။ ဥပမာ - စမ်းချောင်းမြို့နယ်အတွင်းက ရှမ်းလမ်းဈေး (ဂွဈေး) တို့လိုဈေးမျိုးတွေပါ။ ဒီလိုဈေးတွေကိုတော့ ပြန်လည်ရွေးချယ်သွားဖို့ ရှိပါတယ်၊ ဗိသုကာအသင်းအတွက် ဒီဇိုင်းဆွဲရာမှာ အထောက်အကူဖြစ်ဖို့ သိသင့်တဲ့ အချက်အလက်တချို့နဲ့ ဆိုင်ခန်းအရေအတွက်ကို ကော်မတီက ကူညီဆောင်ရွက်ပေးပါတယ်။ ဒီဇိုင်းပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်တဲ့ ဒီဇိုင်းတွေကို ကျွန်တော်တို့ ကော်မတီနဲ့အတူ ဗိသုကာအသင်းက တာဝန်ရှိသူတွေ ရွေးချယ်မယ်၊ ရွေးချယ်ခံရတဲ့ ဒီဇိုင်းတွေကို တိုင်းဒေသကြီး အစိုးရအဖွဲ့ကိုတင်ပြပေးသွားမယ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့က စိစစ်ပြီး ရွေးချယ်လိုက်တဲ့ ဒီဇိုင်းတွေကိုတော့ ဆောက်လုပ်ရေးလုပ်ငန်းရှင်တွေကို တင်ဒါစနစ်နဲ့ ခေါ်ယူပြီး လုပ်ထုံးလုပ်နည်းနဲ့အညီ တည်ဆောက်မှုလုပ်ငန်းတွေကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဆောက်လုပ်မှုအပိုင်းနဲ့ ပတ်သက်ပြီး အစိုးရသစ်ကာလမှာ ပြောင်းလဲမှု တစ်ခုဖြစ်အောင် လုပ်ဆောင်သွားမှာဖြစ်ပါတယ်။



**မေး။ ။ ပြိုင်ပွဲဝင် ဈေးအဆောက်အအုံ ဒီဇိုင်းတွေနဲ့ပတ်သက်ပြီး အထပ်သတ်မှတ်ထားတာမျိုးရှိပါလား၊ ဘယ်လိုအပေါ် အခြေခံပြီး ဒီဇိုင်းတွေ ရေးဆွဲနေပါသလဲ။**

ဖြေ။ ။ ပြိုင်ပွဲဝင်ဈေးပုံစံတွေ အရတော့ အထပ်သတ်မှတ်ထားတာမျိုးမရှိပါဘူး၊ တချို့ဆိုရင်လည်း နှစ်ထပ်၊ သုံးထပ်လောက်ပဲရှိနိုင်သလို၊ ခုနစ်ထပ်၊ ရှစ်ထပ်ရှိတဲ့ အဆောက်အအုံတွေလည်းပါဝင်နိုင်ပါတယ်။ လေ့လာမှုအရ လက်ရှိဈေးဆိုင်ခန်းနဲ့ ပတ်ဝန်းကျင်အနေအထား၊ လေဝင်လေထွက်၊ ယာဉ်အဝင်အထွက် လမ်းကြောင်းတွေအပေါ်မူတည်ပြီး ဒီဇိုင်းပညာရှင်တွေရဲ့ တွေ့ရှိချက်တွေအရ ရေးဆွဲထားတဲ့ ရွေးချယ်ခံဒီဇိုင်းတွေအတိုင်း အဆောက်အအုံကို ဆောက်လုပ်သွားမှာဖြစ်ပါတယ်၊ ဒီဇိုင်းပြိုင်ပွဲတွေကျင်းပပြီးရင် သက်ဆိုင်ရာဌာနတွေရဲ့ အကြံပြုချက်တွေလည်းပါဝင်မှာ ဖြစ်ပါတယ်။ ဥပမာ - မီးသတ်ဦးစီးဌာနလိုမျိုးဖြစ်ပါတယ်။

**မေး။ ။ အဆင့်မြှင့်တင်ရာမှာ ပါဝင်မယ့် အပိုင်းနဲ့ ဆိုင်ခန်းနေရာ ပြန်လည်ချထားပေးသွားမယ့်အပေါ် သိပါရစေ။**

ဖြေ။ ။ အဆင့်မြှင့်တင်မယ့် ဈေးတွေကတော့ အရင်တုန်းက လေး၊ ငါးပေပတ်လည် သွပ်မိုးဆိုင်ခန်းတွေနဲ့ ဆောက်လုပ်ထားတဲ့ ဈေးဟောင်းတွေပါ၊ တချို့ဈေးလမ်းတွေကလည်း ၅ ပေလောက်ပဲရှိပြီး လမ်းနေရာကျဉ်းနေတာမျိုးတွေရှိပါတယ်။ အခု အဆင့်မြှင့်တင်ရင်တော့ ဆိုင်ခန်းကိုလည်း မူလထက်နည်းနည်းပိုပြီးကျယ်သွားအောင်၊ ခေတ်နဲ့လျော်ညီအောင် စီစဉ်ထားတယ်၊ မူလဈေးရောင်းချနေသူတွေကိုလည်း ဆိုင်ခန်းတွေအရင်လိုပြန်ပေးနိုင်တဲ့အပြင် ဈေးပတ်လည်မှာ ပျံ့ကျဈေးသည်တွေရှိနေတဲ့ ဈေးဆိုရင်လည်း သူတို့အတွက် ဈေးသစ်ပေါ်မှာရောင်းချနိုင်ဖို့ စီစဉ်ဆောင်ရွက်နေပါတယ်၊ အဆင့်မြှင့်တင်ရာမှာတော့ ခေတ်မီလုံခြုံရေး စနစ်တွေ၊ အရေးပေါ်စနစ်တွေ၊ အမှိုက်စွန့်ပစ်တဲ့ စနစ်တွေ၊ ယာဉ်ရပ်နားဖို့ (ကားပါကင်) နေရာတွေ ပါဝင်အောင် စီစဉ်နေပါတယ်။ ဈေးသစ်တွေမှာ ကုန်ပစ္စည်း အမျိုးအစားအလိုက် ကျန်းမာရေးနဲ့ ညီညွတ်စွာရောင်းချနိုင်အောင်နေရာတွေ စီမံချထားပေးသွားမှာဖြစ်ပါတယ်။ ဈေးတွေရဲ့အပေါ်ထပ်မှာ စားသောက်ဆိုင်တွေပါရှိဖို့လည်း စီစဉ်ထားတယ်။ အဲဒီလို အစီအစဉ်တွေအပြင် ကော်မတီအတွက် တစ်ဖက်တစ်လမ်းက ဝင်ငွေရရှိဖို့ ပတ်ဝန်းကျင် အခြေအနေနဲ့ လိုက်လျောညီထွေဖြစ်မယ့် ရုံးခန်းတွေ ဖွင့်နိုင်အောင်လည်း လုပ်ဆောင်နေပါတယ်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီနဲ့ တိုင်းဒေသကြီးအတွက် အကျိုးရှိအောင် ဈေးတွေမှာနေရာချထားပေးနိုင်ဖို့ အစီအစဉ်တွေလည်း ရှိပါတယ်။ စတင်ဆောက်လုပ်တဲ့အခါမှာလည်း လက်ရှိဈေးရောင်းချနေသူတွေကို အဆင်ပြေအောင် (ခေတ္တ)နေရာ ဘယ်လိုချထားပေးမလဲဆိုတာတွေ စီစဉ်ရပါဦးမယ်၊ အားလုံး အဆင်ပြေအောင် နေရာလုပ်ပေးသွားမှာပါ။ ဗိုလ်ချုပ်ဈေးသစ်ကြီးဆောက်နေတုန်းကလည်း ဒီလိုပဲ ဆောင်ရွက်ခဲ့ရတာပါ။

**မေး။ ။ ဈေးအဆောက်အအုံ ဆောက်လုပ်တဲ့ ကုန်ကျစရိတ်ကို ဘယ်လိုဆောင်ရွက်သွားမှာလဲ၊ ရရှိလာမယ့်အကျိုးအမြတ်ကို ဘယ်နေရာတွေမှာ ပြန်လည်သုံးစွဲသွားမလဲဆိုတာ ပြောပြပေးပါဦး။**

ဖြေ။ ။ အဆောက်အအုံဆောက်လုပ်မှုအပိုင်းမှာ ကုန်ကျစရိတ်မြင့်မားမှု သိပ်မရှိရင် ကော်မတီရဲ့ဘတ်ဂျတ်နဲ့ပဲ ဆောင်ရွက်မယ်။ ကုန်ကျစရိတ်မြင့်မားနေရင်တော့ ကော်မတီနဲ့ ဆောက်လုပ်ရေးကုမ္ပဏီ တို့ ဘယ်လိုမျှဝေကျခံသုံးစွဲမယ်၊ အကျိုးအမြတ်ကို ဘယ်လိုခွဲဝေမယ်ဆိုတာကတော့ မသိရသေးပါဘူး။ ကော်မတီအတွက် ရရှိလာမယ့် အကျိုးအမြတ်(ဝင်ငွေ) တွေကိုတော့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှာရှိတဲ့ ဌာနခွဲတွေက ဆောင်ရွက်နေတဲ့ ပန်းဥယျာဉ်လုပ်ငန်းတွေ၊ လမ်း၊ တံတားလုပ်ငန်းတွေ၊ ရေသန့်လုပ်ငန်းတွေ၊ ပန်းခြံတွေ၊ ကလေးကစားကွင်းတွေ အစရှိတဲ့ လုပ်ငန်းတွေအပြင် ပြည်သူ့အကျိုးပြုလုပ်ငန်းတွေမှာပြန်လည်ပြီး အသုံးပြုသွားမှာဖြစ်ပါတယ်။

**တွေ့ဆုံမေးမြန်း-ဇော်ကြီး(ပဏ္ဍိတ)**
**ဓာတ်ပုံ-ဖေဇော်**

## စိုက်ပျိုးထုတ်လုပ်မှု မြင့်မားရေး နည်းပညာဆွေးနွေး

**နေပြည်တော် မေ ၁၁**

ပြည်ထောင်စုနယ်မြေ ဒက္ခိဏခရိုင် ဇဗ္ဗူသီရိမြို့နယ်နှင့် ပျဉ်းမနားမြို့နယ်မှ စိုက်ပျိုးတောင်သူများအား စပါးသီးနှံ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး နည်းပညာဆွေးနွေးပွဲကို မေလပထမပတ်က ဇဗ္ဗူသီရိမြို့နယ် ကွိုက်ကာရှင်းလင်းဆောင်၌ ကျင်းပခဲ့သည်။ စပါးသီးနှံဌာနခွဲ ညွှန်ကြားရေးမှူး ဒေါ်သူဇာမြင့်၊ ဒုတိယ ညွှန်ကြားရေးမှူး ဦးတိုးမင်း၊ နေပြည်တော် တိုင်းစိုက်ပျိုးရေး ဦးစီးမှူး၊ ဒုတိယ ညွှန်ကြားရေးမှူး ဦးတင်ဦးကြိုင်နှင့် တာဝန်ရှိသူများက ပျဉ်းမနားမြို့နယ်နှင့် ဇဗ္ဗူသီရိမြို့နယ်တို့မှ စိုက်ပျိုးတောင်သူများနှင့် ဝန်ထမ်းများအား ပညာပေးခြင်း၊ လက်တွေ့ကွင်းဆင်းပြသခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**မင်းမင်းလတ် (ရှုပဗေဒ)**



**ရောဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်အတွင်းရှိကျေးရွာများ၌ သဘာဝဘေးအန္တရာယ်လျှော့ချရေးအတွက် သဏ္ဍာန်တူလက်တွေ့သရုပ်ပြလေ့ကျင့်ခြင်း (Simulation Exercise) လုပ်ငန်းကို မေ ၁၀ ရက်က တောင်းချောင်းကျေးရွာအတွင်းရှိဘုန်ကြီးကျောင်းဝန်း၌ ကျင်းပရာ ကျေးလက်နေပြည်သူများက လက်တွေ့သရုပ်ပြလေ့ကျင့်နေစဉ်** (မြို့နယ် ပြန်/ဆက်)

## နေအိမ်မီးလောင်ခြင်းခံရသူအား ထောက်ပံ့

**ဖလမ်း မေ ၁၁**

ချင်းပြည်နယ် ဖလမ်းခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ မေ၁၁ ရက်က ပြည်နယ်ကြက်ခြေနီအသင်းမှ ပေးပို့သည့် ထောက်ပံ့ပစ္စည်းများကို ဖလမ်းမြို့ ကြက်ခြေနီအသင်းခွဲတာဝန်ရှိသူများက ဇိုးမွာလ်ကျေးရွာနေ ဦးထန်နော်န် နေအိမ် ဧပြီ ၃၀ ရက်က မီးလောင်မှုဖြစ်စဉ် မိသားစုဝင်များ အသက်ဆုံးရှုံးခဲ့သည့်အတွက် ကျန်ရစ်သူများအား ထောက်ပံ့ပစ္စည်းများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

## သန်လျင်၌ ကဆုန်ညောင်ရေသွန်းပွဲကျင်းပ

**သန်လျင် မေ ၁၁**

သန်လျင်မြို့နယ်လုံးဆိုင်ရာ (၇၀)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို မေ ၁၀ ရက်က သန်လျင်မြို့ကျက်သရေဆောင် သာသနာ့ဗိမာန်တော်၌ ကျင်းပခဲ့သည်။ ပဋ္ဌာန်းဒေသနာတော်ရွတ်ဖတ်ပူဇော်ခဲ့သည့် အဖွဲ့များအား ပွဲတော်ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့ကြပြီး ညနေပိုင်းတွင် မြို့နယ်အတွင်းရှိ ကျောင်းတိုက်အသီးသီးမှ ဆရာတော်၊ သံဃာတော်အပါး ၂၉၀ နှင့် သီလရှင် အပါး ၅၀ တို့အား ငွေပဒေသာပင်နှင့် ဆွမ်းဆန်စိမ်းများလောင်းလှူခဲ့ကြကြောင်း သိရသည်။



**သန်းဝင်း(သန်လျင်)**

## မြဝတီမြို့၌ ကုန်သွယ်မှုတိုးမြှင့်ရေးအတွက် လုပ်ငန်းညှိနှိုင်းဆွေးနွေး

**မြဝတီ မေ ၁၁**

နယ်စပ်ကုန်သွယ်မှု အရှိန်အဟုန်မြှင့်တင်နိုင်ရေးနှင့် ဒေသတွင်းကုန်စည်များ ဖွံ့ဖြိုးရေးအတွက် အဓိကလိုအပ်သော လူ့စွမ်းအားမြှင့်တင်ရေးလုပ်ငန်းများကို ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီး ကရင်ပြည်နယ်မဲခေါင်သိပ္ပံရုံးခွဲနှင့် ကရင်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် ကုန်သွယ်မှုတိုးမြှင့်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို မေ ၁၁ ရက် နံနက်က မြဝတီမြို့ရှိ Grade One ဟိုတယ်၌ ကျင်းပခဲ့သည်။

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင်က အမှာစကားပြောကြားပြီး ဌာနဆိုင်ရာအကြီးအကဲများနှင့် မြဝတီခရိုင်ကုန်သည်ကြီးများအသင်းမှ တာဝန်ရှိသူများ၊ ကုန်သည်လုပ်ငန်းရှင်များက ကုန်သွယ်မှုမြှင့်တင်ရေးအတွက် ကုန်သွယ်မှုဆိုင်ရာများ၊ အခွန်ဆိုင်ရာများ၊ မွေးမြူရေးနှင့်ဈေးကွက်ဆိုင်ရာများ၊ စိုက်ပျိုးရေးနှင့်တင်ပို့ရောင်းဝယ်မှုဆိုင်ရာများ၊ မွေးမြူရေးနှင့် သားငါးတင်ပို့ရောင်းချမှုဆိုင်ရာများ၊ ထိုင်းနိုင်ငံနှင့်ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကြုံတွေ့နေရသည့် အခြေအနေများနှင့် မဲခေါင်သိပ္ပံနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့်လုပ်ငန်းများအား ဆွေးနွေးအတည်ပြုကြကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# အိန္ဒိယနိုင်ငံအနောက်ပိုင်း၌ မင်္ဂလာခန်းမ နံရံပြိုကျမှုကြောင့် ၂၆ ဦးထက်မနည်းသေဆုံး

**နယူးဒေလီ မေ ၁၁**

အိန္ဒိယနိုင်ငံအနောက်ပိုင်း ရာဂျက်စတန်ပြည်နယ်တွင် မေ ၁၀ရက် ညနေပိုင်းက မိုးသန်းထန်စွာရွာသွန်းပြီး မိုးကြိုးပစ်ခြင်းတို့ကြောင့် မင်္ဂလာခန်းမ နံရံပြိုကျမှုဖြစ်ပွားခဲ့ရာ အနည်းဆုံး ၂၆ ဦး သေဆုံးခဲ့ပြီး ၂၆ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အကြီးတန်း ရဲအရာရှိတစ်ဦးက မေ ၁၁ ရက်က ပြောကြားခဲ့သည်။



မင်္ဂလာခန်းမ နံရံပြိုကျမှုသည် ရာဂျက်စတန်ပြည်နယ် ဘာရက်တ်ပါခရိုင်တွင် ဒေသစံတော်ချိန် ည ၁၀ နာရီခွဲခန့်က ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ဧည့်ပရိသတ်များ စုရုံးရောက်ရှိနေချိန်တွင် ထိုသို့ နံရံပြိုကျမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ခရိုင်ရဲတပ်ဖွဲ့အကြီးအကဲ အနီလ်တန့်ခ်က ပြောကြားခဲ့သည်။

နံရံပြိုကျမှုကြောင့် အမျိုးသမီးခုနစ်ဦးနှင့် ကလေးငယ် လေးဦးအပါအဝင် လူပေါင်း ၂၂ဦး အခင်းဖြစ်ပွားရာနေရာတွင် ပွဲချင်းပြီးသေဆုံးခဲ့ကြောင်း၊ ဒဏ်ရာရရှိသူများကို ဆေးဝါးကုသမှုခံယူနိုင်ရန် ဆေးရုံသို့ တင်ပို့ထားကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

နံရံပြိုကျမှုကြောင့် အသက်သေဆုံးသွားသူများအတွက် ထပ်တူဝမ်းနည်းကြေကွဲ ရပါကြောင်း ပြည်နယ်ဝန်ကြီးချုပ် ဗက်စ်ဆန်ဒရာ ရာဂျေးက ထုတ်ဖော်ပြောကြား ခဲ့သည်။ ထို့ပြင် နံရံပြိုကျမှုကြောင့် ဒဏ်ရာရရှိသူများကိုလည်း လိုအပ်သော ဆေးဝါးစောင့်ရှောက်မှုများ ပေးရန် ညွှန်ကြားထားကြောင်း သိရသည်။

သက်ဆိုင်ရာတာဝန်ရှိသူများက နံရံပြိုကျမှုနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများပြုလုပ်နေကြောင်း သိရသည်။

**(ဆင်ဟွာ)**

# ဘင်္ဂလားဒေ့ရှ်ရဲတပ်ဖွဲ့ အကြမ်းဖက်သမားများခိုအောင်းနေထိုင်သောအိမ်တစ်လုံးကို ဝင်ရောက်စီးနင်း

**ဒါကာ မေ ၁၁**

ဘင်္ဂလားဒေ့ရှ် ရဲတပ်ဖွဲ့ဝင်များသည် မြို့တော်ဒါကာ အနောက်ဘက် ၂၅၆ ကီလိုမီတာအကွာ ရက်ဂျ်ရှာဟီခရိုင်ရှိ အကြမ်းဖက်သမားများ ခိုအောင်းနေထိုင်သော လျှို့ဝှက်အိမ်တစ်လုံးကို မေ ၁၁ ရက်က ဝင်ရောက်စီးနင်းစဉ် အသေခံဗုံးဖောက်ခွဲမှုကြောင့် စစ်သွေးကြွလေးဦးနှင့် မီးသတ်တပ်ဖွဲ့ဝင်တစ်ဦးကျဆုံးခဲ့ကြောင်း ရဲအရာရှိတစ်ဦးကပြောကြားခဲ့သည်။

ရက်ဂျ်ရှာဟီခရိုင် ဂေါ့ဒါဂါရီရဲစခန်း တာဝန်ခံရဲအရာရှိ ဟစ်ဘ်ဂျာအလန်မန်စီက အဆိုပါအိမ်တွင် အကြမ်းဖက်အဖွဲ့များ ခိုအောင်းနေထိုင်နေသည်ဟု သတင်းပေးချက်အရ ရဲတပ်ဖွဲ့ဝင်များက ၎င်းအိမ်အား ဝိုင်းရံထားကြောင်း သိရသည်။




မေ ၁၁ ရက် နံနက်ပိုင်းက အဆိုပါအိမ်အား ရဲတပ်ဖွဲ့က ဝင်ရောက်စီးနင်းရန် ကြိုးစားစဉ် အကြမ်းဖက်သမားလေးဦးက အသေခံဗုံးဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း အမည်မဖော်လိုသူ ရဲအရာရှိတစ်ဦးက ပြောသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါအိမ်အား ဝိုင်းထားစဉ် အကြမ်းဖက်သမားများက ပြန်လည်ခုခံပစ်ခတ်သဖြင့် ရဲတပ်ဖွဲ့ဝင်နှစ်ဦးလည်း ဒဏ်ရာရရှိခဲ့ကြောင်း အမည်မဖော်လိုသူ ရဲအရာရှိက ဆက်လက်ပြောကြားခဲ့သည်။

အဆိုပါ အကြမ်းဖက်သမားများသည် နီယိုဂျေအမ်ဘီအဖွဲ့မှ ဖြစ်နိုင်ကြောင်းယူဆရပြီး ၎င်းအဖွဲ့သည် ဂျာမာတူးမူဂျာဟစ်ဒင် ဘင်္ဂလားဒေ့ရှ်အကြမ်းဖက်အဖွဲ့၏ အစွယ်အပွားအကြမ်းဖက်အုပ်စုတစ်စုဖြစ်ကြောင်း သိရသည်။ ၎င်းအုပ်စုသည် ဒါကာမြို့ရှိ စပိန်ကော်ဖီဆိုင်တွင် ၂၀၁၆ ခုနှစ် ဇူလိုင် ၁ ရက်က အကြမ်းဖက်တိုက်ခိုက်မှုတစ်ခု လုပ်ဆောင်ခဲ့ရာ နိုင်ငံခြားသားအများစုအပါအဝင် လူ ၂၂ ဦးသေဆုံးခဲ့သည်။

ဘင်္ဂလားဒေ့ရှ်ရဲတပ်ဖွဲ့က အကြမ်းဖက်နှိမ်နင်းရေးစစ်ဆင်မှုများစွာကို လုပ်ဆောင်ခဲ့ရာ အကြမ်းဖက်သမားအဖြစ် သံသယရှိသူများစွာကို သုတ်သင်ရှင်းလင်းနိုင်ခဲ့ကြောင်း သိရသည်။

**(ဆင်ဟွာ)**

# မက္ကဆီကိုနိုင်ငံတွင် ဒဏ္ဍာရီဆန်ဆန်ပျောက်ဆုံးသွားသော ကျောင်းသားများအတွက် မိခင်များက အမေများနေ့တွင် ဆန္ဒပြ

**မက္ကဆီကိုစီးတီး မေ ၁၁**

လွန်ခဲ့သည့် နှစ်နှစ်ခန့်ကတည်းက ပျောက်ဆုံးသွားပြီး အသတ်ခံလိုက်ရသည်ဟု ယူဆရသော ကျောင်းသား ၄၃ ဦး၏ မိခင်များက မက္ကဆီကိုနိုင်ငံ မက္ကဆီကိုစီးတီးတွင် မေ ၁၀ ရက် အမေများနေ့က ဆန္ဒပြခဲ့ကြောင်း သတင်းများတွင်ဖော်ပြခဲ့သည်။

ပျောက်ဆုံးနေသော ကျောင်းသားများသည် နိုင်ငံတောင်ပိုင်း ဂူရီယိုပြည်နယ် အယိုဇီနက်ပါမြို့ရှိ ဆရာအတတ်သင်ကောလိပ်မှဖြစ်ကြောင်း သိရသည်။ ယင်းဒေသများသည် မူးယစ်ဆေးဝါးများ မှောင်ခိုတင်သွင်းရာတွင် နာမည်ကျော်ကြားသည့်ဒေသများဖြစ်သည်။

ဆန္ဒပြမိခင်များနှင့် ထောက်ခံသူများသည် အဖြူရောင်ဝတ်စုံဝတ်ဆင်ထားကာ ပျောက်ဆုံးသွားသော ကလေးများ၏ဓာတ်ပုံများကို ကိုင်ဆောင်ထားကြကြောင်းသိရပြီး နံနက် ၁၀ နာရီခွဲတွင် ဆန္ဒပြခဲ့ကြသည်။ မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် အကြမ်းဖက်မှုများကြောင့် မက္ကဆီကိုလူမျိုး ၂၈၀၀၀ ထက်မနည်း ပျောက်ဆုံးခဲ့ကြောင်း အစိုးရက ပြောကြားခဲ့သည်။ ကျောင်းသားများပျောက်ဆုံးမှုမှာ ယခုချိန်ထိ ပဟေဠိဆန်လျက်ရှိကြောင်း သိရသည်။

**(ဆင်ဟွာ)**

# ဆီးရီးယားသဘောတူညီချက်ထွက်ပေါ်လာသော်လည်း ကုလသမဂ္ဂက မေးခွန်းထုတ်စရာများရှိနေ



**ဂျီနီဗာ မေ ၁၁**

တိုက်ခိုက်မှုများ အင်အားလျော့နည်းလာပြီဟု အစီရင်ခံခဲ့သော်လည်း အကူအညီပေးရေးယာဉ်တန်းများ သတ်မှတ်နေရာသို့ ရောက်ရှိခြင်းမရှိဘဲ လုံးဝကြန့်ကြာနေမှုနှင့်ပတ်သက်ပြီး လွန်ခဲ့သော ရက်သတ္တပတ် က ရုရှား၊ တူရကီနှင့် အီရန်တို့ သဘောတူခဲ့သော ဆီးရီးယားအပစ်ရပ်စဲရေး သဘောတူညီချက်အပေါ် ကုလသမဂ္ဂအဖွဲ့ကြီးက မေးခွန်းထုတ်စရာများဖြစ်ခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် မေ ၁၁ ရက်က ဖော်ပြခဲ့သည်။

ရုရှား၊ တူရကီနှင့် အီရန်တို့က ဆီးရီးယားအရေးနှင့်ပတ်သက်ပြီး ကုလသမဂ္ဂအဖွဲ့ကြီးအား ဆွေးနွေးတင်ပြမှုများပြုလုပ်ခဲ့ကြောင်း၊ ၎င်းတို့အနေဖြင့် အဆိုပါသဘောတူညီချက်ကို အကောင်အထည်ဖော်နိုင်ရေးအတွက် ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှု လက်တွဲဖော်များနှင့် ပွင့်လင်းမြင်သာစွာလုပ်ဆောင်နေသည်ဟုဆိုကြောင်း ကုလသမဂ္ဂဆိုင်ရာ ဆီးရီးယားနိုင်ငံ လူသားချင်းစာနာမှုဆိုင်ရာ အကြံပေး ဂျန်အက်ဂီလန်းက သတင်းထောက်များကို ပြောခဲ့သည်။

ကုလသမဂ္ဂအဖွဲ့အနေဖြင့် ဆီးရီးယားသဘောတူညီချက်အပေါ် မေးခွန်းထုတ်စရာများစွာရှိနေသော်လည်း ယခုရောက်ရှိနေသောအတိုင်းအတာမှာ စိတ်ကျေနပ်စရာမကောင်းဘဲ အချိန်မရွေး ပျက်စီးသွားနိုင်ကြောင်း၊ ထို့ကြောင့် မည်သို့ပင်ဖြစ်စေကာမူ ဆီးရီးယားသဘောတူညီချက် အောင်မြင်ရန်လိုကြောင်း ဂျန်အက်ဂီလန်းက သတင်းထောက်များကို ပြောခဲ့သည်။

**(ရိုက်တာ)**

# တရုတ်နိုင်ငံ အနောက်မြောက်ပိုင်းဒေသတွင် အင်အားပြင်းငလျင်တစ်ခုလှုပ်ခတ်၊ လူရှစ်ဦးသေဆုံး

**ပေကျင်း မေ ၁၁**

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ရှင်ကျန်ဝီဂါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တက်ဇ်ကော်ဂန်စီရင်စုတွင် မေ ၁၁ ရက် ဒေသစံတော်ချိန် နံနက် ၅ နာရီ ၅၈ မိနစ်က အင်အား ၅ဒသမ ၅ အဆင့်ရှိ ငလျင်တစ်ခုလှုပ်ခတ်မှုဖြစ်ပွားခဲ့ရာ လူရှစ်ဦးသေဆုံးခဲ့ပြီး ၂၃ ဦးဒဏ်ရာရရှိခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ယခုအချိန်ထိ လူပေါင်း ၁၂၀၀၀ ငလျင်လှုပ်ခတ်မှုဒဏ်ကို ခံစားခဲ့ရကြောင်း သိရသည်။ စုစုပေါင်း လူ ၉၂၀၀ မှာ ဘေးကင်းရာသို့ ရွှေ့ပြောင်းမှုများ ပြုလုပ်ခဲ့ကြောင်းသိရသည်။ ဒဏ်ရာရရှိသူများကို ဆေးဝါးကုသမှုခံယူရန်ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

တပ်မတော်သားနှင့် ရဲတပ်ဖွဲ့ဝင် စုစုပေါင်း ၁၀၀၀ နှင့် အရပ်ဘက်မှ ၁၅၀၀တို့သည် ကယ်ဆယ်မှုများဆောင်ရွက်ရန် ငလျင်လှုပ်ရာဒေသသို့ သွားရောက်ခဲ့ကြောင်း သိရသည်။

ကယ်ဆယ်ရေးပစ္စည်းများမှာလည်း လမ်းတစ်ဝက်တွင် ရောက်ရှိနေပြီဖြစ်ကြောင်း ငလျင်အရေးပေါ် ကယ်ဆယ်ရေးဌာနချုပ်က ပြောခဲ့သည်။

ငလျင်ကြီး လှုပ်ခတ်ပြီးနောက် နောက်ဆက်တွဲလှုပ်ခတ်သော ငလျင်များမှာလည်း ပြင်းထန်ကြောင်း စီရင်စုအကြီးအကဲ ကွန်မြူနစ်ပါတီမှ ဝမ်ဖုရိုက ပြောကြားခဲ့သည်။ ငလျင်လှုပ်ခတ်ရာဗဟိုချက်အနီးတွင်ရှိသော လူအချို့မှာ အုတ်ဖြင့်ဆောက်သော အိမ်များအောက်တွင် ပိနေကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

စီရင်စုအစိုးရက ငလျင်လှုပ်ခတ်မှုကြောင့် ကွက်ဂွန်ရွာမြေအောက်တွင် ပိမိနေသူများကို ရှာဖွေရန် သက်ဆိုင်ရာတာဝန်ရှိသူများကို စေလွှတ်ခဲ့ကြောင်း သိရသည်။ လူဦးရေ ၄၄၉ ဦးရှိသည့် အဆိုပါ ရွာလေးမှာ ငလျင်ဒဏ်အဆိုးရွားဆုံးခံရသော ရွာလေးတစ်ရွာဖြစ်ကြောင်း ဝမ်က ပြောခဲ့သည်။

လျှပ်စစ်ပေးဝေရေး ကုမ္ပဏီက ငလျင်ဒဏ်ခံဒေသအပါအဝင် စီရင်စုတစ်စုလုံးတွင် လျှပ်စစ်ထောက်ပံ့ရေးများကို ပုံမှန်အတိုင်းရရှိအောင် ပြန်လည်တပ်ဆင်မှုများ ပြုလုပ်နေပြီဖြစ်ကြောင်း ပြောခဲ့သည်။

ယနေ့နံနက် ၁၀ နာရီတွင် ရှင်ကျန်ငလျင်တိုင်းတာရေးဗျူရိုက ငလျင်ကြီးလှုပ်ခတ်မှုပြုပြီးနောက် ငလျင်ငယ်ပေါင်း ၈၂ခု အထိ ထပ်မံလှုပ်ခတ်ခဲ့ကြောင်း ဆက်လက်ပြောကြားသည်။

**(ဆင်ဟွာ)**



# မိုးသက်လေပြင်းနှင့်အတူ လူနေအိမ် ၁၀ လုံး အမိုးလန်ပျက်စီး



**တပ်ကုန်း မေ ၁၁**

နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်တွင် မေ ၁၀ ရက် ညနေ ၄ နာရီခွဲခန့်က မိုးသက်လေပြင်းတိုက်ခဲ့ရာ သပြေချောင်းကျေးရွာအုပ်စု ဇီးကုန်းကျေးရွာ၌ လူနေအိမ် ၁၀ လုံး အမိုးလန်ပျက်စီးခဲ့သည်။

အဆိုပါကျေးရွာ လေဘေးသင့် အိမ်ထောင်စုများအတွက် မေ ၁၁ ရက် ညနေ ၃ နာရီက နေပြည်တော်ကောင်စီဝင် တပ်ကုန်းမြို့နယ်တာဝန်ခံနှင့် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနတို့က လေဘေးသင့်အိမ်ထောင်စု ၁၀ စု မိသားစုဝင်များအတွက် အမိုးလန်အိမ်ပြင်ဆင်စရိတ်ငွေ၊ ပစ္စည်း ၁၀ မျိုးပါ လူသုံးကုန်နှင့် ဆန်ဖိုးငွေများ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ပြီးနောက် နေပြည်တော်ကောင်စီဝင် တပ်ကုန်းမြို့နယ်တာဝန်ခံ ဦးတင်ထွင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင့်၊ နေပြည်တော် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဝင်းစန္ဒာကြည်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်တို့က ဒေသခံပြည်သူများကို အားပေးစကားပြောကြားပြီး သဘာဝဘေးအန္တရာယ်သိကောင်းစရာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**

# ဂန့်ဂေါတွင် လေဘေးထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်



**ဂန့်ဂေါ မေ ၁၁**

ဂန့်ဂေါမြို့နယ် ဇာဟော၊ လာပို့နှင့် ကျွန်းဒတ် ကျေးရွာတို့တွင် မေ ၉ ရက်က လေပြင်းတိုက်ခတ်ခဲ့ရာ ဇာဟောကျေးရွာတွင် လူနေအိမ် ၂၈ လုံး၊ လာပို့ကျေးရွာတွင် လူနေအိမ် ၁၂ လုံး၊ ကျွန်းဒတ်ကျေးရွာတွင် လူနေအိမ်အလုံး ၂၀ တို့ အမိုးများ ပျက်စီးသွားခဲ့သည်။

အဆိုပါ ပျက်စီးခဲ့သည့် မိသားစုများထံ မေ ၁၁ ရက်နံနက်က ဂန့်ဂေါမြို့နယ် ဇာဟောကျေးရွာ စာသင်ကျောင်း၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲပြုလုပ်ရာ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်မင်းလှိုင်၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးပြုံးလွင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဝင်းဇော်နိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်လှိုင်တို့က အိမ်အမိုးများပျက်စီးသွားသည့် လူနေအိမ် ၂၈ လုံး အတွက် ငွေကျပ်စုစုပေါင်း ၇၇၀၀၀၀ နှင့် မိသားစုဝင် ၁၀၂ ဦးအတွက် ဆန်ဖိုးငွေကျပ် စုစုပေါင်း ၂၁၄၂၀၀ ကို ပေးအပ်ထောက်ပံ့ကြသည်။

ထို့အတူ အဆိုပါနေ့တွင်လာပို့ကျေးရွာ စာသင်ကျောင်း၌ လာပို့ကျေးရွာတွင် အိမ်အမိုးများပျက်စီးသွားသည့် မိသားစုများထံ ထောက်ပံ့ပေးအပ်ပွဲပြုလုပ်ရာ အိမ်အမိုးများပျက်စီးသွားသည့် လူနေအိမ် ၁၂ လုံးအတွက် ငွေကျပ် ၃၆၀၀၀၀ နှင့် မိသားစုဝင် ၄၂ ဦးအတွက် ဆန်ဖိုးထောက်ပံ့ငွေကျပ် ၈၈၂၀၀ တို့ကိုလည်းကောင်း၊ ကျွန်းဒတ်ကျေးရွာတွင် အိမ်အမိုးများ ပျက်စီးသွားသည့် မိသားစုများထံ ထောက်ပံ့ပေးအပ်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ပြုလုပ်ရာ လူနေ အိမ်အလုံး ၂၀ အိမ်အမိုးများပျက်စီးမှုအတွက် ငွေကျပ် ၄၀၀၀၀၀ နှင့် မိသားစုဝင် ၈၇ ဦးအတွက် ဆန်ဖိုးငွေကျပ် ၁၈၂၇၀၀ တို့ကိုလည်းကောင်း ထောက်ပံ့ကြသည့်အပြင် ပစ္စည်းလေးမျိုးကိုလည်းထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သိရသည်။

(၁၀၁)

# လေပြင်းတိုက်ခတ်မှုကြောင့် ကျောက်တံခါးနှင့် ညောင်လေးပင်မြို့နယ်ကျေးရွာအချို့၌ ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်

**ကျောက်တံခါး မေ ၁၁**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ဂျောင်းတာကျေးရွာအုပ်စု အလုပ်စုကျေးရွာတွင် မေ ၁၀ ရက် ညနေ ၅ နာရီ မိနစ် ၂၀ ခန့်က မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်အဆောက်အအုံ၊ စာသင်ကျောင်းနှင့် ဓာတ်တိုင်များ လဲပြိုဆုံးရှုံးမှုဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

အဆိုပါဒေသ၌ လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ် ၁၆ လုံးပျက်စီးပြီး ကျောင်းစုကျေးရွာနှင့် အလုပ်စုကျေးရွာ သို့ သွယ်တန်းထားသည့် ကိုယ့်အားကိုယ်ကိုး လျှပ်စစ်ဓာတ်တိုင် အတိုင် ၆၀ ပြိုလဲပျက်စီးခြင်းနှင့် အမက(မူလွန်) စာသင်ကျောင်းတစ်ကျောင်း ပျက်စီးမှု ရှိခဲ့ကြောင်း သိရသည်။

အလားတူ ကျောက်တံခါးမြို့နယ် စစ်တောင်းမြစ်ကမ်းနံဘေးအနီးရှိ ကညင်ကျိုးကျေးရွာ၌လည်း မေ၁၀ ရက် ည ၁၁ နာရီခန့်က မိုးသက်လေပြင်း တိုက်ခတ်ခဲ့ရာ ကျေးရွာအတွင်းရှိ တိုက်နယ်ဆေးရုံ အမိုး သွပ်အချပ် ၁၀၀ ကျော်ခန့် လွင့်စဉ်ခဲ့ပြီး လူနေအိမ်တစ်လုံး ပျက်စီးကာ လေးအိမ်စုရွာ၌ လူနေအိမ်နှစ်လုံး အမိုးလန်ပျက်စီးမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

**ပိန်းဇလုပ်-သိန်းညွန့်**



ကျောက်တံခါးမြို့နယ် ကညင်ကျိုးကျေးရွာတိုက်နယ်ဆေးရုံ အမိုးများ လန်သွားသည်ကို တွေ့ရစဉ်

# ပုဗ္ဗသီရိမြို့နယ်တွင် လေပြင်းတိုက်မှုကြောင့် အိမ်များ အမိုးလန်ခြင်း၊ ပြိုကျပျက်စီးခြင်းများဖြစ်ပေါ်

**နေပြည်တော် မေ ၁၁**

နေပြည်တော် ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ် အတွင်းရှိ ကျေးရွာများတွင် မေ ၁၀ ရက်ညနေ ၄ နာရီခွဲက လေပြင်းတိုက်ခတ်မှုကြောင့် ကျေးရွာအတွင်းရှိ လူနေအိမ် ၂၁ လုံး ပြိုကျခြင်း၊ ၅၇လုံး အမိုးလန်ခြင်းများ၊ စာသင်ကျောင်းနှစ်ကျောင်း သွပ်ပြားလန်ခြင်းနှင့် ခြံစည်းရိုးပျက်စီးခြင်းတို့ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုကြောင့် ပုဗ္ဗသီရိမြို့နယ် ကျောက်စရစ်ကုန်းကျေးရွာတွင် လူနေအိမ်သုံးလုံး ပြိုကျပြီး ၄၄ လုံး သွပ်အမိုးလန်ခြင်း၊ ဇလုပ်ကြီးကျေးရွာတွင် လူနေအိမ်ရှစ်လုံးပြိုကျပြီး တစ်လုံး အမိုးလန်ခြင်း၊ အင်ကြင်းစုကျေးရွာတွင် လူနေအိမ် ခြောက်လုံး ပြိုကျပြီး ငါးလုံး သွပ်အမိုးလန်ခြင်း၊ ဖြုတ်ကုန်းကျေးရွာတွင် လူနေအိမ်တစ်လုံး အမိုးလန်ခြင်း၊ ငါးစိမ်းအင်းကျေးရွာတွင် လူနေအိမ်သုံးလုံး ပြိုကျပြီး ခြောက်လုံးအမိုးလန်ခြင်း၊ ဖြုတ်ခွဲကျေးရွာတွင် လူနေအိမ်တစ်လုံးတို့ ပြိုကျပျက်စီးခဲ့ပြီး ကျောက်စရစ်ကုန်းကျေးရွာ အမကကျောင်းတွင် သွပ်ပြားအချပ် ၂၀ အမိုးလန်ခြင်းနှင့်ဖြုတ်ကုန်းကျေးရွာ အမကကျောင်းတွင် သွပ်ကြိုးသံဆန်ခါခြံစည်းရိုး၁၆ ပေခန့် ပျက်စီးခဲ့ပြီး နေအိမ်ပြိုကျပျက်စီးသည့် အိမ်ထောင်စုများမှ မိသားစုဝင်များသည် ၎င်းတို့၏ ဆွေမျိုးသားချင်းနေအိမ်များသို့ ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိပြီး နေအိမ်များအား ကျေးရွာအကူအညီဖြင့် ပြန်လည်ဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။



**အောင်ကို (ပြန်/ဆက်)**

# တိုင်းဒေသကြီး/ပြည်နယ်အလိုက် မိုးရွာနိုင်မည့်အခြေအနေ

**နေပြည်တော် မေ ၁၁**

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီ တိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်ဖြစ်သည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်ဖြစ်သည်။

**(မိုး/ဇလ)**

# သန်လျင် - ခရမ်း မောင်းမချောင်းကူး ကုလားမတံတားဆောက်လုပ်ပြီးစီးမှု ဒေသခံပြည်သူများသွားလာမှုအဆင်ပြေ၊ ဒေသတွင်းဖွံ့ဖြိုးတိုးတက်လာ

**ရန်ကုန် မေ ၁၁**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ ဖားကူးအရှေ့ကျေးရွာနှင့် ခရမ်းမြို့ မောင်းမကျေးရွာသို့ ဆက်သွယ်ဆောက်လုပ်ထားသော မောင်းမချောင်းကူး ကုလားမတံတားသစ် ဆောက်လုပ်ပြီးစီးသွားသဖြင့် ဒေသခံပြည်သူများ သွားလာမှုအဆင်ပြေပြီး မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များဖြင့် မေ ၁၁ ရက် နံနက်ပိုင်းက အဆိုပါတံတားပေါ်မှ ဖြတ်သန်းသွားလာနေသည်ကို တွေ့မြင်ရသည်။

အဆိုပါ မောင်းမချောင်းကူး ကုလားမတံတားသည် ယခင်က ၁၄ ပေသစ်သားတံတားဖြစ်ပြီး ရာသီဥတုဒဏ်ကြောင့် တံတားကြံ့ခိုင်မှုအားနည်းလာသဖြင့် ဒေသခံပြည်သူများသွားလာမှုအဆင်ပြေစေရန်နှင့် ဒေသတွင်းဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အလျား ပေ ၆၀ ၊ အကျယ် ၃၁ ပေ၊ ခွင့်ပြုတန် ၆၀ ရှိ သံကူကွန်ကရစ်တံတားအား သန်လျင်မြို့နယ်လမ်းဦးစီးဌာနမှ ၂၀၁၆ ခုနှစ် ဧပြီလမှ လုပ်ငန်းစတင်ပြီး ၂၀၁၇ ခုနှစ် မတ်လတွင် လုပ်ငန်းများ ပြီးစီးခဲ့သည်။

သန်လျင်-ခရမ်းမောင်းမချောင်းကူး ကုလားမတံတားပေါ်တွင် ပြည်သူများ စိတ်ချမ်းမြေ့စွာ ဖြတ်သန်းသွားလာကြပြီး ကိုယ်ပိုင်ယာဉ်၊ မြေသယ်ယာဉ်၊ ကုန်တင်ယာဉ်များ သတ်မှတ်တန်ချိန်အတိုင်း ဖြတ်သန်းမောင်းနှင်ခွင့် ရရှိသဖြင့် ဒေသတွင်း ကုန်စည်စီးဆင်းမှုများ အဆင်ပြေပြီး ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေးများ တိုးတက်ကောင်းမွန်လာကြောင်း သိရသည်။

**သက်ခိုင် (သန်လျင်)**



# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၁၁**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၁၀ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၇၂ စီး၊ သွင်းကုန် ၄၄၉ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၂၇ စီး၊ သွင်းကုန် ၁၈၂ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၁၀ ရက် က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ရှစ်မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁ ဒသမ ၅၀၀၉ သန်းခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုလေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၉ ဒသမ ၅ သန်းခန့်၊ စုစုပေါင်းတားဆီးမှု ၁၂မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁ ဒသမ ၀၀၀၉ သန်းခန့် ဖမ်းဆီးရမိကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၁၀ ရက်တွင် မူဆယ်မှ မန္တလေးသို့ သွားရောက်မည့် မော်တော်ဆိုင်ကယ်အား သတင်းရရှိ၍ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၊ ဘိန်းဖြူဟု ယူဆရသည့် အဖြူရောင် အမှုန့်များ ၁၁ ဂရမ်နှင့် သယ်ဆောင်သည့်မော်တော်ဆိုင်ကယ်တစ်စီး စုစုပေါင်း ခန့်မှန်းတန် ဖိုးငွေကျပ် ၁ ဒသမ ၁၀၉ သန်းခန့်တို့ကို တွေ့ရှိရ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၊ ဘိန်းဖြူဟုယူဆရသည့် အဖြူရောင်အမှုန့်များ ၁၁ ဂရမ်

# ဝါန်းဇွန်မြို့နယ် ဝါန်းမြာကျေးရွာမှ တောင်သူများ မြေယာစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ ဆန္ဒထုတ်ဖော်

**မန္တလေး မေ ၁၁**

မန္တလေးတိုင်းဒေသကြီး ဝါန်းဇွန်မြို့နယ် ဝါန်းမြာကျေးရွာမှ တောင်သူ ၄၀၀ ခန့်သည် မြေနုမြေရင့်ဆိုင်ရာ စီမံခန့်ခွဲမှုများနှင့်စပ်လျဉ်း၍ ယနေ့နံနက်ပိုင်းတွင် ခွင့်ပြုချက်ရယူပြီး ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

အဆိုပါအဖွဲ့သည် မန္တလေးတောင်ခြေ၊ ကုသိုလ်တော်၊ ကျောက်တော်ကြီး၊ စန္ဒာမုနိဘုရားများအနီး၌ စုဝေးကာ ၆၂ လမ်းအတိုင်း ၁၉ လမ်းအထိ လမ်းလျှောက်ဆန္ဒထုတ်ဖော်ခဲ့ကြပြီး မူလစုရပ်သို့ ပြန်လည်ဝင်ရောက်၍ လူစုခွဲခဲ့ကြသည်။

**အေးမြ(မန္တလေး)**

# ပြင်ဦးလွင် ဓာတ်တော်ချိုင့်ရေတံခွန်၌ ရေနစ်မှုဖြစ်ပွား

**ပြင်ဦးလွင် မေ ၁၁**

ပြင်ဦးလွင်မြို့ဓာတ်တော်ချိုင့်ရေတံခွန်၌ မေ ၁၁ ရက် မွန်းလွဲ ၁ နာရီက ရေနစ်မှုတစ်ခု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်ပွားပုံမှာ ရှမ်းပြည်နယ်တောင်ပိုင်း မိုးနဲမြို့နယ် မယ်ဇလီမြိုင်နေ မောင်အာဆာ (၂၂ နှစ်) နှင့် မိုးနဲမြို့နယ် သာသနပါလ ကျောင်းနေ ရှင်နာလိန္ဒ သက်တော်(၁၆ နှစ်) တို့သည် မိုးနဲမြို့နေ ဦးပဥ္စင်းတစ်ပါး၊ ရှင်သာမဏေ တစ်ပါး၊ အမျိုးသားသုံးဦးတို့နှင့်အတူ ဓာတ်တော်ချိုင့်ရေတံခွန်သို့လာရောက်ပြီး ရေကူးကြရာ ရေနစ်သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အခင်းဖြစ်ပွားရာသို့ ရပ်ကွက်ကြီး (၁၇) အနီး စခန်းရွာအုပ်ချုပ်ရေးမှူး ဦးတင်မောင်ဆွေ၊ နယ်မြေခံရဲကင်းမှူး ရဲအုပ်ဆုရှင်တို့နှင့်အတူ ရဲတပ်ဖွဲ့ဝင်များ၊ အနီးစခန်းကျေးရွာမှ ရပ်မိရပ်ဖများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြပြီး အလောင်းများ ပြန်လည်ဆယ်ယူရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**



ရေနစ်သေဆုံးသူများအား တာဝန်ရှိသူများက ရှာဖွေမှုပြုလုပ်နေစဉ်

# မန္တလေး - မူဆယ်လမ်းရှိ နမ့်အွန်ကျေးရွာအနီး ပေ ၁၅၀ ကျော်ရှိ ချောက်ထဲသို့ ကုန်တင်ယာဉ်တစ်စီးထိုးကျ၍ သုံးဦးသေဆုံး



**သီပေါ မေ ၁၁**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ကျင်သီကျေးရွာအုပ်စု နမ့်အွန်(ရေပူ) ကျေးရွာအနီး မန္တလေး- လားရှိုး- မူဆယ်သွား ပြည်ထောင်စုလမ်းမကြီး မိုင်တိုင် အမှတ် ၁၁၉/၃-၄တွင် ယနေ့နံနက် ၁၁ နာရီခွဲက မန္တလေးမှ မူဆယ်ဘက်သို့ ကုန်မျိုးစုံတင်ဆောင်၍ယာဉ်မောင်း မြတ်ကျော် မောင်းနှင်လာသောကင်ဒါ ယာဉ်အမှတ် ၉က/-------သည် မောင်ဖုန်းတောင်အဆင်းကွေ့တွင် အရှိန်မထိန်းနိုင်ဘဲ ပေ ၁၅၀ ကျော်အနက်ရှိ ချောက်ထဲသို့ ထိုးကျသွားသည်။ **(အပေါ်ပုံ)**

အဆိုပါ ယာဉ်သည် ချောက်အတွင်းသို့ ထိုးကျသွားသဖြင့် ပဲခူးမြို့နေယာဉ်မောင်း မြတ်ကျော် (၄၉ နှစ်)၊ ယာဉ်ပေါ်ပါ နိုင်ဇော်လင်း (နေရပ် စိစစ်ဆဲ)နှင့် မန္တလေး မဟာအောင်မြေရပ်နေ ဒေါ်နှင်းဝေ (၄၆ နှစ်)တို့ သေဆုံးခဲ့သည်။

အခင်းဖြစ်ပွားရာသို့ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာသားများ၊ အမှတ် (၁၂၀) ယာဉ်ထိန်းရဲတပ်ဖွဲ့စု (သီပေါ)မှ တာဝန်ခံတပ်ကြပ်ကြီး ဝင်းဇော်လတ်နှင့်အဖွဲ့က လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးကြပြီး ယာဉ်မောင်းအား သီပေါရဲစခန်းက အမှုဖွင့်အရေးယူထားသည်။

အဆိုပါ သီပေါနှင့် ကျောက်မဲ ပြည်ထောင်စုလမ်းမကြီးရှိ မောင်ဖုန်းတောင်ကားလမ်းမှ တောင်အောက်ရှိ ရထားသံလမ်းအထိပေ ၁၅၀ ကျော် အနက်ရှိပြီး ကုန်တင်ယာဉ်နှင့် အခြားယာဉ်များမှာ မကြာခဏချောက်ထဲထိုးကျဖူးသဖြင့် အသူရာချောက်ဟု ခေါ်တွင်ကာ ယခင်က အန္တရာယ်ကုန်းဆင်းဟု သတိပေးဆိုင်းဘုတ်များ တပ်ဆင်ပေးခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## မီးပေါ့ဆမှုကြောင့် မီးလောင်မှုဖြစ်

**သရက်ချောင်း မေ ၁၁**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် သရက်နှစ်ခွကျေးရွာ အေးချမ်းမြိုင် ဓမ္မရိပ်သာကျောင်းဝင်းအတွင်း၌ မေ ၁၀ ရက် နံနက် ၈ နာရီ ၁၅ မိနစ်က မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်မှုတွင် အလျား၂၄ ပေ၊ အနံ ၁၂ ပေရှိ ပျဉ်ခင်းပျဉ်ကာ၊ ခနိမိုး၊ တရားအားထုတ် နှစ်ထပ်ဆောင်၌ မီးကြွင်းမီးကျန်မှုတစ်ဆင့် မီးလောင်မှုဖြစ်ပွား၍ သရက်ချောင်းမြို့နယ် မီးသတ်ဦးစီးဌာနဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မီးသတ်ယာဉ်နှစ်စီး၊ ရေသယ်ယာဉ်တစ်စီးနှင့် ဒေသခံပြည်သူများဖြင့် မီးငြှိမ်းသတ်မှုကြောင့် နံနက် ၉ နာရီ မိနစ် ၂၀ တွင် မီးငြှိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုနှင့်ပတ်သက်ပြီး မီးပေါ့ဆစွာသုံးစွဲသူ ဒေါ်လှသန်းအား သရက်ချောင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**နိုင်ဝင်း(ပြန်/ဆက်)**



# စမ်းချောင်းရှိ မြိတ်ကတ်ကြေးကိုက်ဆိုင် လေအေးပေးစက် အပူလွန်ကဲရာမှ မီးလောင်

**စမ်းချောင်း မေ ၁၁**

စမ်းချောင်းမြို့နယ် ကျွန်းတော (တောင်) ရပ်ကွက် ညောင်တုန်းလမ်း အမှတ် (၃) နှစ်ထပ်တိုက် မြိတ်ခေါင်းဖြူကတ်ကြေးကိုက်ဆိုင်၌ မေ ၁၀ ရက် ည ၉ နာရီခွဲခန့်က မီးလောင်မှုဖြစ်ပွားခဲ့သည်။ **(ဝဲပုံ)**

မီးလောင်ရခြင်းအကြောင်းရင်းမှာ ဆိုင်တွင်တပ်ဆင်ထားသော လေအေးပေးစက် အပူလွန်ကဲရာမှ စတင်မီးလောင်ရခြင်းဖြစ်ကြောင်း သိရသည်။

မီးလောင်မှုကို အုပ်ချုပ်ရေးမှူးယာဉ်သုံးစီးနှင့်အတူ အဆင့်(၁) မီးငြှိမ်းသတ်ရေးယာဉ်များဖြင့် မီးငြှိမ်းသတ်ပေးခဲ့သည်။

မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများ၏ ဝိုင်းဝန်းငြှိမ်းသတ်မှုကြောင့် ည ၉ နာရီ ၄၅ မိနစ်ခန့်တွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုကြောင့် ဆိုင်အတွင်းရှိ ပစ္စည်းများဆုံးရှုံးခဲ့ပြီး ဆိုင်ရှင်ဖြစ်သူ ဦးအောင်မျိုးဦး (၇၆ နှစ်)အား စမ်းချောင်းမြို့နယ် မြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုကြီးတင်**

# တောင်ငူခရိုင် အုတ်တွင်းမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀ ကျော် ဖမ်းဆီးရမိ



**တောင်ငူ မေ ၁၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် နတ်စင်ကုန်းကျေးရွာအုပ်စု ကွမ်းသီးခြံကျေးရွာနေ ကိုတင့်လွင်၏ ငါးကန်ခြံဝင်းအတွင်းရှိ မြေစိုက်တဲ၌ မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းအရ မေ ၁၁ ရက် နံနက် ၈ နာရီခွဲခန့်က သွားရောက်ဖမ်းဆီးရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၅၆၉ ပြား ဖမ်းဆီးရမိခဲ့ကြောင်း တောင်ငူခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

အဆိုပါ ငါးကန်သို့ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ်တင်ဦးနှင့်အဖွဲ့၊ မြို့နယ်ရဲစခန်းမှ ဒုရဲအုပ် မင်းမင်းဇော် ပူးပေါင်းအဖွဲ့တို့သည် ဝင်ရောက်ရှာဖွေရာ ငါးကန်ခြံအတွင်းရှိ မြေစိုက်တဲတွင် တောင်ငူမြို့နေ တင့်လွင်(၂၉ နှစ်)၊ အုတ်တွင်းမြို့နေ ကိုအောင် (၃၆ နှစ်) တို့ကို တွေ့ရပြီး ခြံဝင်းအတွင်း နောက်ဖေးတွင် တောင်ငူမြို့နေ ထက်ကို(၂၅ နှစ်)အား တွေ့ရှိကာ ၎င်းတို့သုံးဦးကို ရှာဖွေရာ ထက်ကို ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၈ ပြားပါ အထုပ်တစ်ထုပ်နှင့် မူးယစ်ဆေးဝါး ရောင်းချရငွေ ကျပ် တစ်သိန်းကိုးထောင် တွေ့ရှိပြီး ကိုအောင်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား တစ်ပြား၊ ငွေစက္ကူရောရာ ငွေကျပ် လေးသိန်းခုနစ်သောင်း ထောင့်ရှစ်ရာနှင့် တင့်လွင် တဲအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား စုစုပေါင်း ၃၄၄၀ တွေ့ရှိပြီး တင့်လွင် တဲအရှေ့၌ မူးယစ်ဆေးဝါးရောင်းချရာတွင် အသုံးပြုသည့် Zoomerx ထိုင်းနိုင်ငံထုတ် ဆိုင်ကယ် တစ်စီးနှင့် HONDA Stream ယာဉ် တစ်စီးတို့ကို ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ မူးယစ်ဆေးဝါး ရောင်းချသူတို့အား အုတ်တွင်းမြို့နယ်ရဲစခန်းမှ အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သူရ(တောင်ငူ)**

# အောင်သိဒ္ဓိစေတီတော် အဝင်မုခ်ဦးအား သဲတင်ယာဉ် ကျမ်းတုံးချော်ရာမှ ဝင်တိုက်

**ဟိုင်းကြီးကျွန်း မေ ၁၁**

ဟိုင်းကြီးကျွန်းမြို့ ကျောက်ချောင်းကျေးရွာအုပ်စု သံကြိုးလမ်းကျေးရွာတွင် မေ ၁၀ ရက် ည ၇ နာရီခွဲခန့်က သဲတင်ယာဉ်တစ်စီး သဲများချနေစဉ် ကျမ်းတုံးချော်ပြီး တောင်ပေါ်မှ လိမ့်ဆင်းလာကာ တောင်ခြေရှိ အောင်သိဒ္ဓိစေတီတော် မုခ်ဦးတိုင်အား ဝင်တိုက်မိပြီး မုခ်ဦးပြိုကျကာ သဲတင်ယာဉ်ပေါ် ပိသွားခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

ဖြစ်စဉ်မှာ ယာဉ်မောင်း ကျော်ဇင်ထွန်း ဖောင်တိုးကျေးရွာနေ မောင်းနှင်လာသော ဖောကာယာဉ်သည် ကျောက်ချောင်းကျေးရွာအုပ်စု သံကြိုးလမ်းကျေးရွာ ဇေယျသိဒ္ဓိကုန်းတော်(တောင်ကုန်း)ရှိ အောင်သိဒ္ဓိစေတီတော် ရင်ပြင်တော်ပေါ်ရှိ ဇရပ်များ ဆောက်လုပ်ရာနေရာသို့ သဲများချနေစဉ် ကျမ်းတုံးချော်ပြီး ကားမှာ တောင်ပေါ်မှ တောင်အောက်သို့ လိမ့်ဆင်းလာကာ တောင်ခြေရှိ မုခ်ဦးတိုင်အား ဝင်တိုက်၍ မုခ်ဦးပြိုကျကာ ကားပေါ်ပိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ မုခ်ဦးပြိုကျမှုနှင့် ပတ်သက်၍ လူသေဆုံးမှုမရှိကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်နှင့်စပ်လျဉ်း၍ ယာဉ်မောင်း ကျော်ဇင်ထွန်းအား ဟိုင်းကြီးကျွန်းမြို့ နယ်မြေခံရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

# ဆီအုန်းစိုက်ခင်းအတွင်း ထိုင်းနိုင်ငံသားတစ်ဦး သေနတ်ဒဏ်ရာဖြင့်သေဆုံး

**တနင်္သာရီ မေ ၁၁**

တနင်္သာရီတိုင်းဒေသကြီး မော်တောင်မြို့နယ် အမှတ်(၃)ကျေးရွာ ပြည့်ဖြိုးထွန်း ဆီအုန်းစိုက်ပျိုးခင်းအတွင်း ထိုင်းနိုင်ငံသားတစ်ဦးသည် ဦးခေါင်းယာဘက်ချိုစောင်း၌ သေနတ်ဒဏ်ရာဖြင့် မေ ၁၀ ရက် ည ၁၀ နာရီ ၅ မိနစ်တွင် သေဆုံးနေကြောင်း သတင်းရရှိသဖြင့် မော်တောင်နယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်အေးနိုင်နှင့်အဖွဲ့က အခင်းဖြစ်ရာသို့ သွားရောက်စစ်ဆေးခဲ့သည်။

ဖြစ်စဉ်မှာ မော်တောင်နယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်အေးနိုင် သည် တာဝန်ထမ်းဆောင်နေစဉ် ပြည့်ဖြိုးထွန်းဆီအုန်းစိုက်ပျိုးရေးကုမ္ပဏီ တာဝန်ခံ ဦးစည်သူဟိန်းသည် ဝန်ထမ်းအိမ်ရာတွင်ရှိနေစဉ် အဆိုပါ ကုမ္ပဏီ၏ စက်ယန္တရားအလုပ်သမား အဆောင်တွင် မေ ၇ ရက် TBP-11591 ဖြင့် ရောက်ရှိနေထိုင်သည့် ထိုင်းနိုင်ငံသား Mr. Chai Ched (၃၃ နှစ်) စက်ပြင်ဆရာ ဝါရိုင်းကျေးရွာ တက်ကာအန်နွေမြို့ စကွန်နခေါ်ခရိုင်နေသူသည် စက်ယန္တရားအလုပ်သမား အဆောင်အနီး အမှတ်(၃) ကျေးရွာမှ တကောဖောလူကျေးရွာသွား ကားလမ်းနံဘေးနေရာတွင် ဦးခေါင်း ယာဘက်ချိုစောင်း သေနတ်ဒဏ်ရာတစ်ချက်ဖြင့် လဲကျသေဆုံးနေသည်ကို ၎င်းကုမ္ပဏီမှအလုပ်သမား အောင်ကျော်ဟိန်း ပြောပြချက်အရ သိရှိရသဖြင့် စိုက်ပျိုးရေးတာဝန်ခံ ဦးစည်သူဟိန်းနှင့် ကြီးကြပ်ရေးမှူးများဖြစ်သည့် ဦးဇေယျာလင်း၊ ဦးခင်မောင်ဝင်း၊ ဦးမြအေး၊ ဦးရဲလင်းအောင်တို့နှင့်အတူ အခင်းဖြစ်ရာသို့ သွားရောက်ကြည့်ရှုခဲ့ကြောင်း၊ သေဆုံးသူနှင့်အတူ နေထိုင်ကြသည့် ဇင်ကိုဝင်းနှင့် ထွေးကိုဝင်းတို့ နှစ်ဦးအား မေးမြန်းရာ ၎င်းတို့သည် တကောဖောလူကျေးရွာသွား ကားလမ်းနံဘေးတွင် ဖုန်းပြောနေစဉ် သေနတ်ဒဏ်ရာဖြင့် သေဆုံးနေသည်ကို မြင်တွေ့ရ၍ ကိုအောင်ကျော်ဟိန်းထံသို့ ဖုန်းဖြင့်အကြောင်းကြားခဲ့ကြောင်း၊ သေဆုံးသူ ထိုင်းနိုင်ငံသား၏ အလောင်းအား ရဲဆေးစာနှင့်အတူ တနင်္သာရီမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

ထိုင်းနိုင်ငံသား Mr. Chai Ched ကို သေဆုံးမှုနှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူအား စုံစမ်းဖော်ထုတ်အရေးယူဆောင်ရွက်ပေးရန် ပြည့်ဖြိုးထွန်း ဆီအုန်းစိုက်ပျိုးရေးကုမ္ပဏီ တာဝန်ခံ ဦးစည်သူဟိန်းက တရားလိုပြုလုပ်တိုင်တန်းသဖြင့် မော်တောင်နယ်မြေရဲစခန်း၏ (ပ)၇ / ၂၀၁၇၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂ ဖြင့် မေ ၁၁ ရက် နံနက် ၃ နာရီ မိနစ် ၅၀ တွင် အမှုဖွင့်အရေးယူဆောင်ရွက်ထားရှိပြီး အမှုစစ် ရဲအုပ်အေးနိုင်က စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့မရဲစခန်းက သတင်းရရှိသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**



# အမြန်လမ်း၌ ငါးများတင်ဆောင်လာသည့်ယာဉ်က ရှေ့မှယာဉ်ကို ဝင်တိုက်

**နေပြည်တော် မေ ၁၁**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ မိုင်တိုင်အမှတ် (၁၆၄/၆-၇)ကြား ရန်ကုန်မှ နေပြည်တော်ဘက်သို့ ငါးများတင်ဆောင်ပြီး ယာဉ်မောင်း စန်းဝေ မောင်းနှင်လာသော ကင်တာယာဉ်မှာ မေ ၁၁ ရက် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်က အရှိန်မထိန်းနိုင်ဘဲ ရှေ့မှ ယာဉ်မောင်း ဦးသက်စိုးမောင် မောင်းနှင်နေသည့် ဟွန်ဒါဖစ်ယာဉ်အား နောက်မှ ဝင်တိုက်ခဲ့ရာ ကင်တာယာဉ်မှာ တိမ်းမှောက်ခဲ့ပြီး ဟွန်ဒါဖစ်ယာဉ်မှာ လမ်းဘေး မြေသားပေါ်တွင် ရပ်ထားသော ဟိုင်းလပ်ယာဉ်အား ထပ်မံတိုက်မိခဲ့သည်။

ဖြစ်စဉ်ကြောင့် ယာဉ်ပေါ်ပါရှိသူများ အန္တရာယ်ကင်းခဲ့သော်လည်း ယာဉ်များမှာ အနည်းငယ်ပျက်စီးသွားခဲ့သည်။ သို့ဖြစ်၍ ယာဉ်ကိုမဆင်မခြင်မောင်းနှင်သူ ကင်တာယာဉ်မောင်းအား သာဂရအမြန်လမ်းရဲတပ်ဖွဲ့က အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ညီညီသန်း(နေပြည်တော်)**

## လမ်းဘေးရပ်ထားသော ယာဉ်ကို ကင်တာယာဉ်က ဝင်တိုက် ယာဉ်မောင်းသေဆုံး

**တိုက်ကြီး မေ ၁၁** - တိုက်ကြီးမြို့နယ် ရန်ကုန်-ပြည် ကားလမ်းအတိုင်း တိုက်ကြီးသို့ ယာဉ်မောင်း ချမ်းငြိမ်း မောင်းလာသော 2H/---- ကင်တာ အငှားယာဉ်သည် မိုင်တိုင်အမှတ် (၄၆/၆-၇)ကြားတွင် လားရာတူ ယာဘက်လမ်းဘေး၌ ရပ်ထားသော 6B/---- ဖူဆို အငှားယာဉ် ၁၂ ဘီးယာဉ်ကို အရှိန်မထိန်းနိုင်ဘဲ နောက်မှဝင်တိုက်မိသဖြင့် ယာဉ်မောင်း ချမ်းငြိမ်းမှာ ပြင်းထန်စွာ ဒဏ်ရာရရှိပြီး ယာဉ်ပေါ်ပါ မအေးအေးမော်နှင့် မစန္ဒာထွေးတို့ ဒဏ်ရာများရရှိသဖြင့် တိုက်ကြီးဆေးရုံသို့တင်ပို့ခဲ့ရာ ယာဉ်မောင်း ချမ်းငြိမ်း(၂၈ နှစ်)မှာ တိုက်ကြီးဆေးရုံ၌ သေဆုံးသွားသဖြင့် တိုက်ကြီးရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**


**ဖခင်အမည်မှန်**

မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့နယ် အထက(ဆိပ်ဖြူ)န၀မတန်းတွင်မှ မသက်သက်ထွေး၏ဖခင် ဦးညိုထွေး ၈/ဆဖန(နိုင်)၀၁၄၄၅၈ အမည်မှန်မှာ ဦးအောင်စိုးနိုင် ဖြစ်ပါကြောင်း။

**ဦးအောင်စိုးနိုင်**

**အမည်ဖြည့်စွက်ခြင်း**

အထက(၁) ကျောက်တန်းမှ အလယ်တန်းပြဆရာမ ဒေါ်စန်းအိန်၏ အမည်ဒေါ်စန်းအိန် (ခ) ဒေါ်စန်းအိမ် ၁၂/ကတန(နိုင်)၀၉၈၄၀၁ဟု အမည်ဖြည့်စွက်ခေါ်ပါရန်။

**ဖခင်အမည်မှန်**

သနပ်ပင်မြို့နယ်၊ ကမာစဲ အထက တက္ကသိုလ်ဝင်တန်းမှ မယုနှင်းခိုင်၏ ဖခင်အမည်မှန်မှာ ဦးဝင်းမြင့် ၇/သနင(နိုင်)၀၁၉၃၇၅ ဖြစ်ပါကြောင်း။

**အမည်ပြောင်း**

မင်းဘူး(စကု)မြို့၊ ကျောက်တန်းကျေးရွာ (ညောင်ပင်ဝိုင်း)နေ ဦးချစ်ထွေး၏သား မောင်ဟိန်းဇေယျာကျော်အား မောင်ကျော်ဇောလင်း၊ သမီး မသက်ဖူးဝေအား မခိုင်ဇာလင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ကျော်ဇောလင်း၊ မခိုင်ဇာလင်း**

**ဖခင်အမည်မှန်**

မင်းဘူး(စကု)မြို့နယ် အလပ္ပါယ် ကျေးရွာ အမကမှ မောင်ဝင်းသူနိုင် (စတုတ္ထတန်း)၊ မအိသူဇာခိုင် (စတုတ္ထတန်း)၊ မနွယ်ဇာလင်း ဒုတိယတန်းတို့၏ ဖခင်အမည်မှန်မှာ ဦးမောင်ထိုက် ၈/မဘန(နိုင်)၀၂၃၄၄၈ ဖြစ်ပါကြောင်း။

**ဦးမောင်ထိုက်**

**ဖောင်းကြွပျောက်ဆုံး လျှောက်ထားခြင်း**

ယာဉ်အမှတ် 6J/6731 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပဲခူး)**

**ငြင်းချက်ထုတ်ရန်သမ္မန်စာ**
**(တရားမကျင့်ထုံး ကိုဒ့ဥပဒေအမိန့်-၅၊ နည်း-၂၀)**
**မော်လမြိုင်မြို့နယ်တရားမရုံး၌**
**၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၁၅၆**

ဦးကျော်ဇင်သန့် **နှင့်** ဒေါ်မေသန္တာထွန်း(ခ)စဂျီဒါဘီ

**တရားလို** **တရားပြိုင်**

တိုက်အမှတ် ၃၄၊ (ဘီ-၄)၊ မဟာမြိုင်အိမ်ရာ၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်တိုင်း ဒေသကြီးနေ ဒေါ်မေသန္တာထွန်း(ခ)စဂျီဒါဘီ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုခြင်းရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ ခုနှစ် မေ ၂၃ ရက် (၁၃၇၉ ခုနှစ် ကဆုန်လပြည့်ကျော် ၁၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေ ရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ ခုနှစ် မေ ၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စိုးမင်း)**
**မြို့နယ်တရားသူကြီး**
**မော်လမြိုင်မြို့နယ်တရားရုံး**

**CLAIMS DAY NOTICE**

**M.V VIKING AMBER VOY:NO(14)**

Consignees of cargo carried by M.V VIKING AMBER VOY:NO(14) are here by notified that the vessel will arrive on about 13-5-17 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

**ဆရာကျော် "ဝါရင့်ကျွမ်းကျင်ယာဉ်မောင်း"**

ကားတစ်စီးအား ယုံကြည်စိတ်ချစွာ မောင်းနှင်နိုင်ရန် သင်ကြားပေးသည်။ လိုင်စင်ကိစ္စဆောင်ရွက်ပေးမည်။

Ph : 09-512-1284, 09-420-707802, 09-250-066210

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၄၀ယ/၂၈၅၆၉၊ Nulang-125 ယာဉ်လက်ဝယ်ရှိသူ ဦးခိုင်စိုး ၉/မလန(နိုင်) ၁၄၀၂၈၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန(မိတ္ထီလာခရိုင်)**

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း**
**မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၏ သီးခြားငွေထုတ်စာရင်းခေါင်းစဉ်ဖြင့် ဆောင်ရွက်မည့်မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်များတွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းများ ပိုမိုကောင်းမွန်စေရေးဆောင်ရွက်နိုင်ရန် အောက်ဖော်ပြပါ ၁၁/၀ဒသမ၄ကေဗွီ(၂၀၀)ကေဗွီအေ ထရန်စဖော်မာ ဆက်စပ်ပစ္စည်းများဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါ ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမည် |
|---|---|---|
| (က) | 1-2(T)MESC/2017-2018 | မန္တလေးတိုင်းဒေသကြီးအတွင်း၏ မြို့နယ်များတွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်းများ ပိုမိုကောင်းမွန်စေရေးဆောင်ရွက်နိုင်ရန် ၁၁/၀ဒသမ၄ ကေဗွီ (၂၀၀)ကေဗွီအေ ထရန်စဖော်မာ ဆက်စပ်ပစ္စည်း (၁၂)မျိုး ဝယ်ယူခြင်း |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၂-၅-၂၀၁၇ရက်တွင် စတင်၍ ရောင်းချမည်ဖြစ်ပြီး ၁၂-၆-၂၀၁၇ရက် ၁၃း၀၀နာရီတွင် တင်ဒါပိတ်မည် ဖြစ်ပါသည်။

၃။ တင်ဒါစိစစ်ရွေးချယ်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါ သည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(ရုံးချုပ်)**
**၂၇ လမ်း၊ ၇၇×၇၈ ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-၀၂-၆၉၁၂၁၊ ၀၂-၇၃၈၀၁**

**ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း**

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ရွှေအင်ကြင်း(၁)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁/ရွှေအင်ကြင်းရပ်)၊မြေကွက်အမှတ်(ဒ-၄၂၈)၊ဧရိယာသုည ဒသမ၀၈၂ဧကရှိ ဦးလွင်ဦး(ဘ)ဦးတင်မောင် ၉/လဝန(နိုင်)၀၁၅၅၈၉ အမည်ပေါက် ပါမစ်မြေကွက်အား ဦးလွင်ဦး ကွယ်လွန်သဖြင့် ဇနီးဖြစ်သူဒေါ်ခင်သန်းလင်း(ဘ)ဦးအေးမောင် ၉/လဝန(နိုင်)၀၁၅၅၆၉ မှ လက်ဝယ်ထားရှိ ပိုင်ဆိုင်ကြောင်းတရားရုံးကျမ်းကျိန်လွှာများတင်ပြ၍ မြေပေးမိန့် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်းကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ အဆိုပါမြေပေးမိန့်ကို ထုတ်ပေးသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်မြို့ဖိတ်ခေါ် Mountain Bike စက်ဘီးပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် မေ ၁၁**

စက်ဘီးအားကစားနည်းကို ပြည်သူများ စိတ်ပါဝင်စားလာစေရန် မျိုးဆက်သစ် စက်ဘီးအားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန၏ ညွှန်ကြားမှုဖြင့် မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်၊ ACE ဆောက်လုပ်ရေးကုမ္ပဏီနှင့် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာ ဦးစီးဌာနတို့ ပူးပေါင်း၍ ရန်ကုန်မြို့ဖိတ်ခေါ် Mountain Bike စက်ဘီး ပြိုင်ပွဲကို မေ ၂၇ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး မြောက်ဒဂုံ Mountain Bike စက်ဘီးကွင်းတွင် ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်လိုသူများအနေဖြင့် မေ ၂၅ ရက် နောက်ဆုံးထား၍ ဖုန်းနံပါတ် ၀၉-၄၂၀၀၀၃၈၁၁၊ ၀၉-၂၅၀၂၀၅၆၅၂ တို့သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

## အမျိုးသမီးလိဂ်ပြိုင်ပွဲတွင် မြဝတီအသင်း ဂိုးပြတ်အနိုင်ရပြီး ထိပ်ဆုံးသို့ရောက်ရှိ

၂၀၁၆-၂၀၁၇ ရာသီ အမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ် (၅) နောက်ဆုံးနေ့ကို ယနေ့ညနေပိုင်းက ပဒုမ္မာကွင်း၌ ဆက်လက်ကျင်းပရာ မြဝတီအသင်းက ဂန္ဓမာအသင်းကို ခုနစ်ဂိုး-တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရခဲ့သည်။

မြဝတီအသင်းသည် ယခုပွဲအနိုင်ရခဲ့သောကြောင့် အမှတ်ပေးဇယားထိပ်ဆုံးနေရာသို့ တက်လှမ်းလာနိုင်ခဲ့ပြီး ဒုတိယနေရာမှ အားကစားနှင့်ကာယပညာဦးစီးဌာနအသင်းကို တစ်ပွဲလျော့တစ်မှတ်အသာဖြင့် ဦးဆောင်နိုင်ခဲ့သည်။ မြဝတီအသင်းသည် ခြေအသာဖြင့်ကစားကာ ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်ပြီး ဂိုးများကို ၂၊ ၈၊ ၄၇၊ ၅၀၊ ၆၇ မိနစ်တွင် ဝင်းသီဂီထွန်း၊ ၁၁ မိနစ်တွင် တင့်တင့်ထွန်းနှင့် ၅၉ မိနစ်တွင် ရှုပါခိုင်တို့က သွင်းယူခဲ့သည်။ ဂန္ဓမာအသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၂၅ မိနစ်တွင် မေစံပယ်ဖူးက သွင်းယူပေးခဲ့သည်။ ပွဲစဉ် (၆) ကို မေ ၁၆ ရက်တွင် ပြန်လည်ကျင်းပမည်ဖြစ်သည်။

**ဖိုးသော်ဇင်**

## အလွတ်တန်းဖိတ်ခေါ်ဘတ်စကက်ဘော ဖိုလ်လုပွဲများကျင်းပ

**ရန်ကုန် မေ ၁၁**

နွေရာသီဖိတ်ခေါ်အလွတ်တန်းနှင့် အသက် ၁၉ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ ဖိုလ်လုပွဲများကို မေ ၉ ရက်ညက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပခဲ့သည်။

ဖိုလ်လုပွဲပြိုင်ပွဲများအပြီး အသက် ၁၉ နှစ်အောက် အလွတ်တန်းအမျိုးသား၊ အမျိုးသမီး၊ ပထမ၊ ဒုတိယ၊ တတိယ၊ အသက် ၁၉ နှစ်အောက် အမျိုးသမီးအကောင်းဆုံးဆုရ မွန်ပြည်နယ်အသင်းမှ အိအိခိုင်သွယ်၊ အမျိုးသားအကောင်းဆုံးဆုရ ကယားပြည်နယ်အသင်းမှ ပြည့်စုံဘုန်းနိုင်၊ အလွတ်တန်းတွင် အမျိုးသမီးအကောင်းဆုံးဆုရ MBF (A)အသင်းမှ သက်စုထွေး၊ အမျိုးသားအကောင်းဆုံးဆုရ ပျံလွှားအသင်းမှ Justin Edunrd ၊ အသက် ၁၉ နှစ်အောက် အမျိုးသမီးပထမဆုရ မွန်ပြည်နယ်၊ အမျိုးသား ပထမဆုရ ကယားပြည်နယ်၊ အမျိုးသမီးအလွတ်တန်း ပထမဆုရ MBF Senior အသင်းနှင့် အမျိုးသားအလွတ်တန်း ပျံလွှားအသင်းတို့အား တစ်ဦးချင်းဆု၊ ငွေသားဆုနှင့် တံခွန်စိုက်ဆုဖလားများကို မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**





**ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ မေ ၁၁ ရက်မှ ၃၀ ရက်အထိ မြန်မာပီတန်းအားကစားအဖွဲ့ ပူးတွဲလေ့ကျင့်ရန်နှင့် ဖိတ်ခေါ်ပြိုင်ပွဲများယှဉ်ပြိုင်ရန် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး မြန်မာနိုင်ငံပီတန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ဇင်မိုးဦးဆောင်၍ မေ ၁၁ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားရာ ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်**

တင်စိုး(မြန်မာ့အလင်း)

## အက်သလက်တီကိုတို့ ရီးရဲကိုအနိုင်ရသော်လည်း ချန်ပီယံလိဂ်မှ နှုတ်ဆက်ထွက်ခွာခဲ့ရ

ယူအီးအက်ဖ်အေချန်ပီယံလိဂ် အကြိုဖိုလ်လုပွဲ ဒုတိယအကျော့ပွဲစဉ်တစ်ပွဲဖြစ်သော အက်သလက်တီကိုနှင့် ရီးရဲမက်ဒရစ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ အက်သလက်တီကိုအသင်း နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သော်လည်း နှစ်ကျော့ပေါင်းရလဒ် လေးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

ပထမအကျော့ ရီးရဲအိမ်ကွင်းတွင် ယှဉ်ပြိုင်ခဲ့စဉ်က သုံးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီး ယနေ့ပွဲတွင် အိမ်ရှင်အက်သလက်တီကို အသင်း ၄-၄-၂ ကစားကွက်ဖြင့် တိုက်စစ်ပိုင်း၌ ဝါရင့်ကစားသမား တောရက်စ်နှင့် ဂရေဇ်မန်းတို့ ပွဲထွက်ခဲ့ပြီး ရီးရဲသည် ကစားကွက်ပြောင်းကာ ၄-၁-၂-၁-၂ ပုံစံဖြင့် ဘင်ဇီမာနှင့် စီရော်နယ်ဒိုအတွဲ ပွဲထွက်ခဲ့သည်။ ပွဲချိန် ၁၂ မိနစ်တွင် ကွင်းလယ်ကစားသမား နီဂက်ဇ်၏ခေါင်းတိုက်သွင်းဂိုးဖြင့် အက်သလက်တီကိုတို့ ဦးဆောင်ခဲ့ပြီး ၁၆ မိနစ်တွင် ပယ်နယ်တီကန်ခွင့်ရရှိကာ ဂရေဇ်မန်းက ဒုတိယဂိုးအဖြစ် ပြောင်းလဲပေးနိုင်ခဲ့သည်။ အက်သလက်တီကိုအသင်းသည် နှစ်ဂိုးအသာဖြင့် ဦးဆောင်နေချိန်တွင် ဂိုးမပေးရရေး တိုက်စစ်အားလျှော့ချခဲ့သဖြင့် ရီးရဲတို့ တိုက်စစ်မြှင့်လာပြီး ပွဲချိန် ၄၂ မိနစ်တွင် ဘင်ဇီမာ၏ ထိုးဖောက်ဖန်တီးပေးမှုမှတစ်ဆင့် အစ္စကိုက အနီးကပ်ပိတ်သွင်းယူခဲ့၍ ရီးရဲတို့ ချေပဂိုးတစ်ဂိုး ပြန်လည်ရရှိခဲ့သည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့သော်လည်း ဂိုးထပ်မံမရရှိခဲ့ဘဲ နှစ်ကျော့ပေါင်းရလဒ် လေးဂိုး-နှစ်ဂိုးဖြင့် ရီးရဲတို့အနိုင်ရရှိကာ ဖိုလ်လုပွဲသို့ တက်လှမ်းခဲ့သည်။

ယူအီးအက်ဖ်အေချန်ပီယံလိဂ် ၂၀၁၇ ဖိုလ်လုပွဲကြီးတွင် ရီးရဲမက်ဒရစ်နှင့် ဂျူဗင်တပ်စ်တို့ တွေ့ဆုံမည်ဖြစ်ပြီး လက်ရှိချန်ပီယံရီးရဲသည် ချန်ပီယံလိဂ်ဖိုလ်လုပွဲကို ၁၄ ကြိမ်တက်ရောက်ခဲ့ပြီး ၁၁ ကြိမ်ဖလားရရှိထားသည်။ ဂျူဗင်တပ်စ်သည် ရှစ်ကြိမ် ဖိုလ်လုပွဲသို့ တက်ရောက်ခဲ့ပြီး နှစ်ကြိမ်သာရရှိထားသည်။ ရီးရဲသည် ဖလား ၁၁ ကြိမ် အများဆုံးရရှိထားသော အစဉ်အလာရှိသည့် အသင်းဖြစ်သလို ဂျူဗင်တပ်စ်နှင့် ဖိုလ်လုပွဲတွင် နောက်ဆုံးတွေ့ခဲ့သည့် ၁၉၉၈ ခုနှစ်က ပွဲချိန် ၆၆ မိနစ်တွင် မီဂျာတိုဗစ်၏ တစ်လုံးတည်းသောသွင်းဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ချန်ပီယံလိဂ်ဖလားကြီးကို ၁၉၅၅ ခုနှစ်တွင် စတင်ခဲ့ပြီး ဥရောပဖလားအမည်ဖြင့် ၁၉၉၂ ခုနှစ်ထိ ယှဉ်ပြိုင်ခဲ့ပြီး ၁၉၉၂ မှ လက်ရှိအချိန်ထိ ယူအီးအက်ဖ်အေချန်ပီယံလိဂ်အမည်ဖြင့် ပြောင်းလဲယှဉ်ပြိုင်ခဲ့သည်။ ချန်ပီယံလိဂ်ဖလားကြီးကို နှစ်နှစ်ဆက်တိုက်ချန်ပီယံဖြစ်ခဲ့သည့် အသင်းမရှိသေးဘဲ ယမန်နှစ် ချန်ပီယံရီးရဲတို့အနေဖြင့် ဂျူဗင်တပ်စ်ကို အနိုင်ယူကာ နှစ်နှစ်ဆက်တိုက် ချန်ပီယံအဖြစ် စံချိန်သစ်တင်မည်လား၊ ဂျူဗင်တပ်စ်တို့ရာဇဝင် အကြွေးဆပ်ပြီး တတိယအကြိမ်မြောက် ဖလားရယူမည်လားဆိုသည်ကို ပရိသတ်များ စောင့်မျှော်ကြည့်ရှုရမည့် ဖိုလ်လုပွဲကြီးသည် ဝေးလ်နိုင်ငံ ကာဒစ်ဖ်မြို့၌ ဇွန် ၄ ရက်တွင် ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

**သီဟ**


**၂၀၁၇ခုနှစ် ပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ (ပထမ) ပွဲစဉ် ဖွင့်ပွဲကျင်းပ**



ထူးချွန်သောဂေါက်သီးကစားသမားများပေါ်ထွက်လာစေရေးအတွက်မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့မှကြီးမှူး၍Mottama Holdings Co.,Ltd တို့မှ အဓိကကူညီပံ့ပိုးသည့် ၂၀၁၇ခုနှစ်၊ မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ(ပထမ)ပွဲစဉ်ကို ရေပြာတပ်မတော်ဂေါက်ကွင်း နေပြည်တော်တွင်ကျင်းပရာ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့်တာဝန်ရှိသူများ၊ Mottama Holdings Co.,Ltd မှ တာဝန်ရှိသူများ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင်အားကစားသမားများသည် သတ်မှတ်နေရာယူကြပြီး နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မြင့်မော်၊ Mottama Holdings Co.,Ltd မှ Chairman ဦးရန်ဟော်၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေး၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် မြန်မာပီဂျီအေဆပ်ကော်မတီဥက္ကဋ္ဌ ဦးတင့်ဦးတို့အလှည့်ကျ ဂေါက်သီးရိုက်ကာ ပြိုင်ပွဲအားဖွင့်လှစ်ပေးပြီး ပထမနေ့(၁၈)ကျင်းကို ကျင်းပသည်။

ပြိုင်ပွဲတွင် Professional (၃၇)ဦး၊ ဝါသနာရှင်အဆင့်(အမျိုးသား) (၁၃၀)ဦး၊ ဝါသနာရှင်(အမျိုးသမီး) (၁၁)ဦး စုစုပေါင်း (၁၇၇)ဦး ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲကို ၂၀၁၇ခုနှစ်၊ မေလ ၃ရက်မှ ၆ရက်အထိ ယှဉ်ပြိုင်ကစားခဲ့ကြပါသည်။

**ပုလဲကွန်ဒို ငှားမည်**

တိုက် (B)၊ (၁၀)လွှာ၊
1240 Sq ft 14 သိန်း
ဖုန်း-၀၉-၉၆၄၈၁၁၁၉၀၊
၀၁-၆၅၁၀၁၆

**လမင်းသာကွန်ဒိုရောင်းမည်**

၆လွှာ၊ 1860 Sq ft
သိန်း (2300)
ဖုန်း-၀၉-၉၆၄၇၁၁၁၈၀

**တရားမကျင့်ထုံးဥပဒေပုဒ်မ-၅၀(၁)အရတရားဝင်ကိုယ်စားလှယ် လျှောက်ထားခြင်းအား သိရှိထုချေစေရန် အကြောင်းကြားစာ**
**ဟင်္သာတမြို့နယ်တရားရုံး**
**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ် ၁၅၈နှင့်ဆက်သွယ်သည့်**
**၂၀၁၆ခုနှစ် တရားမဇာရီမှုအမှတ် ၆၀**

ဦးသိန်းဇော် နှင့် တရားရုံးဦးသာထွား(ကွယ်လွန်)၏ တရားဝင်ကိုယ်စားလှယ်များ
၁။ ဒေါ်မြင့်မေ၊ ၂။ ဒေါ်စန်းငွေ၊
၃။ ဒေါ်နုနုယဉ်၊ ၄။ ဒေါ်ခင်ပိုပိုခိုင်
၅။ ဦးအောင်ဆန်း

**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ကွင်းကျောင်းလမ်း၊ ၄လွှာ၊ အမှတ် ၂၉နေ ဒေါ်စန်းငွေ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ် ၁၅၈တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒီကရီအနိုင်ရသူက လျှောက်ထား၍တရားရှုံး ဦးသာထွားသည် ကွယ်လွန်သဖြင့် ၎င်း၏တရားဝင်ကိုယ်စားလှယ်များအား မည်သည့်အကြောင်းကြောင့် အတည်ပြုစေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်စုံတစ်ရာရှိလျှင် ချေဆိုရန် သင်တို့ကိုယ်တိုင်ဖြစ်စေ၊ရှေ့နေ(သို့မဟုတ်) အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၇ခုနှစ် ဇွန် ၅ရက် (၁၃၇၉ ခုနှစ် နယုန်လဆန်း ၁၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ရုံးတော်သို့လာရောက်ရမည်။

၂၀၁၇ခုနှစ် မေ ၅ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(သောင်းနု)**
**မြို့နယ်တရားသူကြီး**
**ဟင်္သာတမြို့နယ်တရားရုံး**

**ငြင်းချက်ထုတ်ရန်သမ္မန်စာ**
**(တရားမကျင့်ထုံးကိုဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**
**တောင်ငူမြို့နယ် တရားရုံးတော်၌**
**၂၀၁၇ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၆**

မန္တယ်နီဖုန်းမြင့် နှင့် မောင်တူးမိုင်
**(တရားလို)** **(တရားပြိုင်)**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ပဒေသာမြို့သစ်၊ အမှတ် ၁၆၊ နဝဒေးလမ်းနေ မောင်တူးမိုင် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို မန္တယ်နီဖုန်းမြင့်က တရားဝင် အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ခုနှစ် မေ ၂၃ရက် (၁၃၇၉ခုနှစ် ကဆုန်လပြည့်ကျော် ၁၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သောရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့် သက်ဆိုင်သည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် မေ ၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(ရဲကိုနိုင်)**
**ဒုတိယမြို့နယ်တရားသူကြီး(၁)**
**တောင်ငူမြို့နယ်တရားရုံး**

**အမည်ပြောင်း**

ဦးမျိုးမင်းဆွေ-ဒေါ်အေးချမ်းမိုးတို့၏သား ဒဂုံမြို့နယ်၊ ဒဂုံ အထက(၁)၊ တတိယတန်းမှ မောင်ဟိန်းထက်တေဇာအား မောင်သော်ဇင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်သော်ဇင်**

**အမည်ပြောင်း**

ဦးစိုင်းကိုကိုဇော်-ဒေါ်နန်းခမ်းအိမ်တို့၏သား စိုင်းခမ်းကျော်ဦးအား ယနေ့မှစ၍ စိုင်းစွမ်ဆိုင်ခေးဟု ပြောင်းလဲခေါ်ပါရန်။

**စိုင်းစွမ်ဆိုင်ခေး**

**အမြန်ရောင်းမည်**

ယုဇနဥယျာဉ်အိမ်ရာ၊ ဒဂုံ၊ B ဘလောက်၊ မြေညီ သိန်း ၂၁၀-အလျှော့အတင်းရှိသည်။

**ဖုန်း-၀၉-၇၉၈၄၄၇၉၈၃**

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄၀၊ အကျယ်အဝန်း(ပေ ၄၀× ပေ ၆၀)စီရှိ မြေကွက်အမှတ် ၈၅၉ နှင့် မြေကွက်အမှတ် ၈၆၀ ပါမစ်မြေကွက် နှစ်ကွက်နှင့်တကွ ယင်းမြေအသီးသီးပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ထားရှိပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု ဝန်ခံသူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အပေါ်ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုသူများ ရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ၄ါးရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်း မရှိခဲ့ပါက အရောင်းအဝယ်အားဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမျိုးမြင့်အောင်** (LL.B) **စဥ်-၂၅၁၆၅**
**ဦးအေးမင်းသူ** (LL.B) **စဥ်-၂၆၁၉၉**

**အထက်တန်းရှေ့နေများ**
**အမှတ် ၆၀၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၄၅၇၆၇၊ ၀၉-၄၂၀၀၂၈၃၆၆**

**မိဘအမည်မှန်**

အထက(၁၂)မော်လမြိုင် နဝမတန်း(ခ)မှအောင်မြင်သူ မယေ့လွဲနှင့် အလက(၅) တောင်ဥက္ကလာပ၊ ရန်ကုန် ပဉ္စမတန်းအောင်မြင်သူ မောင်အိုက်ယွန်းတို့၏ မိဘအမည်မှန်မှာ ဦးဆမ်မိန်း ၁၃/တယန(နိုင်)၀၂၈၉၈၅နှင့် ဒေါ်ယေ့ဖွေး ၁၃/တယန(နိုင်)၀၂၈၉၆၁ တို့ ဖြစ်ပါကြောင်း။

**လုံးချင်းနှစ်ထပ် ညှိနှိုင်းဈေးဖြင့်ငှားမည်**

တာမွေမြို့နယ်၊ ၁၆၄ လမ်း၊ (၅)လမ်းဆုံအနီး
RC ၊ (၄၅ × ၉၀) ၊
ခြံတွင်း ကား(၂)စီး ထားနိုင်သည်။
09 254070635, 09 786671814

ဥပဒေအတွေးရေးပါရစေ၊ အပိုင်း(၆၈)

# ပုဒ်မ ၆၆(ဃ)နှင့် ဥပဒေအမြင်



ဦးဟန်ညွန့် (ဥပဒေ)



**ပုဒ်မ ၆၆(ဃ)ဆိုသည်မှာ**

"ပုဒ်မ ၆၆ (ဃ)"ဟု ရေးလျှင် ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ)ကို ဆိုလိုခြင်းဖြစ်ကြောင်း အများအသိဖြစ်ပါသည်။ ဘာကြောင့်လဲ။ ယနေ့လူတိုင်း ပါးစပ်ဖျားတွင် အပြောများနေသော ပုဒ်မ၊ တရားရုံးလောကတွင် ထင်ရှားသောပုဒ်မ၊ ဆက်သွယ်ရေးအသိုင်းအဝိုင်းတွင် မကြာခဏ ရင်ဆိုင်ဖြေရှင်းရသောပုဒ်မ၊ လူစုလူဝေးဖြင့် ဖျက်ဖို့၊ ပြင်ဖို့ ဆန္ဒပြခံရသော ပုဒ်မ၊ ဥပဒေပညာရှင်တို့ သတိပြုရသောပုဒ်မ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအကြားတွင် အငြင်းပွားနေဆဲပုဒ်မ စသည်၊ စသည် ...။

**နောက်ခံသမိုင်းအကျဉ်း**

နောက်ခံသမိုင်းအကျဉ်းတင်ပြပါရစေ။ ဆက်သွယ်ရေးဥပဒေအကြောင်း ဖြစ်ပါသည်။ ဆက်သွယ်ရေးဥပဒေသည် ၂၀၁၃ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၁ ဖြစ်ပါသည်။ ၂၀၁၃ ခုနှစ် အောက်တိုဘာလ ၈ ရက်နေ့က ပြဋ္ဌာန်းခဲ့ခြင်း ဖြစ်ပါသည်။

**ဥပဒေ၏ ရည်ရွယ်ချက်များ**

ဆက်သွယ်ရေးဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်သွယ်ရေး နည်းပညာဖြင့် အထောက်အကူပြုနိုင်ရန်

(ခ) ဖွံ့ဖြိုးတိုးတက်လာသော ဆက်သွယ်ရေးကဏ္ဍများတွင် ပြည်တွင်းပြည်ပမှ အခွင့်အလမ်း တူမျှသော ပွင့်လင်းမြင်သာသည့် ယှဉ်ပြိုင်မှုများဆောင်ရွက်စေခြင်းဖြင့် အရည်အသွေးမြင့်မားပြီး သုံးစွဲသူတို့အား ထိုက်တန်စွာ ဝန်ဆောင်မှုပေးနိုင်မည့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ ပေါ်ထွက်လာစေရန်

(ဂ) ဖွံ့ဖြိုးတိုးတက်လာသော ဆက်သွယ်ရေးဆိုင်ရာ နည်းပညာနှင့်အတူ နိုင်ငံတော်တစ်ဝန်းလုံးတွင် ဆက်သွယ်ရေးကွန်ရက် ဖြန့်ကြက်ပြီး အများပြည်သူဆက်သွယ်အသုံးပြုနိုင်သည့် အခွင့်အလမ်းများ ပိုမိုရရှိလာနိုင်စေရန်

(ဃ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း တည်ထောင်လုပ်ကိုင်သူနှင့် အသုံးပြုသူတို့ ဥပဒေနှင့်အညီ အကာအကွယ်ပေးနိုင်ရန်

(င) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူလုံခြုံရေးကိစ္စများအတွက် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း၊ ကွန်ရက်အထောက်အကူပြု ပစ္စည်းများနှင့် လိုင်စင်ရယူပြီးမှသာ အသုံးပြုခွင့်ရှိသော ဆက်သွယ်ရေးပစ္စည်းများကို ကြီးကြပ်နိုင်ရန်

**ပုဒ်မ ၆၆**

မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ၃ နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်-

(က) ဆက်သွယ်ရေးကွန်ရက်အတွင်းသို့ ယင်း၏ပိုင်ရှင် သို့မဟုတ် စီမံခန့်ခွဲခွင့်ရှိသူ၏ ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်နှောင့်ယှက်ခြင်း၊ စံချိန်စံညွှန်း သတ်မှတ်ချက်ကို ဖြစ်စေ၊ မူလအနေအထားကိုဖြစ်စေ ပြောင်းလဲခြင်း သို့မဟုတ် ဖျက်ဆီးခြင်း

(ခ) ဆက်သွယ်ရေးကွန်ရက်ကို ထိခိုက်ပျက်စီးစေရန်ရည်ရွယ်၍ ဗိုင်းရပ်စ် သို့မဟုတ် အခြားနည်းလမ်းတစ်ခုခုဖြင့် ဝင်ရောက်စေခြင်း

(ဂ) ဆက်သွယ်ရေးကွန်ရက် တစ်ခုခုကိုအသုံးပြု၍ ငွေကြေးနှင့်ပစ္စည်း တစ်ရပ်ရပ်ကို ခိုးယူခြင်း၊ လိမ်လည်ခြင်း၊ အလွဲသုံးစားပြုခြင်း သို့မဟုတ် အကျိုးပျက်စီးစေခြင်း

(ဃ) **ဆက်သွယ်ရေး ကွန်ရက် တစ်ခုခုကို အသုံးပြု၍ ပုဂ္ဂိုလ်တစ်ဦးဦးအား ခြောက်လှန့်တောင်းယူခြင်း၊ အနိုင်အထက်ပြုခြင်း၊ မတရားတားဆီးကန့်ကွက်ခြင်း၊ အသရေဖျက်ခြင်း၊ နှောင့်ယှက်ခြင်း၊ မလျော်သြဇာသုံးခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်း**

**ဆင်ခြင်သုံးသပ်စဉ်းစားနိုင်**

အထက်ပါဆက်သွယ်ရေး ဥပဒေ၏ ရည်ရွယ်ချက်များ၊ ပုဒ်မ ၆၆၏ ပြဋ္ဌာန်းချက်များကို ဖတ်ရှုကြည့်ပြီးပါက ဥပဒေ၏ ရည်ရွယ်ချက်များနှင့်အညီ လက်တွေ့ဘဝတွင် ကျင့်သုံးနိုင်ပါပြီလား။ ရည်ရွယ်ချက်များ ထမြောက်အောင်မြင်ပါရဲ့လား။

ပုဒ်မ ၆၆ ၏ အင်္ဂါရပ်များနှင့် လက်တွေ့ဘဝ အရေးယူမှုများအပေါ် သင့်၊ မသင့်၊ တော်၊ မတော်၊ အရေးယူမှု ထိရောက်ခြင်း ရှိ၊ မရှိ၊ ရည်ရွယ်ချက်အောင်၊ မအောင် စသည့် အတွေးအမြင်များ ရရှိပါသလား။ ဆင်ခြင်နိုင်ပါမည်။ သုံးသပ်နိုင်ပါမည်။ စဉ်းစားနိုင်ပါမည်။

**ဝန်ကြီးဌာန၏သုံးသပ်ချက်**

ဥပဒေကို ကိုင်တွယ်ကျင့်သုံးသောဝန်ကြီးဌာနအနေဖြင့်လည်း ဥပဒေ၏ သဘော၊ လက်တွေ့ဘဝ၊ ပြည်သူတို့၏ တင်ပြချက်၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူလုံခြုံရေး ကိစ္စများစသည်စသည်ဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဝေဖန်နိုင်ပါမည်။ သုံးသပ်နိုင်ပါမည်။ ပြည်သူတို့ အစီရင်ခံနိုင်ပါမည်။ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် (ကျေးလက်တောရွာများ အထိ) မိမိဝန်ကြီးဌာန၏ သဘောထား၊ ဥပဒေ၏အာနိသင်တို့ကို ပီပီပြင်ပြင် ရှင်းလင်းပြနိုင်ပါသေးသည်။ အခါအခွင့်သင့်သလို **ပြည်သူနှင့်အတူ** အစဉ်လက်တွဲ သုံးသပ်နိုင်ပေသေးသည်။

**ပြည်သူတို့၏အတွေ့အကြုံ**

ဆက်သွယ်ရေး ဥပဒေပုဒ်မ ၆၆(ဃ)၏ လက်တွေ့ဘဝဖြစ်ရပ်များ၊ တရားစွဲဆိုခံရသူများ၊ တရားခွင်ရောက်အမှုများအတွက် အာမခံမရပုံ၊ ပြစ်ဒဏ်ကြီးလေးပုံ၊ တရားစီရင်ရေးအပေါ် မကျေနပ်ပုံ၊ လမ်းပေါ်ထွက်၍ ဆန္ဒပြပွဲများ ကျင်းပရသည်အထိ ပြည်သူ့အသံများကိုလည်း ထင်ထင်ရှားရှားမြင်ခဲ့ကြရပေပြီ။

**လွှတ်တော်၏အခန်းကဏ္ဍ**

တည်ဆဲဥပဒေများအပေါ်ဥပဒေပြုရေး မဏ္ဍိုင်သည် အဓိကတာဝန်ယူပါသည်။ ပြည်သူ့လွှတ်တော်တွင် ဥပဒေပြင်ဆင်၊ ဥပဒေပယ်ဖျက်ခြင်း၊ ဥပဒေရုပ်သိမ်းခြင်း၊ ဥပဒေအသစ်ပြဋ္ဌာန်းခြင်းများ ဆောင်ရွက်ပါ သည်။ ပြည်သူ့တို့က ရွေးချယ်တင်မြှောက်လိုက်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများက ဥပဒေပြုရေးတာဝန်ကို ထမ်းဆောင်ကြကုန်သည်။ လူတစ်ဦးတစ်ယောက် (မဲဆန္ဒရှင်တစ်ဦး)အနေဖြင့် မိမိရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အား ဥပဒေပြင်ဆင်ရေး ပန်ကြားခွင့်ရှိသည်။ အကြံပေးခွင့်ရှိသည်။ ပြည်သူ့ဆန္ဒကို လွှတ်တော်ကိုယ်စားလှယ်က လွှတ်တော်အတွင်းသို့ သယ်ဆောင်သွားရပေ လိမ့်မည်။

**ဥပဒေအမြင်**

(၁) အမှုတစ်မှုဖြစ်လာလျှင် မှန်တာ၊ မှားတာ နောက်မှရှင်း၊ ချက်ချင်း လက်ငင်း အာမခံရချင်သည်။ အချုပ်အနှောင်မခံလို။ နှောင်မှ ထောင်ကျ ချင်လည်း ကျပါစေတော့။ ယခုလောလောဆယ်တော့ အာမခံရဖို့ အဓိက။ ထောင် သုံးနှစ်နှင့် အထက်ပြစ်မှုများမှာ အာမခံမပေးရကြောင်း ရာဇဝတ်ကျင့်ထုံးက တည်ဆဲဥပဒေဖြစ်နေသည်။ ဆက်သွယ်ရေး ဥပဒေ၏ ပြစ်ဒဏ်(၆၆-ဃ ၏ ပြစ်ဒဏ်) မှာ သုံးနှစ်ဖြစ်သောကြောင့် ကျင့်ထုံးနှင့် ငြိသည်။ ထို့ကြောင့် ပုဒ်မ ၆၆(ဃ)မှာ ချက်ချင်းအာမခံမရ။ တရားသူကြီးကစဉ်းစားလျှင်မှ အာမခံရမည်။ အာမခံပေးရေး မူဝါဒတွေ ရှိပြီးသား။ ဥပဒေအတိုင်း၊ မူဝါဒအတိုင်း အာမခံစဉ်းစားဖို့လိုသည်။ ဟိုတရားသူကြီးကတစ်မျိုး၊ ဒီတရားသူကြီးက တစ်မျိုးမဖြစ်စေလို။ ဥပဒေအပေါ် သုံးသပ်ချက်ညီညွတ်မှန်ကန်ဖို့လိုသည်။ လက်တွေ့တွင် အချို့အဆင်မပြေ။ သုံးသပ်ချက်မတူ။ တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်း ဖြစ်နေကြသလား။

(၂) အာမခံမပေးနိုင်သော ပြစ်ဒဏ်သုံးနှစ်ကိုနှစ်နှစ်ဟု ပြင်ရန်သင့်/မသင့် စဉ်းစားသင့်ပြီ။ ရာဇဝတ်ကျင့်ထုံး၊ ရာဇသတ်ကြီးဥပဒေတွေလည်း ပြင်ဆင်ချက်ဥပဒေတွေရှိသည်။ ဆက်သွယ်ရေးဥပဒေအတွက် သီးခြား စဉ်းစားမည်လား။

(၃) ကိုယ်တိုင် (နစ်နာသူ)က တရားလိုလုပ်ရမည်လား။ ကိုယ်စားလှယ် (နစ်နာသူ၏ကိုယ်စား)ကစွဲ၍ရသလား။ အတွေ့အကြုံ (နမူနာအမှု)များက ထောက်ပြနေသည်။ ဥပဒေဖြစ်မည့်အာဏာပိုင်များ စဉ်းစားသင့်သည်။ ထောက်ပြသောအဖွဲ့၊ လူပုဂ္ဂိုလ်များနှင့် ခေါ်မေးဖို့လိုက ခေါ်မေး၊ ခေါ်တွေ့၊ ခေါ်ဆွေးနွေးသင့်သည်။

(၄) ဆက်သွယ်ရေးဥပဒေပုဒ်မ ၈၀ (ခ)သည်ဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်ဟူသော ပြဋ္ဌာန်းချက်ဖြစ်သည်။ ဤပြဋ္ဌာန်းချက်ကို မေ့နေကြသလား။ လွယ်လွယ်ကူကူကျင့်သုံးနေကြသလား။ မစွဲသင့်တဲ့ အမှု မစွဲစေနှင့်။ ခွင့်ပြုချက်တောင်းလာသမျှ မျက်စိမှိတ်ပြီး ခွင့်ပြုရမည် ဟု ဥပဒေက မဆိုပါ။ ကြိုတင်ခွင့်ပြုချက်ကို ပေးသင့်မှပေးပါ။ မပေးသင့်က မပေးနှင့်။ အမှုမပွားစေနှင့်။ တရားမစွဲစေနှင့်။ တရားရုံးမရောက်မီ ရှင်း၍ရလျှင်ရှင်းကြစေချင်သည်။ စွဲခွင့်ပြုပြီဆိုသည်နှင့် အာမခံမရတော့ပါ။ ကျင့်ထုံးအရပါ။ ပြီးမှနောက်ပိုင်း အာမခံပေးတာက တစ်မျိုးပါ။ ပြည်သူအများထောက်ပြနေတာက အာမခံကိစ္စပါ။

(၅) ဆက်သွယ်ရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ရသော ဥပဒေများတွင် အီလက်ထရွန်နစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ (နယက ဥပဒေ အမှတ်၅/ ၂၀၁၄) ရှိသေးသည်။ ဆက်သွယ်ရေး ဥပဒေနှင့်မည်သို့ ကွာခြားသလဲ။ ထပ်တူကျသော ပြဋ္ဌာန်းချက်၊ ချိတ်ဆက်အချက်အလက် ရှိနေသေးသလား။ ပုဒ်မ ၆၆ နှင့် ဆက်စပ်မှုစသည်၊ စသည်များ ကျစ်ကျစ်လျစ်လျစ်စဉ်းစားဖို့ လိုသလား။ ဘာတင်ပြစရာရှိပါသေးသလဲ။

**အမှုတစ်မှုဖြစ်လာလျှင် မှန်တာ၊ မှားတာ နောက်မှရှင်း၊ ချက်ချင်း လက်ငင်း အာမခံရချင်သည်။ အချုပ်အနှောင်မခံလို။ နှောင်မှ ထောင်ကျ ချင်လည်း ကျပါစေတော့။ ယခုလောလောဆယ်တော့ အာမခံရဖို့ အဓိက။ ထောင် သုံးနှစ်နှင့် အထက်ပြစ်မှုများမှာ အာမခံမပေးရကြောင်း ရာဇဝတ်ကျင့်ထုံးက တည်ဆဲဥပဒေဖြစ်နေသည်။ ဆက်သွယ်ရေး ဥပဒေ၏ ပြစ်ဒဏ်(၆၆-ဃ ၏ ပြစ်ဒဏ်) မှာ သုံးနှစ်ဖြစ်သောကြောင့် ကျင့်ထုံးနှင့် ငြိသည်။ ထို့ကြောင့် ပုဒ်မ ၆၆(ဃ)မှာ ချက်ချင်းအာမခံမရ**

**ပြည်ထောင်စုရှေ့နေချုပ်ရုံး**

ပြည်ထောင်စုရှေ့နေချုပ် ရုံးအမြဲတမ်းအတွင်းဝန် ဒေါ်နုနုယဉ်က ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဆက်သွယ်ရေးဥပဒေကို ပြန်လည်ပြင်ဆင်နိုင်ရန် ရှေ့နေချုပ်ရုံးသို့ ပေးပို့ထားကြောင်း၊ ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ) အား အာမခံပေးရမည့်အမှုအဖြစ် သတ်မှတ်နိုင်သည်ကို စိစစ်အကြံပြုထားပါကြောင်း ဖြေကြားခဲ့သည်။ **(နိုင်ငံတော်အစိုးရတစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှု သတင်းစာရှင်းလင်းပွဲ၊ မြန်မာ့အလင်း သတင်းစာ ၅၊ ၅၊ ၂၀၁၇၊ စာ-၈)**

**စေတနာ**

(၁) တရားဥပဒေသည် "တရားသော"ဥပဒေဖြစ်ပါ၏။

(၂) တရားသောဥပဒေဖြင့် ပြည်သူတို့ တရားမျှတမှုရကြပါစေ။

(၃) တရားမျှတမှုကို ချစ်ခင်သော၊ တရားမျှတမှုကိုမြတ်နိုးသော၊ ဆက်သွယ်ရေး ဥပဒေပုဒ်မ ၆၆(ဃ)အပေါ် ပြန်လည်သုံးသပ်မိသော ကျွန်တော်၏ စေတနာ၊ ဥပဒေအတွေးမျှသာပါ ...။

# မြန်မာနိုင်ငံဥပဒေဘွဲ့ရသူများအသင်း ထိုင်းနိုင်ငံတရားရုံးချုပ်ကို တင်ပြစာပေးအပ်

**ရန်ကုန် မေ ၁၁**

ထိုင်းနိုင်ငံတွင် သေဒဏ်ချမှတ်ခံရသည့် ဇော်လင်းနှင့် ဝင်းဇော်ထွန်းတို့ လွတ်မြောက်ရေးအတွက် မြန်မာနိုင်ငံ ဥပဒေဘွဲ့ရသူများအသင်း အထွေထွေအတွင်းရေးမှူး ဦးအောင်ငွေးဦးနှင့် အဖွဲ့ဝင်များသည် ဧပြီ ၁၈ ရက်က ထိုင်းနိုင်ငံသို့သွားရောက်ကာ ထိုင်းဘုရင်မင်းမြတ်နှင့် ထိုင်းဝန်ကြီးချုပ်တို့ဆီသို့ ပြစ်ဒဏ်လျှော့ပေါ့ပေးရေးအတွက် တင်ပြစာမူပေးပို့သည့်အပြင် ထိုင်းနိုင်ငံ တရားရုံးချုပ်ကို သွားရောက်ကာ တာဝန်ရှိသူများနှင့်တွေ့ဆုံဆွေးနွေးခဲ့ပြီး ဥပဒေကြောင်း အချက်အလက်များအရ ပြစ်ဒဏ်လျှော့ပေါ့ပေးရေးအတွက် တင်ပြစာကို ထိုင်းနိုင်ငံတရားရုံးချုပ် တာဝန်ရှိသူများအား ပေးအပ်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ ဥပဒေဘွဲ့ရသူများအသင်း အထွေထွေအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့သည် ဧပြီ ၂၁ ရက်မှ ၂၃ ရက်အထိ ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပမည့် ASEAN IP Annual Meeting ၏ IP in ASEAN Region in Changing Global Landscap ဆွေးနွေးပွဲတက်ရောက်ရန် ဖိလစ်ပိုင်နိုင်ငံအသွား၌ ထိုင်းနိုင်ငံသို့ ဝင်ရောက်၍ တင်ပြစာများပေးပို့ခဲ့ခြင်း ဖြစ်သည်။

ထို့အပြင် အသင်း၏လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၁၄ ရက် နံနက် ၈ နာရီတွင် ရန်ကုန်တက္ကသိုလ် ဓမ္မာရုံညောင်ခံဆောင်၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များအပြင် ဥပဒေဘွဲ့ရသူများ တက်ရောက်နိုင်ကြောင်း သိရသည်။

**ခင်မောင်သော်(ကမာရွတ်)**



ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်း သာယာဝတီခရိုင် သုံးဆယ်မြို့ ငဖြူလေးကျေးရွာ အနောက်ကျောင်းတိုက်အတွင်း တည်ထားလျက်ရှိသော တိလောကမာန်အောင် ပြည်လုံးချမ်းသာစေတီတော် ထီးတော်ပင့်ဆောင်ခြင်းနှင့် ဌာပနာထည့်သွင်းပူဇော်ခြင်း အခမ်းအနားကို မေ ၆ ရက်က ကျင်းပစဉ်
ဘော်ဂါသွေး

# ပြည်ပသို့ထွက်ခွာမှုများပြားခြင်းကြောင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် လုပ်သားရှားပါး

**ရေတာရှည်  မေ ၁၁**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်းရှိ ကျေးလက်ဒေသနေသူများသည် ထိုင်းနိုင်ငံသို့ အလုပ်လုပ်ကိုင်ရန် နေရပ်ဒေသအသီးသီးရှိ လုပ်ငန်းခွင်များကို ကျောခိုင်းထွက်ခွာမှုများကြောင့် စိုက်ပျိုးရေးကဏ္ဍတွင် အခက်အခဲများစွာကြုံတွေ့နေရကြောင်း ဘုရားကုန်းကျေးရွာအုပ်စု ရသေ့ဆိပ်ကျေးရွာနေ ကိုကျော်ဦးကပြောသည်။

“ကျွန်တော်တို့ ဒီနားဝန်းကျင်ကရွာတွေမှာ လူငယ်ပိုင်းတွေ သိပ်မရှိတော့သလောက်ဖြစ်ကုန်ပြီ။ ထိုင်းကိုအလုပ်လုပ်ဖို့ထွက်ကုန်တာ။ နောက်စိုက်ပျိုးရေးလုပ်ငန်းခွင်မှာ အလုပ်သမားတွေငှားဖို့မလွယ်တော့ အခက်အခဲကြုံကြရတယ်” ဟု ၎င်းက ဆက်လက်ပြောသည်။

စိုက်ပျိုးရေးလုပ်ငန်းများသည် စက်အားလူအားဖြင့် ပင်ပင်ပန်းပန်းလုပ်ကိုင်ကြရသော်လည်း အမှန်တကယ်အကျိုးခံစားခွင့်နည်းပါးရခြင်း၊ နေ့စဉ်ပြောင်းလဲနေသော ကုန်ဈေးနှုန်းမြင့်တက်မှုအပြင် ရာသီအပြောင်းအလဲကြောင့် သီးခင်းနှံခင်းများ ထွက်နှုန်းလျော့ကျခြင်း၊ ဈေးနှုန်းနှင့် ဈေးကွက်ကောင်းမွန်မှုမရှိခြင်းတို့ကြောင့် ရေရှည်တွင် လူမှုဘဝစားဝတ်နေရေး အခက်အခဲများ ဖြစ်ပေါ်လာသည့်အတွက် ပြည်ပနိုင်ငံများသို့ ထွက်ခွာသွားကြခြင်းဖြစ်ကြောင်း ထိုင်းနိုင်ငံ ကြက်သားထုတ်လုပ်သော စက်ရုံ၌ အလုပ်လုပ်ကိုင်ခဲ့သူတစ်ဦးက ပြောသည်။

“ဟိုမှာက ပြည်ပဈေးကွက်က အလွန်ကောင်းတယ်။ အရည်သွေးမီတယ် အလုပ်ကိုအလုပ်နဲ့တူအောင် ခိုင်းတာ ခိုကပ်လို့မရဘူး။ အရှေ့တောင်အာရှနိုင်ငံတွေဖြစ်တဲ့ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာတွေအများကြီး။ လုပ်အားခလည်း သက်သာတော့ ဒီလုပ်သားအရင်းအမြစ်တွေက သူတို့နိုင်ငံအတွက် မရှိမဖြစ် လိုအပ်ချက်ကြီးမားပါတယ်”ဟု ၎င်းက ဆက်လက်ပြောသည်။

ရေရှည်တွင် ပြည်ပရင်းနှီးမြှုပ်နှံမှု စက်မှုလုပ်ငန်းများ၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ခိုင်မာသောဈေးကွက်များအပြင် ပြည်ပဈေးကွက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်ပါက ပြည်ပသို့ထွက်ခွာ၍ အလုပ်လုပ်ကိုင်သူဦးရေ သိသာစွာကျဆင်းသွားနိုင်ကြောင်း သုံးသပ်မှုများလည်း ရှိနေသည်။

**ကိုလွင်(ဆွာ)**

ထာဝရကုသိုလ်ရယူဖို့၊ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့။

# အခြေခံရှေးဦးပြုစုခြင်း သင်တန်းဆင်း

**သုံးခွ မေ ၁၁**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်အမှတ်(၁)ရပ်ကွက်ရှိ မြို့နယ်ကြက်ခြေနီအသင်းသူနာပြုတပ်ရင်းရုံး၌ ကမ္ဘာ့ကြက်ခြေနီနေ့အထိမ်းအမှတ် အခြေခံရှေးဦးပြုစုခြင်းသင်တန်းအမှတ်စဉ်(၁/၂၀၁၇) သင်တန်းဆင်းပွဲကို မေ ၈ ရက်က ကျင်းပရာ အခမ်းအနားတွင် မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာခင်စောက နှုတ်ခွန်းဆက်စကားပြောကြားပြီး အလှူရှင်ခုနစ်ဦးက စုစုပေါင်း အလှူငွေကျပ် ၆၄၀၀၀၀ကို အသင်းဥက္ကဋ္ဌထံပေးအပ်လှူဒါန်းခဲ့ကြသည်။

ထို့နောက်ထူးချွန်ဆုရရှိသူ သုံးဦးအားအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ကြပြီး သင်တန်းဆင်းလက်မှတ်များကို မြို့နယ်ကြက်ခြေနီသူနာပြုတပ်ရင်းမှ ဒုတိယတပ်ရင်းမှူးဦးဝင်းနိုင်က ပေးအပ်သည်။ အဆိုပါသင်တန်းကို မေ ၃ ရက်မှ ၇ ရက်အထိ စာတွေ့လက်တွေ့သင်ကြားပို့ချပေးခဲ့ပြီး သင်တန်းသား သင်တန်းသူ ၂၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

# ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုချီးမြှင့်

**မြင်းမူ မေ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ် အားကစားနှင့်ကာယပညာကော်မတီကကြီးမှူးကျင်းပခဲ့သော ၂၀၁၇ ခုနှစ်(ကလပ်ပေါင်းစုံ) ပိုက်ကျော်ခြင်းပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပေးအပ်ပွဲကို မေ ၉ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းပိုက်ကျော်ခြင်းပြိုင်ပွဲကို မြို့နယ်အတွင်းရှိ အသင်းကြီး ရှစ်သင်းက ပတ်လည်အမှတ်ပေးစနစ်ဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ခြင်း ဖြစ်သည်။ နောက်ဆုံး ဗိုလ်လုပွဲတွင် အနိုင်ရဗိုလ်စွဲခဲ့သော ROYAL ကလပ်အသင်းကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးတင်အောင်လွင်ကလည်းကောင်း၊ ဒုတိယဆုရရှိသော တောင်ပေါ်ကလပ်အသင်းကို မြို့နယ်ရဲတပ်ဖွဲ့စခန်း ဒုတိယ ရဲတပ်ဖွဲ့မှူးရဲမှူး စိန်ဝင်းကလည်းကောင်း၊ တတိယဆုရရှိသော ဘိုးရိမ်းကလပ်အသင်းကို မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းထွန်းတို့က ပထမဆု ငွေကျပ် ၈၀၀၀၀၊ ဒုတိယဆု ငွေကျပ် ၅၀၀၀၀ နှင့် တတိယဆုအတွက်ငွေကျပ် ၃၀၀၀၀ စီတို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။ ထို့အပြင် ပိုက်ကျော်ခြင်း ပြိုင်ပွဲအတွက် နေရာအလိုက် အကောင်းဆုံးဆုသုံးဆုကိုလည်း သက်ဆိုင်ရာတာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**အောင်စိုးဇေ(မြင်းမူ)**

# ယာဉ်အန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုဆောင်ရွက်

**နေပြည်တော် မေ ၁၁**

ကမ္ဘာ့ကုလသမဂ္ဂမှ ၂၀၁၇ ခုနှစ် မေ ၈ ရက်မှ ၁၄ ရက်အထိ စတုတ္ထအကြိမ်မြောက် ကုလသမဂ္ဂကမ္ဘာလုံးဆိုင်ရာ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားကာလ (UN Global Road Safety Week) အဖြစ်သတ်မှတ်ထားရှိရာ နေပြည်တော် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် နေပြည်တော်ယာဉ်ထိန်းရဲတပ်ဖွဲ့တို့ ပူးပေါင်း၍ မေ ၁၀ရက် နံနက်ပိုင်းတွင် ပျဉ်းမနားမြို့အတွင်းရှိ ဘောဂသီရိကားကြီးဝင်း၊ ရွာကောက်ကွေ့နှင့် အောင်မင်္ဂလာကားဝင်းတို့တွင် မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များကို ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး သတိပေးစတေကာများ၊ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ကြော်ငြာဆိုင်းဘုတ်ကြီးများကိုလည်း နေပြည်တော်အတွင်းရှိ ထင်ရှားသည့် လမ်းဆုံလမ်းခွများနှင့်အဝိုင်းများတွင် စိုက်ထူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **မင်းမဟော်(ပြန်/ဆက်)**

ကရင်ပြည်နယ်

# လုပ်ထုံးလုပ်နည်းများလွယ်ကူရှင်းလင်းမှုရှိစေရေး ရှင်းလင်းဆွေးနွေး

**ဘားအံ မေ ၁၁**



ကရင်ပြည်နယ် ဘားအံမြို့တွင် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြည်နယ်အစိုးရအကြား ညှိနှိုင်းချိတ်ဆက်ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် လုပ်ထုံးလုပ်နည်းများ လွယ်ကူရှင်းလင်းမှုရှိစေရေး ရှင်းလင်းဆွေးနွေးသည့် အခမ်းအနားကိုမေ ၈ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကရင်ပြည်နယ်အဖွဲ့ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က အမှာစကားပြောကြားပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်က ချိတ်ဆက်ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းဆွေးနွေးကာ ဆွေးနွေးပွဲသို့ တက်ရောက်လာကြသော ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြည်ထောင်စုနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများအား ရှင်းလင်းတင်ပြ၍ အစိုးရအဖွဲ့ဝင်ဝန်ကြီးများက ဖြည့်စွက်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူများက မရှင်းလင်းသည်များနှင့် သိရှိလိုသည်များအား အပြန်အလှန်မေးမြန်းဆွေးနွေးခဲ့ကြကာ ပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# စလင်း၌ လေးထပ်မီးသတ်အဆောက်အအုံသစ်ဖွင့်




**စလင်း မေ ၁၁**

မကွေးတိုင်းဒေသကြီး စလင်းမြို့တွင် မေ ၁၀ ရက် နံနက်က လေးထပ်မီးသတ်အဆောက်အအုံသစ်ဖွင့်ပွဲကို ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတာ၊ နယ်/လုံ၊ ဝန်ကြီးဗိုလ်မှူးကြီး နိုင်ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကံဦးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက အမှာစကားပြောကြားသည်။

ယင်း လေးထပ်မီးသတ်အဆောက်အအုံကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြုငွေကျပ် ၃၃၁ ဒသမ ၅၇၈ သန်းဖြင့် ပြည့်စုံလှုံဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူဆောက်လုပ်ခဲ့ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

# မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်

**ပေါက်တော မေ ၁၁**

ရခိုင်ပြည်နယ် စစ်တွေခရိုင် ပေါက်တောမြို့ပေါ်ရှိ အဘယသုခမြို့ဦးစေတီတော်နှင့် အဓိဌာန်ဆရာတော်ဘုရားကြီး ဦးစီးပြီး တည်ထားကိုးကွယ်သော လောကထိပ်ပန်ဆုတောင်းပြည့် ဘုရားကြီးဓမ္မာရုံတွင် မေ ၉ ရက်က မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို စတင်ဖွင့်လှစ်သည်။

အခမ်းအနားတွင် ပင့်သံဃာတော် ၁၈ ပါးနှင့်အတူ ဂေါပက လူကြီးများ၊ မြို့ပေါ်မှ လူပရိတ်သတ်များ ပူဇော်ရန် ရောက်ရှိကြပြီး ပင့်သံဃာများကို မွန်းတည့်ဆွမ်းဖြင့် ကပ်လှူပူဇော်ခဲ့ကြောင်း သိရသည်။

ပွဲတော်ကို မေ ၁၁ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ရွှေကြက်ယက် ရွှေကြက်ကျ ညောင်ရေသွန်းပွဲတော်ကျင်းပ



**အမရပူရ မေ ၁၁**
မန္တလေးခရိုင် အမရပူရမြို့နယ် ရွှေကြက်ယက် ရွှေကြက်ကျ ညောင်ရေသွန်းပွဲတော်ကို မေ ၉ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

“ကဆုန်လပြည့်နေ့ မတိုင်မီ တစ်ရက်အလိုမှာ ရွှေကြက်ယက် ရွှေကြက်ကျ ညောင်ရေသွန်းပွဲတော်ကို နှစ်စဉ်စည်ကားသိုက်မြိုက်စွာကျင်းပပါတယ်။ အဲဒီနောက် ကဆုန်လပြည့်နေ့မှာတော့ မန္တလေးဘက်က ဒေသခံတွေ၊ ဧည့်သည်တွေက ရွှေကြက်ယက် ရွှေကြက်ကျ ကြက်မင်းမောင်နှံကို ရေလာသပ္ပာယ်ကြတယ်။ ညောင်ရေသွန်းလောင်းပူဇော်ပွဲမှာ ကျေးရွာအလိုက် အပျိုတော်၊ ဝင်းခင်း၊ သူငယ်တော်၊ ဦးရွှေရိုး၊ ဒေါ်မိုးစတဲ့ အတီးအမှုတ် အကအခုန်တွေနဲ့ ကျေးရွာအလိုက် စီတန်းလှည့်လည်လာပြီး ရွှေကြက်ယက် ဘုရားအနီးက ဗောဓိညောင်ပင်ကို ညောင်ရေသွန်းလောင်းပူဇော်ကြတယ်” ဟု ဒေသခံတစ်ဦးက ပြောသည်။

ရွှေကြက်ယက် ရွှေကြက်ကျ ကဆုန်လညောင်ရေ သွန်းပွဲတော်သည် မြန်မာ ပြည်အလယ်ပိုင်းဒေသအတွင်း ကျင်းပသည့် ညောင်ရေသွန်းပွဲတော်များ အနက်အစည်ကားဆုံး သိုက်မြိုက်ဆုံး ပွဲတော်တစ်ခုဖြစ်၍ ကဆုန်ညောင်ရေသွန်းပွဲတော်တွင် ညောင်ရေသွန်းလောင်းကြသည်။ ရပ်ကွက်ကျေးရွာများအလိုက် မြန်မာ့ရိုးရာယဉ်ကျေးမှုဝတ်စားဆင်ယင်မှုများ၊ ရှေးမြန်မာတို့၏ ရှင်ဘုရင်၊ မိဖုရား၊ မင်းညီမင်းသား၊ စစ်သူကြီးစသည့်ဝတ်စားဆင်ယင်မှုများဖြင့် သရုပ်ဖော်ဝတ်စားဆင်ယင်ကာ ဘုရားကုန်းတော်ပေါ်ရှိ ဗောဓိညောင်ပင်အား အလှည့်ကျလှည့်ပတ်ပူဇော်ကာ ညောင်ရေ သွန်းလောင်းလေ့ရှိ၍ ထူးခြားသည့် အဆင်အယင် မြင်ကွင်းများဖြစ်သည့်အတွက်နိုင်ငံခြားခရီးသွား ဧည့်သည်များ၊ စစ်ကိုင်း၊ မန္တလေး၊ ကျောက်ဆည်၊ ရန်ကုန် မြို့ကြီးများမှ ဓာတ်ပုံဆရာများ အများအပြားလာရောက်ကာ မှတ်တမ်းတင် ဓာတ်ပုံများ၊ ဗီဒီယိုများ ရိုက်ကူးကြကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

# ရွှေကူမြို့တွင် သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းညှိနှိုင်းဆွေးနွေး

**ဗန်းမော် မေ ၁၁**
ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျင်းပသည့် သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို မေ ၉ ရက်က မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇာနည်မင်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိုင်းထွန်းက သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်နှိမ်နင်းရေးနှင့်ပတ်သက်သည့် ရောဂါမဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဖြစ်သော ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများအပြင် ထည့်၊ စိမ် လုပ်ငန်းနှစ်မျိုးကို တိုးချဲ့ဆောင်ရွက်ပါက ပိုမိုပြည့်စုံမည်ဖြစ်ကြောင်း၊ ရောဂါဖြစ်ပွားပါက အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများ၊ ဆေးမှုတ်ခြင်းလုပ်ငန်းများအား ဆောင်ရွက်သွားနိုင်ရေးအတွက် ပြည်သူများအနေဖြင့် ပါဝင်ကူညီ ဆောင်ရွက်ပေးကြရန်၊ ကျန်းမာရေးအသိပညာများကို ဆွေးနွေးကြသည်။ အဆိုပါကြိုတင်ကာကွယ်ရေး လုပ်ငန်းစဉ်အား မေလဒုတိယပတ်မှ အောက်တိုဘာလ ဒုတိယပတ်အထိ အပတ်စဉ်စနေနေ့တိုင်း ကျန်းမာရေးဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့်အတူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# တရားဥပဒေ အမေး/အဖြေ ကြော်ငြာဆိုင်းဘုတ် တနင်္သာရီတိုင်းဒေသကြီး တရားလွှတ်တော်၌ထားရှိ

**ထားဝယ် မေ ၁၁**
တနင်္သာရီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးတင်အောင် ဦးစီးဆောင်ရွက်သည့် တရားဥပဒေ အမေး/အဖြေ ကြော်ငြာဆိုင်းဘုတ်ကို တိုင်းဒေသကြီးတရားလွှတ်တော်ရှေ့၌ မေ ၉ ရက်က စိုက်ထူထားရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်မှုတွင် ပြည်ထောင်စု တရားစီရင်ရေး ပုဒ်မ ၃ (င)၊ တရားစီရင်ရေးဆိုင်ရာမူဝါဒ အရ တရားဥပဒေကို ပြည်သူ များအနေဖြင့် သိရှိလာကြပြီး ပြည်သူများက တရားဥပဒေအပေါ် လိုက်နာကျင့်သုံးလာနိုင်စေရန် ရည်ရွယ်ကြောင်း၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်ဦးတင်အောင်ဦးဆောင်၍ တိုင်းတရားရုံးဝန်ထမ်းများနှင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း တရားစီရင်ရေးဥပဒေမဏ္ဍိုင်မှာ ပြည်သူများနှင့်ကွာဟမှုဖြစ်နေသည်များတရားစီရင်ရေး၏ စီရင်ထုံးများအပေါ် မရှင်းမလင်းဖြစ်နေသည့် ပြည်သူများအနေဖြင့် တရားဥပဒေအပေါ် လွဲမှားစွာ မမြင်နိုင်ရေးပြောင်းလဲလာသော ခေတ်စနစ်၌ တရားစီရင်ရေး မဏ္ဍိုင်အပေါ် ပွင့်လင်းမြင်သာစွာဖြင့် ထင်သာမြင်သာမှုရှိလာစေရေးအတွက် ဒီမိုကရေစီစံနှုန်းနှင့်အညီ ဆောင်ရွက်နေခြင်းဖြစ်ကြောင်းသိရသည်။
**ဖိုးရွှေသွန်း(ထားဝယ်)**




# ဟံသာဝတီကျောင်းတိုက်သို့ သောက်သုံးရေများ သွားရောက်လှူဒါန်း

**သုံးခွ မေ ၁၁**
ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် အမှတ်(၉)ရပ်ကွက်ရှိ ဟံသာဝတီကျောင်းတိုက်၌ သောက်သုံးရေများ ရှားပါးပြတ်လပ်မှုအခက်အခဲဖြစ်နေသဖြင့် အကူအညီတောင်းခံမှုအရ သုံးခွမြို့ လူမှုကယ်ဆယ်ရေးအဖွဲ့က လီတာ ၂၀ ဆံ့ရေသန့်ဘူးကြီး ၆၄ ဘူးကို မေ ၉ ရက်က သွားရောက်လှူဒါန်းပေးခဲ့ကြောင်း သိရသည်။
**ကိုကျော်(သုံးခွ)**

# မအူပင်စက်မှုဇုန်စီမံကိန်းအားသုံးနှစ်တာကာလအတွင်းအပြီးသတ် တည်ဆောက်သွားမည်

**ရန်ကုန် မေ ၁၁**
ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင်ရှိ မအူပင်စက်မှုဇုန်စီမံကိန်းအား မအူပင်မြို့နယ် ညောင်ဝိုင်း ကွင်း ပံတပ္ပတ်အနောက်ကွင်းရှိ ညောင်ဝိုင်းကျေးရွာအုပ်စုနှင့် ပံတပ္ပတ်ကျေးရွာအုပ်စု ဆက်စပ်နေရာအနီး ဧကပေါင်း ၂၅၀ အကျယ်တွင် အစုရှယ်ယာရှင်တောင်သူများပါဝင်ကာ မအူပင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက် မှ ဖော်ဆောင်မည်ဖြစ်သည်။ အဆိုပါ စီမံကိန်း၏ စတင်ဆောက်လုပ်မည့် စက်ရုံခြောက်ရုံ ပန္နက်တင်မင်္ဂလာအခမ်းအနားကို မေ ၉ ရက်က စီမံကိန်းလုပ်ငန်းခွင်အတွင်း ကျင်းပခဲ့သည်။

ဒေသခံပြည်သူများအတွက်လူမှုစီးပွားဖွံ့ ဖြိုးတိုးတက်စေရန်၊ တိုင်းဒေသကြီးအတွင်း စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန်၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများတိုးတက်လာစေ ရန်အတွက်ရည်ရွယ်ခြင်းဖြစ်ကာ ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးနိုင်ရန် အတွက်လည်းကောင်း၊ ဒေသအတွင်းရှိ သဘာဝအရင်းအမြစ်များအား တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်နိုင်စေရန်အတွက်လည်းကောင်း၊ မအူပင်စက်မှုဇုန်စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရခြင်းဖြစ်ကြောင်း သိရသည်။

ယင်းစက်မှုဇုန်စီမံကိန်းစတင်ရန်အတွက် မအူပင်ဖွံ့ ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက်မှရင်းနှီးမြှုပ်နှံသူအစုရှယ်ယာရှင် ၂၆ ဦးဖြင့် စတင်ခဲ့ခြင်းဖြစ်ပြီး မအူပင်ဖွံ့ဖြိုးတိုးတက်ရေးအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှအစုရှယ်ယာရှင် ၁၃၄ ဦးပါဝင်ကြောင်း၊ Shanghai Yangon Investment ကုမ္ပဏီလီမိတက် မှ ၅၅ ရာခိုင်နှုန်း၊ မအူပင်ဖွံ့ဖြိုးတိုးတက်ရေးအများနှင့် သက်ဆိုင်သောကုမ္ပဏီလီမိတက်မှ ၄၅ ရာခိုင်နှုန်း JOINT ရင်းနှီးမြှုပ်နှံကြောင်းသိရသည်။

စီမံကိန်းအတွင်း စက်ရုံစုစုပေါင်း ၅၀ ကိုဆောက်လုပ်ရန်လျာထားကြောင်း သိရသည်။

ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့် ခန့် မှန်းပမာဏမှာငွေကျပ်သန်းပေါင်း ၂၆၉၁၀၀ ခန့်မှန်းထားပြီးအခြေခံအဆောက်အအုံများအတွက် ခန့်မှန်းပမာဏမှာငွေကျပ်သန်းပေါင်း ၂၂၁၁၃ သန်းခန့်မှန်းထားကာ ရင်းနှီးမြှုပ်နှံမှု စုစုပေါင်းငွေကျပ်သန်းပေါင်း ၂၉၁၂၁၃ သန်းကုန်ကျခံခန့်မှန်းထားကြောင်း သိရသည်။ စက်ရုံများဆောင်ရွက်ပြီးစီးပါကခန့်မှန်းအလုပ်သမားဦးရေ ၇၇၀၀၀ အလုပ်အကိုင်ရရှိကြမည်ဖြစ်သည်။

မအူပင်ဖွံ့ဖြိုးတိုးတက်ရေးအများနှင့် သက်ဆိုင်သောကုမ္ပဏီလီမိတက်မှဉက္ကဋ္ဌ ဦးရန်ဝင်းက “ဒေသအတွင်းမှာရှိနေကြတဲ့ ပြည်သူများအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးအလုပ်အကိုင်များ ကြီးကြီးမားမားဆိုတာမရှိပါဘူး။ ဒါကြောင့် ဒီဒေသမှာတော့စက်မှုဇုန်တစ်ခုရှိရင်ကောင်းမယ်ဆိုပြီး အကောင်အထည်ဖော်ဆောင်ရွက်လိုက်တာပါ” ဟုရှင်းပြသည်။

မြန်မာနိုင်ငံတွင် ပထမစက်မှုဇုန်မှာရန်ကုန်မြို့ဖြစ်ပြီးဒုတိယစက်မှုဇုန်မှာ မန္တလေးမြို့ဖြစ်ကာ မအူပင်စက်မှုဇုန်မှာ တတိယစက်မှုဇုန်မြို့ဖြစ်လာမည် ဖြစ်သည်။ ယင်းစီမံကိန်းကို သုံးနှစ်တာကာလအတွင်း အပြီးသတ်တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။ မေ ၉ ရက်က ကျင်းပခဲ့သောမအူပင်စက်မှုဇုန်စီမံကိန်း၌ စတင်ဆောက်လုပ်မည့် စက်ရုံခြောက်ရုံ ပန္နက်တင်မင်္ဂလာအခမ်းအနား၌ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးများ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအောင်ထူး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းစက်မှုလက်မှုနှင့် ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မအူပင်ဖွံ့ဖြိုးတိုးတက်ရေးအများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်က တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။



**မျိုးမင်းသိန်း(မရမ်းကုန်း)၊ ဓာတ်ပုံ မြင့်ဦး(မအူပင်)**

**သစ်ပင်နည်းလာ၊ တို့ကမ္ဘာ လွန်စွာပူအေး၊ ဥတုဘေး။**

# စိတ်ဝင်စားဖွယ်ရာများ နဲ့ ပရီမီယာလိဂ်

ပရီမီယာလိဂ်ပွဲစဉ် (၃၇)ကို လာမယ့် မေလ ၁၃ရက်၊ ၁၄ ရက်နေ့တွေမှာ ကျင်းပသွားဖို့ ရှိနေပါတယ်။ အဆိုပါပွဲစဉ်မှာတော့ စပါးဟာ မန်ယူနဲ့ဆုံတွေ့နေတာကြောင့် နိုင်ပွဲရယူနိုင်ပါ့မလားဆိုတာ စောင့်ကြည့်ရမှာဖြစ်ပြီး တန်းဆင်းဇုန်တိုက်ပွဲဖြစ်တဲ့ ပဲလေ့စ်နဲ့ ဟားလ်ပွဲကလည်း အကြိတ်အနယ်ရှိနိုင်ကာ ဘယ်သူ တန်းတင်ကျန်ရစ်မလဲဆိုတာ စိတ်ဝင်စားဖို့ကောင်းနေပါတယ်။ ဒါ့အပြင် ပွဲဆက်တွေများနေတဲ့ အာဆင်နယ်လည်း နိုင်ပွဲရနိုင်ပါ့မလား စောင့်ကြည့်ရမယ်။

— ဝေမိုးဆက် —




## စပါး VS မန်ယူ

| | | | | |
|---|---|---|---|---|
| ပကျော့ | မန်ယူ | ၁ | ၀ | စပါး |

စပါးအနေနဲ့ ရှေ့ရက်မှာကစားခဲ့မယ့် ချယ်လ်ဆီးသာ နိုင်ပွဲမရခဲ့ရင် နိုင်ပွဲရယူနိုင်အောင် အားစိုက်ကစားလာမှာ သေချာနေပါတယ်။ မန်ယူကတော့ လက်ရှိအချိန်မှာ ဒဏ်ရာရ ကစားသမားတွေများနေသလို ယူရိုပါလိဂ်ကြောင့်လည်းပွဲပန်းမှုတွေရှိလာနိုင်ပါတယ်။ ဒါပေမယ့် မန်ယူကလည်း အမှားအယွင်းမဖြစ်အောင်တော့ ထိန်းကစားသွားမှာဖြစ်တယ်။ ဒါကြောင့် ဒီပွဲမှာလည်း စပါးတို့ မထင်မှတ်ဘဲ အခက်တွေ့နိုင်ကာ သရေကျဖို့များနေပါတယ်။

## မစ်ဒယ်ဘာရော့ VS ဆောက်သမ်တန်

| | | | | |
|---|---|---|---|---|
| ပကျော့ | ဆောက်သမ်တန် | ၁ | ၀ | မစ်ဒယ်ဘာရော့ |

မစ်ဒယ်ဘာရော့က အိမ်ကွင်းဖြစ်နေတာကြောင့် အားစိုက်ကစားလာမှာသေချာနေပါတယ်။ ဒါပေမယ့်လည်း မစ်ဒယ်ဘာရော့ခြေက အားနည်းမှုတွေရှိနေကာ တိုက်စစ်ကလည်း တစ်ပွဲနဲ့တစ်ပွဲ ဂိုးသွင်းခြေ မတည်ငြိမ်ပါဘူး။ ဆောက်သမ်တန်ကလည်း လက်ရှိအချိန်မှာ အမှတ်လိုအပ်ချက်မရှိတော့သလို ခြေစွမ်းပိုင်းလည်း အားနည်းနေပါတယ်။ ဒါ့အပြင် ဆောက်သမ်တန်က ပွဲဆက်တွေ များနေပါတယ်။ ဒါကြောင့် ဒီပွဲမှာ သရေကျသွားဖို့ များပါတယ်။

## ပဲလေ့စ် VS ဟားလ်

| | | | | |
|---|---|---|---|---|
| ပကျော့ | ဟားလ် | ၃ | ၃ | ပဲလေ့စ် |

ပဲလေ့စ်က ဒီပွဲအနိုင်ရလိုက်တာနဲ့ တန်းတင်ကျန်ရစ်ဖို့ သေချာသွားမှာဖြစ်ပါတယ်။ ဒါကြောင့် အိမ်ကွင်းမှာ အားစိုက်လာမှာ သေချာနေပါတယ်။ ဟားလ်ကလည်း ဒီပွဲအနိုင်ရပါမှ တန်းမဆင်းရဖို့မျှော်လင့်နိုင်မှာဖြစ်တာကြောင့် အားစိုက်ကစားလာမှာဖြစ်ပေမယ့် ဟားလ်ဟာ အဝေးကွင်းပွဲတွေမှာ ခြေစွမ်းပိုင်းကျဆင်းတတ်သလို တိုက်စစ်ကလည်း အားနည်းမှုတွေ ရှိနေပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ ပဲလေ့စ်ကသာ နိုင်ပွဲရသွားမှာပါ။

## ဝက်စ်ဟမ်း VS လီဗာပူး

| | | | | |
|---|---|---|---|---|
| ပကျော့ | လီဗာပူး | ၂ | ၂ | ဝက်စ်ဟမ်း |

ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့ မသေချာသေးတဲ့ လီဗာပူးဟာ ဒီပွဲမှာလည်းနိုင်ပွဲရယူနိုင်ဖို့အတွက် အားစိုက်လာမှာ သေချာနေပါတယ်။ ဒါပေမယ့်လည်း လီဗာပူးမှာ ဒဏ်ရာရကစားသမားတွေများနေပါတယ်။ ဝက်စ်ဟမ်းကတော့ တန်းမဆင်းရဖို့သေချာသွားပြီဖြစ်ပေမယ့် အိမ်ကွင်းဖြစ်နေတာကြောင့် အမှားမရှိအောင် ထိန်းကစားလာမှာ သေချာနေပါတယ်။ ဝက်စ်ဟမ်းရဲ့အိမ်ကွင်းခြေကလည်း ကောင်းမွန်တတ်လို့ လီဗာပူးကပ်ပြီးသာနိုင်မယ်။

## မန်စီးတီး VS လက်စတာ

| | | | | |
|---|---|---|---|---|
| ပကျော့ | လက်စတာ | ၄ | ၂ | မန်စီးတီး |

မန်စီးတီးအနေနဲ့ လက်ရှိအချိန်မှာ ချန်ပီယံလိဂ်ဝင်ခွင့်ရယူနိုင်ဖို့အတွက် အားစိုက်ကစားနေသလို ခြေစွမ်းပိုင်းလည်း ကောင်းမွန်နေပါတယ်။ ဂျေဆုပြန်လည်ပါဝင်လာနိုင်တာကြောင့် တိုက်စစ်ကလည်း ထိုးဖောက်ကစားပုံကောင်းမွန်နေပါတယ်။ လက်စတာကတော့ ခြေစွမ်းမဆိုးပေမယ့်လည်း အဝေးကွင်းပွဲတွေမှာခြေက ကျဆင်းတတ်သလို လက်ရှိအချိန်မှာလည်းတန်း တင်ကျန်ရစ်ခဲ့ပြီဖြစ်တာကြောင့် အားစိုက်မှု လျော့ကျလာနိုင်ပါတယ်။ မန်စီးတီးအနိုင်ရမယ်။

## အဲဗာတန် VS ဝက်ဖို့ဒ်

| | | | | |
|---|---|---|---|---|
| ပကျော့ | ဝက်ဖို့ဒ် | ၃ | ၂ | အဲဗာတန် |

လက်ရှိအချိန်မှာ ဝက်ဖို့ဒ်ကဟားလ်ထက် ခြောက်မှတ်အသာရထားသလို ဂိုးကွာဟချက်မှာလည်း ၁၀ ဂိုးကျော် အသာရထားတာကြောင့် တန်းမဆင်းရဖို့ အတော်လေးသေချာနေပြီဖြစ်ပါတယ်။ ဒါပေမယ့် သေချာမှုတစ်ခုရအောင်တော့ ဝက်ဖို့ဒ်တို့ ခံစစ်အားပြု ကစားလာနိုင်ပါတယ်။ ဒါကြောင့်လည်း အဲဗာတန်တို့အိမ်ကွင်းဖြစ်သလို ခြေစွမ်းပိုင်းလည်းကောင်းမွန်နေပေမယ့် ဝက်ဖို့ဒ်ရဲ့ခံကစားအားကြောင့် အဲဗာတန် ကပ်ပြီးသာနိုင်ခြေရှိပါတယ်။

## ဝက်စ်ဘရွန်း VS ချယ်လ်ဆီး

| | | | | |
|---|---|---|---|---|
| ပကျော့ | ချယ်လ်ဆီး | ၁ | ၀ | ဝက်စ်ဘရွန်း |

ဝက်စ်ဘရွန်းက လက်ရှိအချိန်မှာ အမှတ်လိုအပ်ချက်မရှိတော့ပါဘူး။ တန်းမဆင်းရဖို့ သေချာနေပြီဖြစ်သလို ဥရောပဝင်ခွင့်လည်း မရနိုင်တော့ပါဘူး။ ချယ်လ်ဆီးကတော့ ချန်ပီယံဆုရယူနိုင်ဖို့အတွက် အားစိုက်ကစားလာမှာဖြစ်သလို လက်ရှိခြေစွမ်းပိုင်းလည်း ကောင်းမွန်နေပါတယ်။ ဒါကြောင့်လည်း ချယ်လ်ဆီးသာ တိုက်စစ်ဖွင့်ကစားလာခဲ့မယ်ဆိုရင် ဝက်စ်ဘရွန်းတို့ ထိန်းချုပ်ရခက်ခဲနိုင်ပါတယ်။ ချယ်လ်ဆီးကသာ နိုင်ပွဲရသွားနိုင်ပါတယ်။

## ဆန်းဒါးလန်း VS ဆွမ်ဆီး

| | | | | |
|---|---|---|---|---|
| ပကျော့ | ဆွမ်ဆီး | ၃ | ၀ | ဆန်းဒါးလန်း |

ဆွမ်ဆီးကလက်ရှိအချိန်မှာ တန်းမဆင်းရဖို့ မျှော်လင့်ချက် အားကောင်းနေတာကြောင့် ဒီပွဲမှာလည်း အားစိုက်ကစားလာမှာသေချာနေပါတယ်။ လက်ရှိအချိန်မှာလည်း ဆွမ်ဆီး ခြေစွမ်းပိုင်းက ကောင်းမွန်နေပါတယ်။ ဆန်းဒါးလန်းကတော့ တန်းဆင်းရဖို့သေချာနေပြီဖြစ်ပြီး ခြေစွမ်းပိုင်းလည်း အားနည်းမှုတွေရှိနေပါတယ်။ ဟားလ်ကို အနိုင်ရခဲ့တဲ့ပွဲမှာတောင် ခြေစွမ်းပိုင်းအသာမရခဲ့ပါဘူး။ ဆွမ်ဆီးကသာ နိုင်ပွဲရသွားနိုင်ပါတယ်။

## စတုတ် VS အာဆင်နယ်

| | | | | |
|---|---|---|---|---|
| ပကျော့ | အာဆင်နယ် | ၃ | ၁ | စတုတ် |

စတုတ်က အမှတ်လိုအပ်ချက်မရှိတော့ပါဘူး။ ဒါပေမယ့်လည်း အိမ်ကွင်းဖြစ်နေတာကြောင့် အမှားမဖြစ်အောင်တော့ ထိန်းချုပ်ကစားမှာပါ။ အာဆင်နယ်ကတော့ လက်ရှိအချိန်မှာ ချန်ပီယံလိဂ်ဝင်ခွင့်ရယူနိုင်ဖို့အားစိုက် ကစားနေသလို ခြေစွမ်းလည်းကောင်းမွန်မှုရှိနေပေမယ့် ကြားရက်မှာ ပွဲကျန်ကစားခဲ့ရတာကြောင့် ပွဲပန်းမှုတွေရှိနေနိုင်ပါတယ်။ ဒါကြောင့် လည်း ဒီပွဲစဉ်မှာ အာဆင်နယ်အနိုင်ရသွားနိုင်ပေမယ့် ဂိုးပြတ်ဖို့တော့ ခက်ပါတယ်။

## ဘုန်းမောက် VS ဘန်လေ

| | | | | |
|---|---|---|---|---|
| ပကျော့ | ဘန်လေ | ၃ | ၂ | ဘုန်းမောက် |

ဘုန်းမောက်က လက်ရှိအချိန်မှာ တန်းမဆင်းရဖို့ သေချာနေပြီဖြစ်ပါတယ်။ ဒါကြောင့်လည်း အမှားအယွင်းမဖြစ်အောင်သာ ထိန်းကစားလာနိုင်ပါတယ်။ ဘန်လေကလည်း နှစ်ပွဲကျန် အနေအထားမှာ ဟားလ်ကို ခြောက်မှတ်အသာရထားသလို ဂိုးကွာဟမှုမှာလည်း ၁၉ ဂိုးအထိ အသာရထားလို့တန်းတင် ကျန်ရစ်ဖို့သေချာသလောက်ရှိနေပါတယ်။ ဒါကြောင့်ဘန်လေကလည်း ထိန်းကစားလာမှာပါ။ သွင်းဂိုးနည်းနိုင်ကာသရေကျမယ်။

## ပရီမီယာလိဂ်ပွဲစဉ်(၃၇)

| | | | | |
|---|---|---|---|---|
| **သောကြာနေ့ (၁၂-၅-၁၇)** | | | | |
| နံနက် ၁း၁၅ | အဲဗာတန် | □ - □ | | ဝက်ဖို့ဒ် |
| နံနက် ၁း၃၀ | ဝက်စ်ဘရွန်း | □ - □ | | ချယ်လ်ဆီး |
| **စနေနေ့ (၁၃-၅-၁၇)** | | | | |
| ည ၆း၀၀ | မန်စီးတီး | □ - □ | | လက်စတာ |
| ည ၈း၃၀ | ဘုန်းမောက် | □ - □ | | ဘန်လေ |
| ည ၈း၃၀ | မစ်ဒယ်ဘာရော့ | □ - □ | | ဆောက်သမ်တန် |
| ည ၈း၃၀ | ဆန်းဒါးလန်း | □ - □ | | ဆွမ်ဆီး |
| ည ၁၁း၀၀ | စတုတ် | □ - □ | | အာဆင်နယ် |
| **တနင်္ဂနွေနေ့ (၁၄-၅-၁၇)** | | | | |
| ညနေ ၅း၃၀ | ခရစ္စတဲလ်ပဲလေ့စ် | □ - □ | | ဟားလ်စီးတီး |
| ည ၇း၄၅ | ဝက်စ်ဟမ်း | □ - □ | | လီဗာပူး |
| ည ၁၀း၀၀ | စပါး | □ - □ | | မန်ယူ |

## စပိန်လာလီဂါပွဲစဉ်(၃၇)

| | | | |
|---|---|---|---|
| **စနေနေ့ (၁၃-၅-၁၇)** | | | |
| ည ၈း၃၀ | အက်စ်ပန်ညို | □ - □ | ဗလင်စီယာ |
| ည ၁၁း၀၀ | အိုဆာဆူနာ | □ - □ | ဂရန်နာဒါ |
| **တနင်္ဂနွေနေ့ (၁၄-၅-၁၇)** | | | |
| ည ၈း၃၀ | အလာဗက်စ် | □ - □ | ဆယ်တာဗီဂို |
| နံနက် ၀၀း၃၀ | ဘီဘာအို | □ - □ | လီဂါနက်စ် |
| နံနက် ၀၀း၃၀ | ဘက်တစ် | □ - □ | အက်သလက် |
| နံနက် ၀၀း၃၀ | အီဘား | □ - □ | ဂီဂျွန် |
| နံနက် ၀၀း၃၀ | လက်ပဲလ်မက်စ် | □ - □ | ဘာစီလိုနာ |
| နံနက် ၀၀း၃၀ | ဗီလာရီးရဲ | □ - □ | ဒီပို့တီဗို |
| နံနက် ၀၀း၃၀ | ရီးရဲမက်ဒရစ် | □ - □ | ဆီဗီလာ |
| နံနက် ၀၀း၃၀ | ဆိုစီဒက် | □ - □ | မာလာဂါ |

## စီးရီးအေပွဲစဉ်(၃၆)

| | | | |
|---|---|---|---|
| **စနေနေ့ (၁၃-၅-၁၇)** | | | |
| ည ၁၀း၃၀ | ဖီအိုရင်တီးနား | □ - □ | လာဇီယို |
| နံနက် ၁း၁၅ | အတ္တလန္တာ | □ - □ | မီလန် |
| **တနင်္ဂနွေနေ့ (၁၄-၅-၁၇)** | | | |
| ညနေ ၅း၀၀ | အင်တာမီလန် | □ - □ | ဆက်ဆူအိုလို |
| ည ၇း၃၀ | ဆမ်ဒိုးရီးယား | □ - □ | ချီယေဗို |
| ည ၇း၃၀ | ကယ်ဂလီယာရီ | □ - □ | အမ်ပိုလီ |
| ည ၇း၃၀ | ပါလာမို | □ - □ | ဂျီနိုအာ |
| ည ၇း၃၀ | တိုရီနို | □ - □ | နာပိုလီ |
| ည ၇း၃၀ | ဘလော့ဂ်နာ | □ - □ | ပက်စ်ကာရာ |
| ည ၇း၃၀ | ခရိုတိုနီ | □ - □ | အူဒီးနိစ် |
| နံနက် ၁း၁၅ | ရိုးမား | □ - □ | ဂျူဗင်တပ်စ် |

## လာလီဂါပွဲကျန်

| | | | |
|---|---|---|---|
| **ဗုဒ္ဓဟူးနေ့ (၁၇-၅-၁၇)** | | | |
| နံနက် ၁း၃၀ | ဆယ်တာဗီဂို | □ - □ | ရီးရဲ |

## ပြင်သစ်ပထမတန်းပွဲကျန်

| | | | |
|---|---|---|---|
| **ဗုဒ္ဓဟူးနေ့ (၁၇-၅-၁၇)** | | | |
| နံနက် ၁း၃၀ | မိုနာကို | □ - □ | စိန့်အက်တီယန် |




**တွန်ဇီဘီဟာ မန်ယူအသင်းကို အသက်ရှစ် နှစ်သားကတည်းက ရောက်ရှိနေခဲ့တာ ဖြစ်ပါတယ်။ သူဟာ မန်ယူလူငယ်အသင်းမှာ ၂၀၁၃ ခုနှစ်မှ စတင်ကာ ပါဝင်ကစားခဲ့တာဖြစ်ပြီး အသင်းရဲ့ တစ်နှစ်တာအကောင်းဆုံး လူငယ်ကစားသမားဆုကိုလည်း ရရှိထားခဲ့သူဖြစ်ပါတယ်။ သူဟာ ကွန် ဂိုနွယ်ဖွားတစ်ဦးဖြစ်ပေမယ့် အခုအချိန်မှာ အင်္ဂလန်လူငယ်အသင်းမှာ နေခဲ့တာ ဖြစ်ပါတယ်။**

# မန်ယူတက်သစ်စလူငယ်ကစားသမား တွန်ဇီဘီ ကို ခြေရာကောက်ခြင်း

အောင်က

မော်ရင်ညိုရဲ့ မန်နေဂျာဘဝကို ကြည့်မယ်ဆိုရင် လူငယ်ကစားသမားတွေကို အသင်းမှာ ထည့်သုံးတာက ရှားတယ်။ အထူးသဖြင့် မော်ရင်ညိုဟာ အဆင်သင့်လို့ ပြောလို့ရတဲ့ထိပ်တန်းကစားသမားတွေကိုသာ သုံးတာကများတယ်။ ဒါပေမယ့် မော်ရင်ညိုဟာ မန်ယူအသင်းကို ရောက်ရှိခဲ့ပြီးတဲ့နောက်မှာ ရက်ရှ်ဖို့ဒ်၊ လင်ဂတ်တို့ကို နေရာပေးကစားစေခဲ့ပြီးတဲ့နောက်မှာ လူငယ်ကစားသမားတွေအပေါ် သူ့ရဲ့ယုံကြည်မှုပုံစံက ပြောင်းလာခဲ့တယ်။ မန်ယူအသင်းရဲ့ လက်ရှိအချိန်မှာလည်း ဒဏ်ရာ ပြဿနာနဲ့ ရုန်းကန်နေရတယ်။ ဒါကြောင့်လည်းမော်ရင်ညိုဟာ လူငယ်ခံစစ်မှူး တွန်ဇီဘီကို အာဆင်နယ်အသင်းနဲ့ပွဲမှာ စတင်ပွဲထုတ်ခဲ့တယ်။ ဒါဟာ မော်ရင်ညိုအတွက် ကြီးမားတဲ့ စွန့်စားမှုလို့ ပြောနိုင်သလိုတွမ်ဇီဘီအတွက်တော့ အောင်မြင်မှုအတွက် ပထမဦးဆုံးခြေလှမ်းလို့ ပြောရမယ်။ ဒါကြောင့် ပရိသတ်တွေနဲ့ ဝေးကွာလွန်းတဲ့ တွန်ဇီဘီကို မိတ်ဆက်တင်ပြလိုက်ပါတယ်။

### တွန်ဇီဘီရဲ့ဘဝအစ

တွန်ဇီဘီဟာ မန်ယူအသင်းကို အသက် ရှစ်နှစ်သားကတည်းက ရောက်ရှိနေခဲ့တာ ဖြစ်ပါတယ်။ သူဟာ မန်ယူလူငယ်အသင်းမှာ ၂၀၁၃ ခုနှစ်မှစတင်ကာ ပါဝင်ကစားခဲ့တာဖြစ်ပြီး အသင်းရဲ့တစ်နှစ်တာအကောင်းဆုံး လူငယ်ကစားသမားဆုကိုလည်း ရရှိထားခဲ့သူဖြစ်ပါတယ်။ သူဟာ ကွန်ဂိုနွယ်ဖွားတစ်ဦးဖြစ်ပေမယ့် အခုအချိန်မှာ အင်္ဂလန်လူငယ်အသင်းမှာ ကစားနေခဲ့တာ ဖြစ်ပါတယ်။ သူဟာ အင်္ဂလန်ရဲ့ ယူ-၁၉ နဲ့ ယူ-၂၀ အသင်းတို့မှာ ကစားနေခဲ့သူလည်းဖြစ်ပါတယ်။

သူဟာ ယခုနှစ်ရာသီ အစောပိုင်းက ခရစ္စတဲလ်ပဲလေ့စ်အသင်းနဲ့ပွဲမှာ အသင်းရဲ့ အရန်လူစာရင်းမှာ ပါဝင်ခဲ့ပေမယ့် ကစားခွင့်တော့မရခဲ့ပါဘူး။ သူ့အနေနဲ့ ဒီနှစ်ရာသီမှာ ပထမဦးဆုံး ကစားခွင့်ရခဲ့တဲ့ပွဲက ဇန်နဝါရီလတုန်းက မန်ယူအသင်းနဲ့ ဝီဂန်အသင်းတို့ ကစားခဲ့တဲ့ အက်ဖ်အေဖလားပြိုင်ပွဲမှာဖြစ်ပါတယ်။

ဒါကြောင့် တွန်ဇီဘီဟာ ယခုနှစ်ရာသီမှာ မန်ယူအသင်းနဲ့ ကစားခွင့်မရခင်ကတည်းက အသင်းမှာ ပါဝင်ကစားခွင့် ရရှိဖို့အတွက် သတ်မှတ်ထားခြင်း ခံထားရသူလို့တော့ ပြောရမှာဖြစ်ပါတယ်။ ဒါ့အပြင်သူဟာ မော်ရင်ညိုစတင်ရောက်ရှိခဲ့တဲ့ ရာသီအကြိုကာလကတည်းက အသင်းမှာ ကစားခွင့်ရရှိခဲ့သူ ဖြစ်ပါတယ်။

### ခြေစွမ်းနဲ့ အားသာချက်

တွန်ဇီဘီဟာ အရပ် ၆ ပေ၊ ၁ လက်မရှိပြီး တောင့်တင်းသန်မာတဲ့ ခံစစ်မှူးတစ်ဦး ဖြစ်ပါတယ်။ ငယ်ရွယ်မှုနဲ့အတူ လျင်မြန်ဖျတ်လတ်တဲ့ တွန်ဇီဘီဟာ မန်ယူခံစစ်ပိုင်းအတွက် အနာဂတ်မှာ အားကိုးရတဲ့ ကစားသမားတစ်ဦး ဖြစ်လာနိုင်ပါတယ်။ အထူးသဖြင့် သူ့ရဲ့ထူးချွန်တဲ့ လျှောတိုက်ဖျတ်ထုတ်မှုတွေက လူငယ်အသင်းမှာ ကစားခဲ့စဉ်ကတည်းက ထင်ရှားသူ ဖြစ်ပါတယ်။ ဒါ့အပြင်သူဟာ ကွင်းလယ်ခံစစ်ပိုင်းမှာ လည်း ကစားနိုင်စွမ်းရှိတဲ့သူဖြစ်ပါတယ်။ သူဟာ ခံစစ်မှူး ဒါလေဘလင်းထက်လည်း ကိုယ်ကာယပိုင်းဟာ ပိုမိုတောင့်တင်းကြံ့ခိုင်တဲ့သူ ဖြစ်ပါတယ်။ ဒီနှစ်ရာသီမှာ သူ့အနေနဲ့အသင်းနဲ့အတူ ပါ ဝင်ကစားခွင့် သိပ်မရခဲ့ပေမယ့် လာမယ့်ရာသီတွေမှာ မန်ယူအသင်းနဲ့အတူ ထွန်းတောက်ဖို့ ရှိလာတဲ့ကစားသမားတစ်ဦးလည်း ဖြစ်ပါတယ်။ သူ့ရဲ့မန်ယူအသင်းနဲ့ လက်ရှိစာချုပ်သက်တမ်းကလည်း ၂၀၂၀ မှသာ ကုန်ဆုံးမှာ ဖြစ်ပါတယ်။

### မန်နေဂျာတွေရဲ့မှတ်ချက်

တွန်ဇီဘီဟာ ရာသီအကြိုကာလမှာ ဝီဂန်အသင်းနဲ့ပွဲမှာ ၁၀ မိနစ်ပါဝင် ကစားခွင့် ရရှိခဲ့ပါတယ်။ အဲ့ဒီပွဲအပြီးမှာတော့ မော်ရင်ညိုက "၁၀ မိနစ်ဆိုလုံလောက်ပါတယ်။ သူ့ရဲ့အလားအလာရှိမှုကိုတော့ လူတိုင်းမြင်တာနဲ့ ချက်ချင်းသိပါတယ်"လို့လည်း ပြောဆိုခဲ့ပါတယ်။ ဒါဟာ တွန်ဇီဘီနဲ့ပတ်သက်ပြီး မော်ရင်ညိုရဲ့ ရာသီအကြိုမှတ်ချက်ပြုပြောဆိုမှု ဖြစ်ပါတယ်။

ဒါ့အပြင်သူ့ရဲ့ အကယ်ဒမီနည်းပြဖြစ်သူ ပေါလ်မက်ဂရင်းနစ်ကလည်း "သူ့ကို လူငယ်အသင်းရဲ့ကပ္ပတိန်အဖြစ် ခန့်အပ်ခဲ့ပေမယ့် မန်ယူကစားသမားဟောင်း ဂယ်ရီနဗီးလ်လို လုပ်နိုင်လိမ့်မယ်လို့တော့ မထင်ပါဘူး။ ဒါပေမယ့် သူဟာ ကွင်းထဲမှာရော ကွင်းပြင်မှာပါ အသင်းအတွက် အကောင်းဆုံးလုပ်နိုင်ခဲ့ပါတယ်" လို့လည်း ပြောဆိုခဲ့ပါတယ်။ ဒါကတော့ မန်ယူလူငယ်အသင်းနည်းပြ မက်ဂရင်းနစ်က တွန်ဇီဘီကို မန်ယူအသင်းရဲ့ ကစားသမားဟောင်း နဗီးလ်နဲ့ ခိုင်းနှိုင်းချီးကျူးထားခဲ့တာလည်း ဖြစ်ပါတယ်။ ဒါကြောင့်လည်း သူဟာ လူငယ်အသင်းမှာကစားနေခဲ့စဉ်ကတည်းက ဦးဆောင်နိုင်စွမ်းရှိတဲ့ ကစားသမားတစ်ဦးဖြစ်ရုံသာမက ပင်ကိုအရည်အချင်းပြည့်ဝတဲ့ ကစားသမားတစ်ဦးလည်း ဖြစ်ပါတယ်။

တွန်ဇီဘီဟာ မန်ယူအသင်းနှင့် ပထမဦးဆုံး ပရီမီယာလိဂ်မှာ ပါဝင်ကစားခွင့်ရရှိခဲ့တဲ့ပွဲဖြစ်တဲ့ အာဆင်နယ်အသင်းနဲ့ပွဲမှာတော့ ရှုံးခဲ့တာကြောင့် တာထွက်မကောင်းဘူးလို့တော့ ဆိုနိုင်ပါတယ်။ ဒါပေမယ့် သူ့ရဲ့အရည်အချင်း၊ သူ့ရဲ့ ခြေစွမ်းတွေကတော့ ကောင်းမွန်မှုရှိခဲ့တာကြောင့် မန်ယူအသင်းရဲ့အနာဂတ်မှာတော့ တောက်ပလာနိုင်တဲ့ကစားသမားတစ်ဦးအဖြစ် တွေ့မြင်ရဖို့ရှိနိုင်ပါတယ်။

### ဘွန်ဒက်စ်လီဂါပွဲစဉ်(၃၃)

စနေနေ့ (၁၃-၅-၁၇)

| | | | | |
|---|---|---|---|---|
| ည ၈း၀၀ | လေဗာကူဆင် | □-□ | ကိုလုံး |
| ည ၈း၀၀ | ရှော်လ်ကေး | □-□ | ဟမ်းဘတ် |
| ည ၈း၀၀ | မိန့်ဇ် | □-□ | ဇရန့်ဖွတ် |
| ည ၈း၀၀ | ဝုဖ်ဘတ် | □-□ | ဂလာဘတ်ချ် |
| ည ၈း၀၀ | အော့စ်ဘတ် | □-□ | ဒေါ့မွန် |
| ည ၈း၀၀ | ဝါဒါဘရီမင် | □-□ | ဟော့ဖန်ဟိန်း |
| ည ၈း၀၀ | ဒရန်စတတ် | □-□ | ဟာသာဘာလင် |
| ည ၈း၀၀ | ဖရိုင်းဘတ် | □-□ | အင်ဂိုစတတ် |
| ည ၈း၀၀ | လိုက်ပဇစ် | □-□ | ဘိုင်ယန် |

### ပြင်သစ်ပထမတန်းပွဲစဉ်(၃၇)

တနင်္ဂနွေနေ့ (၁၄-၅-၁၇)

| | | | |
|---|---|---|---|
| နံနက် ၁း၃၀ | စိန့်အေတီယန် | □-□ | ပီအက်စ်ဂျီ |
| နံနက် ၁း၃၀ | ဘော်ဒိုး | □-□ | မာဆေး |
| နံနက် ၁း၃၀ | မောင့်ပယ်လီယာ | □-□ | လယွန် |
| နံနက် ၁း၃၀ | နိုက်စ် | □-□ | အန်ဂျာစ် |
| နံနက် ၁း၃၀ | ဘတ်စတီယာ | □-□ | လောရီယင့် |
| နံနက် ၁း၃၀ | ဒီဂျွန် | □-□ | နန်စီ |
| နံနက် ၁း၃၀ | မိုနာကို | □-□ | လေလီ |
| နံနက် ၁း၃၀ | နန့်စ် | □-□ | ဂူအင်ဂမ့် |
| နံနက် ၁း၃၀ | ကိန်းစ် | □-□ | ရိန်းစ် |
| နံနက် ၁း၃၀ | မက်ဇ် | □-□ | တူးလောက်စ် |

### ပရီမီယာလိဂ်ပွဲကျန်များ

| | | | |
|---|---|---|---|
| တနင်္လာနေ့ (၁၅-၅-၁၇) | | | |
| နံနက် ၁း၃၀ | ချယ်လ်ဆီး | □-□ | ဝက်ဖို့ဒ် |
| အင်္ဂါနေ့ (၁၆-၅-၁၇) | | | |
| နံနက် ၁း၁၅ | အာဆင်နယ် | □-□ | ဆန်းဒါးလန်း |
| နံနက် ၁း၃၀ | မန်စီးတီး | □-□ | ဝက်စ်ဘရွန်း |
| ဗုဒ္ဓဟူးနေ့ (၁၇-၅-၁၇) | | | |
| နံနက် ၁း၁၅ | ဆောက်သမ်တန် | □-□ | မန်ယူ |
| ကြာသပတေးနေ့ (၁၈-၅-၁၇) | | | |
| နံနက် ၁း၁၅ | လက်စတာ | □-□ | စပါး |

## မက်ဆီအနေဖြင့် ပိုမိုရှည်ကြာသည့် ပွဲပယ်ပြစ်ဒဏ်ချမှတ်ခံခဲ့ရသင့်သည်ဟု မာရာဒိုနာ ပြောဆို



အာဂျင်တီးနားတိုက်စစ်ကစားသမား လီယွန်နယ်မက်ဆီအနေဖြင့် ကမ္ဘာ့ဖလားခြေစစ်ပွဲအတွင်း စည်းကြပ်ဒိုင်အားစော်ကားပြောဆိုခဲ့ခြင်းအတွက် လေးပွဲပယ်ပြစ်ဒဏ်ထက် ပိုမိုသည့် ပွဲပယ်ပြစ်ဒဏ် ချမှတ်ခံရသင့်ကြောင်း၊ သို့သော်လည်း အာဂျင်တီးနားအသင်းအတွက် မက်ဆီပြန်လည်ပါဝင်ကစားခွင့်ရခြင်းသည် အာဂျင်တီးနားအသင်းအတွက် ကောင်းမွန်မှုရှိကြောင်း အာဂျင်တီးနား ကစားသမားဟောင်းကြီး ဒီယေဂိုမာရာဒိုနာက ထုတ်ဖော်ပြောဆိုလိုက်သည်။

"မက်ဆီရဲ့ ပွဲပယ်ပြစ်ဒဏ်ကို ပြန်လည်ပယ်ဖျက်ပေးခဲ့တာက အဓိပ္ပာယ်မရှိပါဘူး။ သူ့အနေနဲ့ ကမ္ဘာ့ဖလားခြေစစ်ပွဲ တစ်ပွဲပယ်ခံခဲ့တာကလည်း ထိုက်တန်ပါတယ်။ ဖီဖာက နာမည်ကျော်ကစားသမားတွေ၊ ဝါရင့်ကစားသမားတွေဆိုရင် တူညီတဲ့အကြောင်းပြချက်နဲ့ ပြစ်ဒဏ်တွေကို လျှော့ပေါ့ပေးနေပါတယ်။ မက်ဆီက အခြားတစ်စုံတစ်ဦးကို စော်ကားတတ်သူတော့မဟုတ်ပါဘူး။ အာဂျင်တီးနားအသင်းနည်းပြအဖြစ် ကျွန်တော်တာဝန်ယူခဲ့စဉ်တုန်းက မက်ဆီနဲ့ လက်တွဲခဲ့ဖူးပါတယ်။ မက်ဆီဟာ ကစားသမားတစ်ဦးထက် ကစားစရာအရုပ်တစ်ရုပ်နဲ့ ပိုပြီးတူတဲ့သူပါ။ မက်ဆီရဲ့ ပွဲပယ်ပြစ်ဒဏ်ကို လျှော့ကျအောင် လုပ်ဆောင်ခဲ့သူတွေအတွက် ဂုဏ်ယူပါတယ်။ အခုလို ပွဲပယ်ပြစ်ဒဏ်ပြန်လည် ပယ်ဖျက်ခြင်းခံခဲ့ရတဲ့အတွက်လည်း ဝမ်းသာမိတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်က အာဂျင်တီးနားနိုင်ငံသားဖြစ်တာကြောင့်ပါ" ဟု မာရာဒိုနာက ပြောဆိုခဲ့သည်။

ကမ္ဘာ့ဖလားခြေစစ်ပွဲ တိုက်ရိုက်အောင်မြင်ရေးအတွက် ရုန်းကန်နေရသည့် အာဂျင်တီးနားအသင်းသည် လာမည့် မတ်လ ၃၀ ရက်တွင် ဥရုဂွေးအသင်းနှင့် အဝေးကွင်းပွဲ ကစားရမည်ဖြစ်သည်။

## ဂိုးသမား ဒီဂီယာအား အသင်းတွင် ဆက်ထိန်းထားနိုင်ရန် မန်ယူအသင်း ပြင်ဆင်နေ





မန်ယူအသင်းသည် ရီးရဲမက်ဒရစ်အသင်းက ခေါ်ယူရန် ပစ်မှတ်ထားခြင်းခံနေရသူ ဂိုးသမား ဒီဂီယာအား စာချုပ်သစ်ချုပ်ဆိုရန် ကမ်းလှမ်းခြင်းဖြင့်အသင်းတွင် ဆက်ထိန်းထားနိုင်ရန် ကြိုးစားလာဖွယ်ရှိကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

၂၀၁၅ ခုနှစ် နွေရာသီဈေးကွက် ကာလအတွင်းတွင် ရီးရဲအသင်းသို့ ပြောင်းရွှေ့ရန် နီးစပ်ခဲ့သူ စပိန်ဂိုးသမား ဒီဂီယာအားလာမည့် နွေရာသီအတွင်းတွင် ရီးရဲအသင်းက ခေါ်ယူရေးအတွက် ပြန်လည်ပစ်မှတ်ထားလာခြင်းဖြစ်ပြီး ခေါ်ယူရေး အောင်မြင်ရန် ရီးရဲအသင်းက ပစ်မှတ်ထားနေသည်။

သို့သော်လည်း အသင်း၏ အဓိက ဂိုးသမားဖြစ်သူ ဒီဂီယာအား စာချုပ်သစ်ချုပ်ဆိုကာ လုပ်ခငွေ တိုးမြှင့်ပေးခြင်းဖြင့် အသင်းတွင် ဆက်ထိန်းထားနိုင်ရန် မန်ယူအသင်းတာဝန်ရှိသူများက မျှော်လင့်ထားကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။ ဂိုးသမား ဒီဂီယာသည် ၂၀၁၅ ခုနှစ် နွေရာသီအတွင်းတွင် ရီးရဲသို့ ပြောင်းရွှေ့ရန် ပျက်ပြယ်ခဲ့ရပြီးနောက် ၂၀၁၅ ခုနှစ် စက်တင်ဘာလအတွင်းတွင် မန်ယူနှင့် လေးနှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ် ချုပ်ဆိုခဲ့ပြီး အဆိုပါစာချုပ်သက်တမ်းမှာ နှစ်နှစ်ကျန်ရှိနေသေးသည်။ မန်ယူနှင့် ဂိုးသမား ဒီဂီယာတို့ ချုပ်ဆိုခဲ့သည့် စာချုပ်အရ စာချုပ်သက်တမ်းအား နောက်ထပ်တစ်နှစ် တိုးမြှင့်ခွင့်ရှိနေသည်ဟုဆိုသည်။

ဂိုးသမား ဒီဂီယာသည် ယခုနှစ် ဘောလုံးရာသီတွင် မန်ယူအသင်းအတွက် စုစုပေါင်း ၄၄ ပွဲ ပါဝင်ကစားပေးထားသူ ဖြစ်သည်။

## လက်စတာအသင်းကို စွန့်ခွာရန် မာရက်ဇ် ရည်ရွယ်ထား




လက်စတာအသင်း တောင်ပံကစားသမား မာရက်ဇ်သည် လာမည့်နွေရာသီဈေးကွက် ကာလအတွင်းတွင် လက်စတာအသင်းမှ ထွက်ခွာရန် ဆန္ဒရှိနေပြီး အသင်းမှထွက်ခွာရေးအတွက် အသင်းတာဝန်ရှိသူများနှင့် သဘောတူညီမှုတစ်ခုရရှိထားကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

အယ်ဂျီးရီးယားကစားသမား မာရက်ဇ် (၂၆နှစ်)သည် ပြီးခဲ့သည့် နွေရာသီဈေးကွက် ကာလအတွင်းတွင် လက်စတာမှ ထွက်ခွာရန် အခွင့်အရေးရှိခဲ့သော်လည်း ယခုနှစ် ဘောလုံးရာသီ၌ လက်စတာအသင်းအတွက် ကူညီကစားပေးရန် ရွေးချယ်ခဲ့သော်လည်း လာမည့် ဘောလုံးရာသီတွင်မူ ဥရောပပြိုင်ပွဲတွင် ဆက်လက်ပါဝင်ကစားနိုင်ရန်အတွက် လက်စတာအသင်းမှ ထွက်ခွာရန်ဆန္ဒရှိနေခြင်းဖြစ်သည်။ ပြောင်းရွှေ့ကြေး ပေါင်သန်း ၃၀ တန်ကြေးရှိ မာရက်ဇ်အား စပါးနှင့် အာဆင်နယ်အသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။ ထို့အပြင် လာမည့်နွေရာသီဈေးကွက်ကာလအတွင်းတွင် တောင်ပံကစားသမား ဝီလီယံအား ဆုံးရှုံးခဲ့ရပါကချယ်လ်ဆီးအသင်းသည်လည်း မာရက်ဇ်အားခေါ်ယူလိုသည့်အသင်းများစာရင်းတွင် ပါဝင်လာဖွယ်ရှိကာ ဘာစီလိုနာနှင့် မာဆေးအသင်းတို့ကလည်း မာရက်ဇ်အား ခေါ်ယူရန် စောင့်ကြည့်လျက်ရှိသည်။

၂၀၁၆ ခုနှစ် ဩဂုတ်လအတွင်းတွင် လက်စတာအသင်းနှင့် ၂၀၂၀ ပြည့်နှစ်အထိ သက်တမ်းရှိ စာချုပ်သစ် ချုပ်ဆိုခဲ့သူ မာရက်ဇ်သည် ယခုနှစ် ဘောလုံးရာသီတွင် အကောင်းဆုံးခြေစွမ်းရရှိရန်ရုန်းကန်ခဲ့ရသော်လည်း လက်စတာအသင်းအား တန်းဆင်းရမည့် အန္တရာယ်မှ ရုန်းထွက်ကာ အဆင့် ၉ နေရာတွင် ရပ်တည်နိုင်စေရန် ကူညီပေးထားနိုင်သူဖြစ်သည်။

ထက်အောင်

# ရေအစက်ချစိုက်ပျိုးနည်းစနစ်ဖြင့် ဓာတုကင်းလွတ် ဟင်းသီးဟင်းရွက် စိုက်ပျိုးလုပ်ကိုင်နေမှုအား ညောင်ဦးမြို့နယ်တွင် ဆောင်ရွက်

**နေပြည်တော်  မေ  ၁၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် မေ ၈ ရက် နံနက်ပိုင်းက ညောင်ဦးမြို့နယ် ပုလင်း(အနောက်)ကျေးရွာတွင် ရှစ်လက်မ စက်ရေတွင်း တူးဖော်ပြီးစီးမှုနှင့် ကျောက်ကူးမြစ်ရေတင် ကျေးလက်သောက်သုံးရေကန်များ ဆောင်ရွက်ပေးမှုကြောင့် ဒေသနေပြည်သူများ သောက်သုံးရေ ဖူလုံစွာရရှိသုံးစွဲနေမှုများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ Sharky’s လုပ်ငန်းစု၏ ရေအစက်ချစိုက်ပျိုးနည်းစနစ်ဖြင့် ဓာတုကင်းလွတ် ဟင်းသီးဟင်းရွက် စိုက်ပျိုးလုပ်ကိုင်နေမှု၊ စိုက်ခင်းမှ ထွက်ရှိလာသော ဟင်းသီးဟင်းရွက်များအား တန်ဖိုးမြင့် အစားအသောက်များအဖြစ် ပြုပြင်စီမံပြီး နိုင်ငံခြားဧည့်သည်များ၏ အော်ဂဲနစ်အစားအစာ စားသုံးလိုမှုကို ဖြည့်ဆည်း ရောင်းချပေးနေမှုတို့ကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ညောင်ဦးမြို့နယ် ယွန်းပညာ ကောလိပ်(ပုဂံ)သို့ ရောက်ရှိကြရာ ကျောင်းအုပ်ဆရာမကြီးက ယွန်းပညာကောလိပ် သမိုင်းကြောင်းနှင့် စာတွေ့လက်တွေ့သင်ကြားပေးနေမှုများကို ရှင်းလင်းတင်ပြသည်။ **(အပေါ်ယာပုံ)**

ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး ဒေါ်ခင်သီတာ မိသားစုက ယွန်းပညာကောလိပ်(ပုဂံ)သို့ လှူဒါန်းသော မှန်စီရွှေချ ဆွမ်းအုပ်၊ ရွှေပိန်းချ ဆွမ်းအုပ်နှင့် ရွှေပိန်းချကွမ်းအစ် စသည့် ရိုးရာယွန်းထည်များ ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံယူ၍ ကျေးဇူးတင်စကား ပြောကြားသည်။

ယွန်းပညာ ကောလိပ်အတွင်း ကျောင်းသား ကျောင်းသူများ လက်တွေ့သင်ကြားလေ့ကျင့်နေမှုများနှင့် ယွန်းပြတိုက်တို့ကို ကြည့်ရှုအားပေးသည်။

မွန်းလွဲပိုင်းတွင် ကျောက်ပန်းတောင်းမြို့နယ် မကြီးတိုင်းကျေးရွာအနီးရှိ ကြက်မောက်တောင်ဆည်သို့ ရောက်ရှိကြပြီး ဆည်ရေသိုလှောင် ထိန်းသိမ်းထားရှိမှု၊ စိုက်ပျိုးရေနှင့် သောက်သုံးရေ ပေးဝေ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြက်မောက်တောင်ဆည် ဒေသ၌ ၂၀၁၆ ခုနှစ်အတွင်း မိုးရွာရက် ၆၅ရက်တွင် မိုးရေချိန်စုစုပေါင်း ၄၄ ဒသမ ၈၅ လက်မရှိသဖြင့် ၁၅ နှစ်အတွင်း မိုးရေချိန်အများဆုံးဖြစ်ပြီး ယခုနှစ် ဧပြီလလယ်ပိုင်းတွင် မိုးရွာသွန်းခဲ့မှုတို့ကြောင့် ဆည်အတွင်း ရေဧကပေ ၄၆၇၀၀ ထိန်းသိမ်းသိုလှောင်ထားနိုင်ခဲ့ရာ ဒေသ၏ စိုက်ပျိုးရေနှင့် သောက်သုံးရေကို ဖူလုံစွာပေးဝေနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## မှုခင်းသတင်းတိုများ

### ဘုရားပွဲတော်အတွင်း ရွာနှစ်ရွာ အုပ်စုဖွဲ့ရိုက်မှုကြောင့် နှစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာပြင်းထန်

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် မြောက်ရွာမကျေးရွာ၌ ကျင်းပသည့် ရေးဟောင်းသမိုင်းဝင် ရှင်ပင်အလိုတော်ပေါက် ဘုရားပွဲတော်အတွင်း မေ ၈ ရက် နံနက် ၁ နာရီအချိန်ခန့်က စတိတ်ရှိုးဖျော်ဖြေနေစဉ် ပွဲကြည့်သူများ စကားများရန်ဖြစ်ရာမှ တောင်ရွာမကျေးရွာနှင့် မြောက်ရွာမကျေးရွာတို့ အုပ်စုဖွဲ့ရိုက်မှု ဖြစ်ပွားခဲ့ပြီး လူနှစ်ဦးသေဆုံး၍ ခုနစ်ဦး ဒဏ်ရာရရှိကာ တစ်ဦးမှာ ဒဏ်ရာပြင်းထန်ကြောင်း သိရသည်။

ရွာနှစ်ရွာ အုပ်စုဖွဲ့ရိုက်မှုကြောင့် တောင်ရွာမကျေးရွာမှ ရန်နိုင်အောင်(၃၀ နှစ်)မှာ ဦးခေါင်းကို ချိန်းကြိုးဖြင့်အရိုက်ခံရပြီး နေရာတွင် သေဆုံးကာ မြောက်ရွာမကျေးရွာနေ သန်းဇော်ဝင်း (၄၀ နှစ်)မှာလည်း ပေါက်ပြဲဖူးရောင်ဒဏ်ရာများ ရရှိ၍ ဆိပ်ဖြူဆေးရုံသို့ တင်ပို့ထားစဉ် သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဒဏ်ရာရသူ ခုနစ်ဦးမှာလည်း ဆိပ်ဖြူမြို့နယ် ပြည်သူ့ဆေးရုံတွင် အတွင်းလူနာအဖြစ် ဆေးကုသမှုခံယူလျက်ရှိကာ ၎င်းတို့ထဲမှ မြောက်ရွာမကျေးရွာနေ သက်ကိုကိုအောင် (၂၃ နှစ်)မှာ ဒဏ်ရာပြင်းထန်ကာ အသက်အန္တရာယ်စိုးရိမ်ရကြောင်း သိရသည်။

အုပ်စုဖွဲ့ရိုက်မှု ဖြစ်စဉ်နေရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူးဦးနိုင်အေး ဦးဆောင်သော ထွေ/အုပ်ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းမြင့်ဝင်းနှင့် ဆိပ်ဖြူမြို့မရဲစခန်းမှူးတို့ ပါဝင်သည့် ရဲတပ်ဖွဲ့ဝင်အင်အား ၂၀ နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးမှူး ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များက သတင်းရလျှင်ရချင်း သွားရောက်၍ လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကာ ဒဏ်ရာရသူများကိုလည်း မြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ရှင်ပင်အလိုတော်ပေါက်ဘုရား ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးသန်းလှိုင်က ဆိပ်ဖြူမြို့မရဲစခန်း၌ အမှုဖွင့်တိုင်တန်းထားပြီး ဆိပ်ဖြူမြို့မရဲစခန်းက ရိုက်မှုတွင်ပါဝင်သူများကို ဖော်ထုတ်အရေးယူနိုင်ရန် စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

### ယတြာချေ ဆီမီးပူဇော်ရာမှ မီးလောင်မှုဖြစ်ပွား

ပုသိမ်မြို့နယ် ကင်မလင်းကျွန်းစံပြရပ်ကွက်တွင် ယတြာချေ ဘုရားဆီမီးပူဇော်ရာမှ မီးလောင်မှု မေ ၈ ရက် နံနက်ပိုင်းက ဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားရာသို့ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ရဲဗလ ဦးမျိုးဝင်း ဦးဆောင်သော သန္ဓေတပ်ဖွဲ့ဝင် ၄၅ ဦးတို့က မီးသတ်ယာဉ် ငါးစီး၊ ရေသယ်ယာဉ် သုံးစီး၊ အထောက်အကူပြုယာဉ် တစ်စီး၊ ကွပ်ကဲရေးယာဉ် နှစ်စီးတို့ဖြင့် အရန်မီးသတ်တပ်ဖွဲ့ဝင်အင်အား ၃၀ ခန့်နှင့် ဒေသခံ ပြည်သူများနှင့်အတူ ပူးပေါင်းငြှိမ်းသတ်ပေးခဲ့၍ နေအိမ်နှစ်လုံး မီးလောင်ပျက်စီးပြီးနောက် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

မီးလောင်သည့်အကြောင်းရင်းမှာ အိမ်ရှင် ဦးဝင်းနိုင်(၄၈ နှစ်)သည် ဗေဒင်ဆရာ မှာကြားချက်အရ နံနက် ၉နာရီ ၉ မိနစ်တွင် နေအိမ်ဘုရား၌ ဆီမီးကိုးတိုင် ထွန်းညှိပူဇော်၍ ယတြာချေထားခဲ့ပြီး ဈေးဝယ်ထွက်စဉ် ဆီမီးတိုင်များမှာ အောက်ခံမရှိသဖြင့် ကြမ်းပြင်ကိုမီးစွဲရာမှ မီးစတင်လောင်ကျွမ်းခြင်းဖြစ်ကြောင်း၊ မီးလောင်မှုကြောင့် သွပ်မိုး ပျဉ်ကာ ပျဉ်ခင်း လူနေအိမ်နှစ်လုံးနှင့် ဆိုင်ကယ်တစ်စီး ပျက်စီးဆုံးရှုံးပြီး လူနှင့် တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်း၊ မီးလောင်ကျွမ်းမှုနှင့် ပတ်သက်၍ နေအိမ်ပိုင်ရှင် ဦးဝင်းနိုင်အား ပုသိမ်မြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ပုသိမ်လှကြည်**

### ဘိန်းဖြူနှင့် စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိ

နောင်ချိုမြို့ အရှေ့ဘက် မန္တလေး-လားရှိုး ပြည်ထောင်စုကားလမ်းပေါ်၌ ဘိန်းဖြူနှင့် စိတ်ကြွဆေးပြားများ သယ်ဆောင်လာသူများအား မေ ၈ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။

အမှတ်(၂၄) မူးယစ်တပ်ဖွဲ့စု(နောင်ချို) လှုပ်ရှားတပ်ဆွယ်နှင့် နောင်ချိုမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သည့် ပူးပေါင်းအဖွဲ့က မေ ၈ ရက်က အဆိုပါလမ်းမပေါ် မိုင်တိုင်အမှတ်(၈၀/၄)၌ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး စစ်ဆေးမှုများဆောင်ရွက်နေစဉ် လားရှိုးဘက်မှ နောင်ချိုမြို့နယ်ဘက်သို့ ထွေးနိုင်(ခ)ကျိန်ကွေမို မောင်းနှင်လာသည့် ယာဉ်ကို စစ်ဆေးရာ ဘိန်းဖြူမှုန့် အလေးချိန် ၁၈၀ ဂရမ်ခန့်နှင့် 88/2 စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ စီပါ သုံးထုပ် စုစုပေါင်းဆေးပြား ၆၀၀ ကို ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

အဆိုပါနေရာတွင် ထိုနေ့ နေ့လယ်ပိုင်းကလည်း ပူးပေါင်းအဖွဲ့များ ရှာဖွေစစ်ဆေးစဉ် လားရှိုးဘက်မှ နောင်ချိုမြို့ဘက်သို့ ဒွဲအောင် စီးနင်းမောင်းနှင်လာသည့် ဆိုင်ကယ်ကို စစ်ဆေးရာ ဘိန်းဖြူ ၁၀ ဂရမ်စီပါ ဆပ်ပြာခွက်သုံးခွက် အလေးချိန် ၃၀ ဂရမ်ခန့်တို့ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများကို သယ်ဆောင်လာသည့် ထွေးနိုင်(ခ)ကျိန်ကွေမိုနှင့် ဒွဲအောင်တို့အား နောင်ချိုမြို့မရဲတပ်ဖွဲ့စခန်းက အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**

## Toyota Ipsum မော်တော်ယာဉ်တစ်စီး လှူဒါန်း

**နေပြည်တော်  မေ  ၁၁**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက် နန်းဦးပရိယတ္တိစာသင်တိုက်တွင် ကဆုန်လပြည့်(ဗုဒ္ဓနေ့)နံနက် ၁၀ နာရီက နန်းဦးကျောင်းဆရာတော် ဘဒ္ဒန္တဥဇ္ဇောတ ဂန္ထဝါစကပဏ္ဍိတအား ဥပသမ္ပဒ ကံထပ်မင်္ဂလာ အခမ်းအနားကို ကျင်းပသည်။

အခမ်းအနားတွင် ဆရာတော်ထံ အလှူရှင် အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂ ဆရာမကြီး ဒေါ်အေးအေးခန့် မိသားစုက Toyota Ipsum မော်တော်ယာဉ် (NPW/RLG-7781) တစ်စီးကို ပေးအပ်လှူဒါန်းခဲ့သည်။

ဆက်လက်၍ ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။ ယင်းနောက် အလှူရှင်မိသားစုနှင့် တက်ရောက်လာကြသူများက ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းကြကြောင်း သတင်းရရှိသည်။

**ညီညီသန်း(နေပြည်တော်)**

## ကျိုက်ထိုမြို့ရှိ ခိုင်ခိုင်ကျော် ထမင်းဆိုင်၌ မီးခံသေတ္တာပျောက်ဆုံး

**ကျိုက်ထို  မေ  ၁၁**

ကျိုက်ထိုမြို့ ကော့စံနိုင်ရပ်ကွက် အေးရိပ်ငြိမ်အနောက်ပိုင်း၌ ဖွင့်လှစ်ထားသည့် ခိုင်ခိုင်ကျော် ထမင်းဆိုင်မှ မေ ၇ ရက် နံနက် ၉ နာရီခွဲက ဦးပီတာ(ခ)စလုထွန်းဦးက ကျိုက်ထိုမြို့မရဲစခန်းတွင် မီးခံသေတ္တာနှင့်အတူ ရောင်းချထားသည့် ငွေများအပြင် ရွှေဟန်းချိန်းတစ်ကွင်းပါ ပျောက်ဆုံးလျက်ရှိကြောင်း လာရောက်တိုင်ကြားခဲ့၍ မြို့မရဲစခန်းမှူးနှင့်အတူ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ လက်ထောက်တာဝန်ခံ ကိုအောင်ကျော်မျိုး၏ ထွက်ဆိုချက်အရ သန့်ရှင်းရေးအလုပ်သမ မဇင်မာဦးက မီးခံသေတ္တာထားရှိသည့် အခန်းပွင့်နေကြောင်း လာရောက်အသိပေးသဖြင့် လိုက်လံကြည့်ရှုရာ မီးခံသေတ္တာထဲ၌ သိမ်းဆည်းထားသည့် ငွေကျပ် ၇၉၃၈၇၀၀ အပါအဝင် တန်ဖိုးငွေကျပ် ၂၆၅၀၀၀ ရှိ ရွှေဟန်းချိန်းတစ်ကွင်းနှင့်အတူ မီးခံသေတ္တာပါ ပျောက်ဆုံးလျက်ရှိကြောင်း သိရ၍ ကျိုက်ထိုမြို့မရဲစခန်းက အမှုဖွင့် စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ဝင်းမောင်(ကျိုက်ထို)**

## မွန်ပြည်နယ်အတွင်းသို့ ပြည်တွင်းပြည်ပ ခရီးသည်ဝင်ရောက်မှု ပြီးခဲ့သည့်နှစ်ထက်ပိုများ

**ရေး မေ ၁၁**

၂၀၁၇ ခုနှစ် ဧပြီလအတွင်း မွန်ပြည်နယ်တွင်းသို့ ပြည်တွင်းပြည်ပခရီးသွားများ ဝင်ရောက်ခဲ့မှုမှာ ပြီးခဲ့သည့် ၂၀၁၆ ခုနှစ် ဧပြီလက ဝင်ရောက်ခဲ့မှုထက် လူဦးရေ တစ်သောင်းကျော် ပိုမိုမြင့်တက်ခဲ့ကြောင်း မွန်ပြည်နယ် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ညွှန်ကြားရေးမှူးရုံးမှ သိရသည်။

မွန်ပြည်နယ်တွင်းသို့ ၂၀၁၆ ခုနှစ် ဧပြီလအတွင်းက ပြည်တွင်းပြည်ပမှ ခရီးသွားဧည့်သည် ဝင်ရောက်ခဲ့မှုမှာ ၁၂၀၀၀၀ ကျော်ခန့် ရှိခဲ့ရာမှ ယခုနှစ်တွင် ၁၃၀၀၀၀ ကျော်ခန့် ရှိလာခဲ့ခြင်းဖြစ်၍ တစ်သောင်းကျော်ခန့် မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း၊ ပြည်ပနိုင်ငံများမှ လာရောက်လည်ပတ်သူများအနက် ထိုင်း၊ ပြင်သစ်နှင့် ဗြိတိန်နိုင်ငံတို့မှ အများဆုံး လာရောက်ကြကြောင်း မွန်ပြည်နယ် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ညွှန်ကြားရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ပြည်နယ်တာဝန်ခံ ဦးဟောက်ကျင်မုန်ထံမှ သိရသည်။

ယခုနှစ်တွင် မွန်ပြည်နယ်အတွင်းသို့ ခရီးသည်ဝင်ရောက်ထားမှုမှာ ပြည်တွင်း ခရီးသွားဦးရေက ၁၂၀၀၀၀ ကျော်နှင့် ပြည်ပခရီးသွားဦးရေက ၉၀၀၀၀ ကျော်ခန့်ရှိကြောင်း သိရသည်။ ၂၀၁၃ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း မွန်ပြည်နယ်သို့ ပြည်တွင်းပြည်ပ ခရီးသွား လာရောက်မှုများထဲတွင် ၂၀၁၃ ခုနှစ်သည် ပြည်တွင်း ခရီးသွား ၂၀၀၀၀၀ ကျော် ဝင်ရောက်ခဲ့ကာ ပြည်တွင်းခရီးသည်ဝင်ရောက်မှု အများဆုံးနှစ် ဖြစ်ခဲ့ပြီး ၂၀၁၆ ခုနှစ်မှာ ပြည်ပနိုင်ငံခြားသားများ လာရောက်လည်ပတ်မှု အများဆုံးဖြစ်ခဲ့ကြောင်း မွန်ပြည်နယ် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ညွှန်ကြားရေးမှူးရုံးမှ သိရသည်။

မွန်ပြည်နယ်အတွင်းသို့ ပြည်ပခရီးသွားဧည့်သည်များ လာရောက်ရာတွင် ရန်ကုန်၊ မန္တလေး၊ နေပြည်တော် လေဆိပ်များမှတစ်ဆင့် အများဆုံးဝင်ရောက်လာကြပြီး မြဝတီ၊ မဲဆောက်၊ တာချီလိတ်၊ မယ်စိုင်နယ်စပ်ဂိတ်များမှတစ်ဆင့်လည်း ဝင်ရောက်လေ့ရှိကြောင်း၊ ကိုယ်ပိုင်ကား၊ ဆိုင်ကယ်၊ စက်ဘီးများဖြင့် တစ်ဦးတစ်ယောက်ချင်းသော်လည်းကောင်း၊ အုပ်စုများအလိုက်လည်းကောင်း တရားဝင်ခွင့်ပြုချက်များနှင့်အညီ ဝင်ရောက်လည်ပတ်ကြကာ မွန်ပြည်နယ်အတွင်းရှိ သမိုင်းဝင် စေတီ၊ ဘုရားများ၊ ယဉ်ကျေးမှုပြတိုက် ပြခန်းများနှင့် အထင်ကရ ပင်လယ်ကမ်းခြေများသို့ အများဆုံး လာရောက်လည်ပတ်လေ့ရှိကြကြောင်း သိရသည်။

**နေမျိုးထွဋ်(ရေး)**

## လေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်

**ဗန်းမော် မေ ၁၁**

ဗန်းမော်ခရိုင် ရွှေကူမြို့နယ်အတွင်းရှိ လေဘေးသင့်ပြည်သူများအား ကချင်ပြည်နယ် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ထောက်ပံ့ငွေနှင့်ပစ္စည်းများ ပေးအပ်ပွဲကို မေ ၉ ရက်က ရွှေကူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။ ထောက်ပံ့ငွေပေးအပ်ပွဲတွင် ကချင်ပြည်နယ် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနမှူးက ရပ်ကွက်နှင့်ကျေးရွာ အုပ်ချုပ်ရေးမှူးများထံသို့ သဘာဝဘေးကြောင့်သေဆုံးသူ နှစ်ဦးအတွက် ကျပ်သုံးသိန်းစီ၊ သဘာဝဘေးသင့် အိမ်ထောင်စု ၁၈၆ စုအတွက် ကျပ်တစ်သိန်းစီ၊ သဘာဝဘေးသင့် လူဦးရေ ၉၂၀ အတွက် တစ်ဦးလျှင် ခုနစ်ရက်စာ ဆန်ဖိုးထောက်ပံ့ငွေ ကျပ် ၂၁၀၀ စီ၊ ပြိုကျပျက်စီးသည့် အိမ် ၁၆ အိမ်အတွက် ကယ်ဆယ်ရေးပစ္စည်း ကိုးမျိုးစီ၊ အမိုးလန်ပျက်စီးသည့် အိမ် ၁၇၀ အတွက် ကယ်ဆယ်ရေးပစ္စည်း လေးမျိုးစီ၊ သာသနာရေးဆိုင်ရာ ဘုန်းတော်ကြီးကျောင်းနှင့် ဓမ္မာရုံအဆောက်အအုံသုံးခု ပျက်စီးမှုအတွက် ကျပ်တစ်သိန်းစီ စုစုပေါင်း ထောက်ပံ့ငွေကျပ် ၂၁၄ သိန်းကျော်ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

# ရေသန့်ဘူးနှင့် မြေသောက်ရေအိုး

**---ကြည်လွင်မြင့်(မုံရွာ)---**

ပူလွန်း၍ မိုးကိုမျှော်နေကြသည်။
မိုးတစ်ဖြိုက်နှစ်ဖြိုက်ရွာချလာပြီ . . .။

သို့သော် အပူချိန်ကရှိနေဆဲ . . .။ အထူးသဖြင့် အထက်မြန်မာနိုင်ငံ မြို့ကြီးများတွင် အပူချိန်လွန်ကဲနေသဖြင့် လူကြီးများနှင့် အပြင်ထွက်အလုပ်လုပ်သူများ သတိထားကြဖို့ မိုးလေဝသပညာရှင်များက သတိပေးကြေညာနေသည်။ ထိုလွန်ကဲသောအပူရှိန်ကို သောက်ရေသန့် ရေအေးဘူးလေးများ သောက်ရင်းအပူဒဏ်ကိုအန်တုသူများအတွက် သတိပေးလိုသည့်အတွက် ဤဆောင်းပါးကို ရေးလိုက်ရပါသည်။

မန္တလေးမြို့သည် ဆိုင်ကယ်စီးသူအလွန်ပေါသောမြို့ဖြစ်သည်နှင့်အညီ ဆိုင်ကယ်အက်စီးဒင့်လည်း အလွန်ပေါသည်။ ဆိုင်ကယ်ကြောင့် ထိခိုက်မိသူ၊ သေသူအများအပြား နေ့စဉ်နှင့်အမျှရှိနေသည်။

လွန်ခဲ့သည့်နှစ်တစ်နှစ်က မန္တလေးမြို့အရှေ့ထိပ် ၃၅ လမ်းမကြီးနှင့် မေမြို့ မိုးကုတ်လမ်းဆုံရာတွင် လမ်းဘေးချရပ်ထားသော ၁၀ ဘီးကားကြီးကို ဆိုင်ကယ်စီးရင်း လက်တစ်ဖက်မှ ရေသန့်ဘူးမော့သောက်လာသူ လူငယ်တစ်ဦး ဆိုင်ကယ်ဖြင့် ဝင်တိုက်မိသည်။ အရှိန်ပြင်းသဖြင့် ဆိုင်ကယ်မှာ ထက်ပိုင်းကျိုးသွားပြီး ထိုလူငယ်ရော နောက်ကစီးသူပါ လမ်းပေါ်တွင်လဲကျသတိလစ်နေသည်။ နောက်မှ တာဝန်သိသူအရာရှိတစ်ဦးက ဆေးရုံပို့ပေးလိုက်သည်ဟု ဆိုသည်။

ထိုဖြစ်စဉ်တွင် လူအများသတိမမူမိသော အကြောင်းအရာမှာ ရေသန့်ဘူးမော့သောက်ရင်း ဆိုင်ကယ်စီးသည့် အချက်ပင် ဖြစ်သည်။ လက်တစ်ဖက်တည်းဆိုင်ကယ်ကို ထိန်းမရသဖြင့်ဖြစ်ရခြင်းလား။ ဆိုင်ကယ်စက်ချွတ်ယွင်း၍ ထိန်းမရခြင်းလား။

စာရေးသူသည် ကားဓာတ်ဆီဖြည့်ရန် အောင်ပင်လယ်ကန်ပတ်လမ်း မေမြို့အတက်လမ်းသို့ ကားမောင်းပြီးသွားလေ့ရှိပါသည်။

ထိုနေရာသည် လေကောင်းလေသန့်ရရှိပြီး ရှုခင်းလည်း သာယာသောနေရာဖြစ်သည်။ မြို့ထဲတွင်မတွေ့ရသော လယ်ကွင်းများနှင့် ခြံဝင်းကျယ်ကြီးများကိုလည်း တွေ့မြင်ရသော နေရာဖြစ်သဖြင့် အသက် ၈၀ အရွယ်စာရေးသူ၏ ဖခင်ကြီးကိုပါ ခေါ်သွားသည်မှာ အပတ်စဉ်ဖြစ်ပါသည်။ ဖခင်ကြီးနှင့်အတူ အဖော်အဖြစ်သမီးတစ်ဦးပါ အမြဲပါရှိပြီး ဓာတ်ဆီလည်း ထည့်ရင်း စိတ်လက်အပန်းဖြေသွားသည့် နေရာလေး ဖြစ်နေခဲ့ပါသည်။

တစ်နေ့တွင် မန္တလေးအပူချိန်မှာ ကားတွင်းမှာပြသော ပြင်ပအပူချိန် Outside Temperature 45°C ရှိသော နေ့ဖြစ်သည်။ အလွန်ပူပြင်းပြီး ကားအတွင်းဖွင့်ထားသော အဲကွန်း မနိုင်တော့သောအခြေအနေဖြစ်သည်။

ဧပြီလ သင်္ကြန်အပြီးတွင် မိုးတစ်ကြိမ်ရွာပြီးနောက်ပိုင်း မန္တလေးတွင် မိုးလုံးဝမရွာတော့။ မေလ၏ပူပြင်းမှုကို အန်မတုနိုင်သောသစ်ပင်များ သေကြသည်။ အသက်အရွယ်ကြီးသူများပူ၍ အမောဖောက်သောအခါ ရေဓာတ်ခန်းခြောက်သော ရောဂါများရကြသည်။ အချို့သေဆုံးကြရသည်။

မန္တလေးအနောက်ဘက် ပိုက်ကျုံး၊ စဉ့်ကိုင်မြို့၊ ပုလိပ်မြို့တို့တွင် မိုးခေါ်လွန်ဆွဲပွဲများ ကျင်းပနေကြသည့် အချိန်ဖြစ်သည်။ ပုသိမ်ကြီးမြို့တွင် ရန်ကင်းတောင်ခြေမှ ငါးရံ့မင်းရုပ်ကိုပင့်ပြီး ဆရာတော်များက ငါးရံ့မင်းပရိတ်ရွတ်ပွဲဆင်နွှဲနေသည်။ ငါးရံ့မင်းသည် ရှေးမြန်မာဘုရင်များလက်ထက်က မိုးခေါ်သဖြင့် ဘုရင်က ကိုးပါးသီလစောင့်ပြီး ငါးရံ့မင်းရုပ်တုပြုလုပ်ပူဇော်ခဲ့ရာမှစခဲ့သည်။ မန္တလေးအရှေ့ဘက်က ရန်ကင်းတောင်တွင် ငါးရံ့မင်းရုပ်တုနှစ်ခုရှိသော ငါးရံ့မင်းလိုဏ်ဂူရှိသည်။ ရန်ကင်းတောင်ကို ငါးရံ့မင်းတောင်ဟုလည်းခေါ်ကြသည်။ တောင်တွေပတ်လည်ဝိုင်းနေသည့် မြေပြန့်မန္တလေးတွင် မိုးခေါ်ပြီး အပူဒဏ်ခံရခြင်းသည် ရှေးမြန်မာမင်းများ လက်ထက်ကတည်းကရှိခဲ့သည်။

မန္တလေးနှင့် မိုင် ၂၀ ကျော်သာဝေးသည့် မေမြို့တောင်ပေါ်မှာတော့ မိုးများရွာနေသည်။ ယခုလိုအချိန်တွင် ငွေကြေးတတ်နိုင်သူများမှာ မေမြို့တွင်တက်ပြီး အပူရှောင်နေကြလေသည်။

စာရေးသူ၏ကိုယ်တွေ့ဖြစ်ရပ်ကို ဆက်လက်ရေးသားတင်ပြလိုပါသည်။ အပူရှိန်ပြင်းသော ထိုတစ်နေ့က အောင်ပင်လယ်ကန်ပေါင်ရိုး မေမြို့အတက်လမ်းရှိ ဓာတ်ဆီဆိုင်ကြီးတစ်ဆိုင်သို့ ဆီသွားထည့်ခဲ့သည်။



ဓာတ်ဆီဆိုင်တွင် ဆီဖြည့်သောအခါ အဖေနှင့်အတူပါလာသောသမီးက ဘောက်ချာယူခဲ့ရန်ပြောပြီး ကျသင့်ငွေရှင်းသည်။ မန္တလေးဓာတ်ဆီဆိုင်ကြီးများ၏ထုံးစံမှာ ငွေရှင်းလျှင် ဘောက်ချာနှင့်အတူ ရေသန့်ဘူးလက်ဆောင်ပေးလေ့ရှိသည်။

စာရေးသူသည် ယခင်က ရေသန့်ဘူးရလျှင် မသောက်။ ကားနောက်ထိုင်ခုံပေါ် ပစ်တင်ထားမြဲဖြစ်သည်။ ယနေ့မှာမူ ဘာစိတ်ကူးပေါက်သည်မသိ။ သမီးထံလာပေးသော ရေသန့်ဘူးကို ကြားဖြတ်လက်လှမ်းယူလိုက်သည်။ “ အားပါး . . . အေးလိုက်သည့်ရေသန့်ဘူး . . .” ရေခဲပုံးနှင့် စိမ်ထားပုံရသည်။

ရေသန့်ဘူးအဖုံးမှ ပလတ်စတစ်ကိုခွာနေရသည် ကိုပင်ကြာနေသည်ဟု စိတ်ထဲကထင်နေမိသည်။ ဖွင့်ပြီးသည်နှင့် ပါးစပ်ဟပြီး ပုလင်းခေါင်းနှင့်မထိအောင် ရေကိုမော့ချ လိုက်ပါသည်။ ပါးစပ်ရောသွားများပါ ကျင်သွားအောင်အေး သဖြင့်ရပ်လိုက်ရသည်။ ရေအချို့က ပါးစပ်ဘေးသို့လျှံကျသည်။ သောက်ချင်ဇောဖြင့် မော့ချခြင်းကြောင့် ဖိတ်ကုန်သည်။ ပြီးမှထိန်းပြီး ရေအေးကို ပုလင်းတစ်ဝက်ကျော်ကုန်အောင် သောက်လိုက်မိသည်။

ဆီဖြည့်ပြီး ကားပြန်ထွက်လာချိန်အထိ ဘာမှမဖြစ်သေးပါ။ အဝေးပြေးကားလမ်းမကြီးပေါ်ရောက်ပြီး ခဏ အကြာတွင် ကားမောင်းနေရင်း နောက်စေ့ထဲမှတစ်ချက်ထိုးပြီး ငိုက်ခနဲဖြစ်သွားသည်။ သတိထားပြီး ကားစတီယာရင်ကို ထိန်းသော်လည်းမရ။ ဘေးသို့ရမ်းသွားသည်ဟုထင်သည်။ နောက်မှကားကြီးတစ်စီးက ဟွန်းကျယ်လောင်စွာတီးသည်ကို ကြားလိုက်ရသည်။

ကားမောင်းသူ သတိတစ်ချက်လွတ်လျှင် အသက်ပေါင်းများစွာသေနိုင်သည်ကို သတိရမိပါသည်။ အထူးပင် အားတင်းပြီး ကားကိုအရှိန်လျှော့ လမ်းဘေးသို့ချသည်။ မျက်စိထဲမှာပြာပြီး အမြင်ကဝေဝါးသွားသလို ခံစားနေရပါသည်။ ကားအရှိန်ကတဖြည်းဖြည်းလျှော့ပြီး လမ်းဘေးတွင်ရပ်သွားသည်။ အာရုံကိုပြန်ကြည်လင်သွားအောင် စိတ်ကိုစုစည်းသည်။ ကားစက်ကိုတော့ မရပ်ဘဲပါဝါကို (P) ပါကင်မှာထားလိုက်သည်။

“ ဘာဖြစ်တာလဲ . . .” နောက်မှထိုင်နေသော ဖခင်ကြီးမှ လှမ်းမေးသည်။

“ ဘာမှမဖြစ်ပါဘူး . . .ဓာတ်ဆီဆိုင်က ဘောက်ချာပေးလိုက်ရဲ့လား . . .သမီးယူခဲ့ရဲ့လားလို့ မေးမလို့ . . ”

ဖခင်ကြီးမရိပ်မိအောင် စကားကိုလွှဲပြောလိုက်သည်။ ပြောမိပြောရာပြောလိုက်ခြင်း ဖြစ်ပါသည်။ အနည်းငယ်မျှဟိုလှည့်သည်လှည့်လုပ်ပြီး ကားမှန်ချ၍ အသက်ကိုဝအောင်တစ်ချက်ရှူလိုက်သည်။ အပြင်မှလေပူများက အတွင်းသို့ ပြေးဝင်လာသည်။ ထိုလေပူကို ရှူသွင်းလိုက်မှပင် ကိုယ်ထဲက သွေးတွေ ပြန်လည်ပတ်သွားသလိုခံစားရသည်။

ကားပြန်မောင်းလာရင်း စဉ်းစားမိသည်။ ရေခဲရေ . . .။ ရုတ်တရက်မော့ချလိုက်သော ရေခဲရေကြောင့် ပါးစောင်၊ ခံတွင်း၊ ရေမျိုပြွန်တို့မှ အာရုံကြောများ ဆွဲကျုံ့လိုက်လေသလား . . .။ ထိုသို့ ကျုံ့လိုက်သဖြင့် ဦးနှောက်သို့သွေးပို့သော လည်ပင်းနံဘေးမှ သွေးကြောမကြီးနှစ်ချောင်းမှာ ရုတ်တရက်ဆွဲကျုံ့ခံလိုက်ရသလိုဖြစ်ပြီး မူးဝေလာခြင်းဖြစ်မည်။

စာရေးသူ ပြန်သတိရမိသည်မှာ . . .

ကျုံးနံဘေးတွင် ညနေဘက်အပြေးလေ့ကျင့်ပြီး ပန်းဝင်လာသူကို ရေခဲစိမ် ရေသန့်ဘူးပေးလိုက်သောအခါ တစ်ရှိန်ထိုးမော့ချပြီး ခဏအကြာမှာ မူးလဲသွားသည်။ ပါးစပ်မှ အမြှုပ်များထွက်လာပြီး တက်သွားသဖြင့် ပြင်ပဆေးရုံသို့ ပို့လိုက်ကြရသည်ဟု ကြားဖူးသည်။ ထိုအဖြစ်နှင့်ယခု မိမိအဖြစ်မှာတူနေသလိုခံစားရသည်။ ကံကောင်း၍သာ သူ့လောက်မဆိုးရွား . . .ပြန်ကောင်းလာခြင်းဖြစ်သည်။

ရေသည် မီးနှင့်အတူတူပင်ဖြစ်သည်။ ရန်သူမျိုးငါးပါးတွင် ရေလည်းအပါအဝင်ဖြစ်သည်။ သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်သည်။ ရေမရှိလျှင်လည်း အသက်မရှင်နိုင်။ ရေအသက် တစ်မနက်ဟုလည်း ဆိုကြပြန်သည်။ သို့သော် ရေခဲရေတစ်ခွက်ကြောင့်လည်း ဦးနှောက်သွေးကြောပေါက်ပြီး အသက်ပါသွားနိုင်သည်ကိုလည်း သတိပြုမိဖို့ လိုပေသည်။

မနေ့က ကားမောင်းလာရင်း ကျုံးနံဘေး ၂၆ လမ်းနှင့် ၇၆ လမ်းထောင့်တွင် သစ်ပင်အရိပ်ကလေးရှိ၍ ကားခဏရပ်နားသည်။ ထိုလမ်းထောင့်တွင် မြေသောက်ရေအိုးနှစ်လုံးကို စင်ကလေးနှင့်အမိုးနှင့်ပြုလုပ်ထားသည်ကို တွေ့ရသည်။ လမ်းထောင့်တိုက်ပိုင်ရှင်မှ အလှူဖြစ်မည်။ သာဓုခေါ်ပါသည်။ ယခုခေတ်တွင် မြေသောက်ရေအိုးစင်ကလေးများ ရှားပါးသွားပြီဖြစ်သည်။ ရေသန့်ဘူးဝယ်မသောက်နိုင်သူ လမ်းသွားလမ်းလာများသည် ဤသောက်ရေအိုးစင်မှ ရေအေးအေးကို သောက်နိုင်ကြမည်ဖြစ်သည်။

ထိုသောက်ရေအိုးစင်ပေါ်တွင် အစိမ်းရောင်နှင့်ပန်းရောင် ပလတ်စတစ်ခွက်ကလေးများတင်ထားသည်။ သောက်ပြီးယူလိုကလည်း ယူသွားနိုင်သည်။ သံကြိုးခတ်မထားပါ။ ထိုပလတ်စတစ်ခွက်ကလေးများ၏တန်ဖိုးမှာ ငွေကျပ် ၁၀၀ ဝန်းကျင်သာရှိမည်ဖြစ်သည်။ အလှူရှင်သည် စေတနာသုံးတန်ပြတ်သားသောအလှူဖြစ်ပေသည်။

စာရေးသူသတိပြုမိသောအချက်မှာ မြေအိုးနှင့် ရေသောက်နေသောဆင်းရဲသား လူလတ်တန်းစားများတွင် ဦးနှောက်သွေးကြောပြတ်၊ လေဖြတ်သောသူအလွန်နည်းသည်။ ရေခဲသေတ္တာနှင့်ရေအေးစက်နှင့်ရေသန့်ဘူး တွင်တွင်သုံးစွဲနေကြသော လူချမ်းသာများတွင် ဦးနှောက်သွေး ကြောရောဂါ၊ ဆီးချိုရောဂါ၊ ကျောက်ကပ်ရောဂါ၊ အသည်းရောဂါများ အဖြစ်များသည်။

အိမ်ပြန်ရောက်လျှင် ရေခဲသေတ္တာမှရေသန့်ဘူးအစား မြေသောက်ရေအိုးတစ်လုံးဝယ်ပြီး အိမ်သားများကို သောက်ခိုင်းတော့မည်။ မန္တလေးကျုံးရေကို ဆူပွက်အောင် ကျိုပြီး အအေးခံမည်။ ရေကျက်အေးပြုလုပ်ပြီး မြေသောက်ရေအိုးတွင် ထည့်မည်။ မြေဓာတ်ဖြင့် အေးမြသော သဘာဝရေကို ရေငတ်သည့်အခါတိုင်း အားပါးတရသောက်လျှင် ရောဂါကင်းဘယကင်းမည်ဟုထင်မိပါသည်။

**မြေအိုးနှင့် ရေသောက်နေသော ဆင်းရဲသား လူလတ်တန်းစားများတွင် ဦးနှောက်သွေးကြောပြတ်၊ လေဖြတ်သောသူ အလွန်နည်းသည်။ ရေခဲသေတ္တာနှင့် ရေအေးစက်နှင့် ရေသန့်ဘူး တွင်တွင်သုံးစွဲနေကြသော လူချမ်းသာများတွင် ဦးနှောက်သွေးကြောရောဂါ၊ ဆီးချိုရောဂါ၊ ကျောက်ကပ်ရောဂါ၊ အသည်းရောဂါများ အဖြစ်များသည်**

---

## ၂၀၁၇ ခုနှစ် လူငယ်တင်းနစ် ပြိုင်ပွဲကျင်းပမည်

**ရန်ကုန် မေ ၁၁**

၂၀၁၇ ခုနှစ် လူငယ်တင်းနစ်ပြိုင်ပွဲကို မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်မှ ကြီးမှူးပြီး တင်းနစ်အားကစားဝါသနာရှင်လူငယ်များနှင့် အခြားသော တင်းနစ်အားကစားနည်းအား စိတ်ပါဝင်စားသည့်လူငယ်များအတွက် ကျောင်းအားလပ်ချိန်တွင် ပါဝင်ယှဉ်ပြိုင် ကစားနိုင်ရန်ရည်ရွယ်ပြီး လူငယ်တင်းနစ်ပြိုင်ပွဲကို စီစဉ်ထားခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ပြိုင်ပွဲတွင် လူငယ်သက်တမ်းအလိုက်ပြိုင်ပွဲဖြစ်ပြီး အသက် ၁၂ နှစ်အောက် အမျိုးသားနှင့် အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၊ အသက် ၁၄ နှစ်အောက် အမျိုးသားနှင့် အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၊ အသက် ၁၆ နှစ်အောက် အမျိုးသားနှင့် အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲများပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ရာ ပြိုင်ပွဲဝင်ကြေးသတ်မှတ်မထားကြောင်း သိရသည်။

ပြိုင်ပွဲဝင်အမည်စာရင်းများကို မေ ၂၁ ရက်တွင် နောက်ဆုံးပေးရမည်ဖြစ်ပြီးအသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ကွင်းတာဝန်ခံ ဖုန်း၀၉-၂၅၀၁၈၇၀၄၀ သို့ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း သိရသည်။

**သန်းမောင်(ရန်ကင်း)**

# ရွှေနားပန်စေတီတော်ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲနှင့် ကဆုန်ညောင်ရေသွန်းလောင်းပွဲကျင်းပ

**ရန်ကုန် မေ ၁၁**

သဃ်န်းကျွန်းမြို့နယ် ရှေးဟောင်းသမိုင်းဝင် ရွှေနားပန်စေတီတော်မြတ်ကြီး၏ နဝမအကြိမ်မြောက် ကဆုန်ညောင်ရေသွန်းပွဲတော်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်ပွဲကို မေ ၁၀ ရက် နံနက်က စေတီတော် အရှေ့ဘက်မုခ် မဟာဗောဓိညောင်ပင်ရင်း၌ ကျင်းပရာ ဇ/တောင်ရပ်ကွက်သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တစန္ဒိမာ အမှူးပြုသော ဆရာတော် သံဃာတော် ၁၅ ပါးတို့က ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်များ၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သန်းနှင့် ဂေါပကအဖွဲ့ဝင်များ၊ ဝတ်အဖွဲ့များ၊ ဘာသာရေးအဖွဲ့များ၊ အလှူရှင်များက ကဆုန်လပြည့် ဗုဒ္ဓနေ့အထိမ်းအမှတ် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ကြကြောင်း သိရသည်။

**တင်ကြည်(သဃ်န်းကျွန်း)**



# သျှစ်သောင်း၊ ထုက္ကန်သိမ်နှင့် အံတော်သိမ်ဘုရားများ၏ (၈၉)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်လှစ်

**မြောက်ဦး မေ ၁၁**

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်အတွင်းရှိ ရှေးဟောင်းသမိုင်းဝင် အထင်ကရ စေတီပုထိုးများဖြစ်သော သျှစ်သောင်း၊ ထုက္ကန်သိမ်နှင့် အံတော်သိမ်ဘုရားများ၏ (၈၉) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲအခမ်းအနားကို မေ ၁၀ ရက်က ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် မြောက်ဦးခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ချို၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဦးကျော်ဝင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ကျော်သူနှင့် သျှစ်သောင်းဘုရားဂေါပကဥက္ကဋ္ဌ ဦးရွှေဇံတို့က ဘုရားပွဲတော်အဝင် မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အောင်မင်္ဂလာကျောင်းတိုက်မှ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် ဘဒ္ဒန္တပညာသာမိထံမှ ပရိသတ်များက သီလခံယူဆောက်တည်ကြသည်။ ထို့နောက် သံဃာတော်များက အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ကြပြီး အောင်မင်္ဂလာကျောင်းတိုက်ဆရာတော်က ဩဝါဒချီးမြှင့်ကာ ပရိသတ်များက သံဃာတော်များအား အလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ **(ခရိုင်ပြန်/ဆက်)**



# လေပြင်းတိုက်ခတ်ခြင်းနှင့် မိုးရွာခြင်းကြောင့် နေအိမ်နှင့် ဖုန်းလိုင်းများ ထိခိုက်ပျက်စီး

**လေးမျက်နှာ မေ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ်တွင် မေ ၉ ရက် ညနေ ၆ နာရီခန့်က မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းများတိုက်ခတ်ခဲ့ခြင်းကြောင့် လူနေအိမ်များ၊ အဆောက်အအုံနှင့် အော်တိုတယ်လီဖုန်းလိုင်းကြိုး ကွန်ကရစ်တိုင်များ ပျက်စီးမှုဖြစ်ပွားခဲ့ကြောင်းသိရသည်။

လေပြင်းတိုက်ခတ်မှုကြောင့် လေးမျက်နှာမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုငါးခုမှ ကျေးရွာ ၁၀ ရွာတွင် လူနေအိမ် ၂၀၊ ဘုန်းတော်ကြီးကျောင်း ဆွမ်းချက်မီးဖိုချောင်တစ်ခုနှင့် နွားတင်းကုပ်တစ်လုံးတို့တွင် အမိုးအကာများ လွင့်စဉ်ပျက်စီးခဲ့ပြီး မြို့ပေါ်ရှိ အော်တိုတယ်လီဖုန်းလိုင်းကြိုး ကွန်ကရစ်တိုင်လေးတိုင် ကျိုးကျပျက်စီးခဲ့ကြောင်း သိရသည်။ တယ်လီဖုန်းလိုင်းကြိုးတိုင်များ ပျက်စီးခဲ့သဖြင့် အော်တိုတယ်လီဖုန်းဆက်သွယ်မှုများ ယာယီပြတ်တောက်ခဲ့သော်လည်း လေပြင်းတိုက်ခတ်ပြီးသည်နှင့် တစ်ပြိုင်နက် သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ပြုပြင်ဆောင်ရွက်ပေးခဲ့သဖြင့် ကြိုးဖုန်းဆက်သွယ်မှုများ အချိန်တိုအတွင်း ပြန်လည်အသုံးပြုနိုင်ခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်တွင် လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်ထိခိုက်ပျက်စီးခဲ့ရသည့် အိမ်ထောင်စု ၂၀ မှ လူဦးရေ ၇၂ ဦးအတွက် အကူအညီပေးရေးလုပ်ငန်းများကို မြို့နယ်နှင့် သက်ဆိုင်ရာ ကျေးရွာများမှ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မြို့နယ်မီးသတ်စခန်းတို့မှ တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်ပေးလျက်ရှိပြီး အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် လူနှင့်တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# သဲကုန်းမြို့နယ်၌ မြစိမ်းရောင်စီမံကိန်း ကျေးရွာများရွေးချယ်

**သဲကုန်း မေ ၁၁**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ်ရှိ မြစိမ်းရောင်စီမံကိန်းကျေးရွာများ ရွေးချယ်ခြင်းအခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ မေ ၈ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအေးချို၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလွင်မင်းနှင့် မြို့နယ် မြစိမ်းရောင်အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဝင်များ တက်ရောက်ခဲ့ပြီး မြစိမ်းရောင်စီမံကိန်း ဆောင်ရွက်သင့်သည့် ကျေးရွာများအား သုံးသပ်ညှိနှိုင်းဆွေးနွေး၍ စီမံကိန်းကျေးရွာ ၈ ယူနစ်နှင့် အရန် ၂ ယူနစ်အား ရွေးချယ်ခဲ့ကြသည်။

သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အထိ စီမံကိန်းကျေးရွာ ၃၃ ယူနစ်၊ ကျေးရွာပေါင်း ၆၄ ရွာအား မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။ **(မြို့နယ် ပြန်/ဆက်)**





**(၇၁)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မေ ၅ ရက်က ရှမ်းပြည်နယ် မြောက်ပိုင်း သီပေါမြို့နယ် မီးသတ်တပ်ဖွဲ့စခန်း၌ကျင်းပရာ မီးလောင်ရာတွင် ဆောင်ရွက်ရမည့် လှေကားဖြင့်အသက်ကယ်ခြင်း၊ ကြိုးတက်/ဆင်း၊ မီးငြိမ်းသတ်မှုစသည်တို့ကို သရုပ်ပြသစဉ်**

စိုင်း(သီပေါ)

# စာကြည့်တိုက်ရှင်သန်ခိုင်မာရေးနှင့် စာဖတ်ရှိန်မြင့်မားရေး အသိပညာပေးဟောပြောပွဲ ကွင်းဆင်းပြုလုပ်

**မြဝတီ မေ ၁၁**

မြဝတီခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ စာကြည့်တိုက်ရှင်သန်ခိုင်မာရေး၊ စာဖတ်ရှိန်မြင့်မားရေး အသိပညာပေးဟောပြောခြင်းနှင့် စာအုပ်စာစောင်များ ငှားရမ်းခြင်း၊ နံရံကပ်စာစောင်ပြသခြင်းများကို မေ ၉ ရက်က မြဝတီမြို့နယ် မဲကနယ်ကျေးရွာအုပ်စု အေးသုခကျေးရွာရှိ ဘဝအလင်းရောင်စာကြည့်တိုက်၌ ကွင်းဆင်းပြုလုပ်ခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် ခရိုင်ပြန်/ဆက်ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ခင်ဝင်းမူက စာပေဖတ်ရှုလေ့လာခြင်းဖြင့် ရရှိနိုင်သည့် အကျိုးကျေးဇူးများ၊ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် မိမိတို့ကျေးရွာရှိ စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးမှာ အဓိကအချက်ဖြစ်ကာ စာကြည့်တိုက် ရှင်သန်ခိုင်မာရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်ပုံများကို ကျေးရွာစာကြည့်တိုက်ကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများအား ရှင်းလင်းဟောပြောပြီး နံရံကပ်စာစောင်များ၊ သုတ/ရသ စာအုပ်စာစောင်များကိုလည်း ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

**မီးဖိုမီး အသုံးပြုလျှင်**

၁။ လူစောင့်ထားပါ။
၂။ လောင်စာမီးအားကို လိုအပ်သည်ထက်ပိုမသုံးပါနှင့်။
၃။ မီးဖိုမီးကွင်းမီးကျန်များ ငြိမ်းသတ်ပါ။
၄။ မီးဖိုနှင့်အမိုး၊ နံရံအကြားအပူခံ အကာအရံများထားပါ။
၅။ ဆီအိုးတည်ပြီးမမေ့ပါနှင့်။

**(မီးသတ်ဦးစီးဌာန)**

# ကျေးလက်နေပြည်သူများ သောက်သုံးရေအဆင်ပြေစေရေး သွားရောက်လှူဒါန်း

**တွံ့တေး မေ ၁၁**

ရန်ကုန်တိုင်းဒေသကြီး တွံ့တေးမြို့နယ် စိတ္တသုခကုသိုလ်ပြုအသင်းမှ ဥက္ကဋ္ဌ ဦးဖြိုးကိုကိုရွှေ ဦးဆောင်၍ တွံ့တေးမြို့နယ် မြကန်သာကျေးရွာနှင့် မဒိုင်းကျေးရွာ ဘုန်းတော်ကြီးကျောင်းတိုက်သို့ မေ ၉ ရက်က သောက်သုံးရေများ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

အပူရှိန်လွန်ကဲမှုကြောင့် သောက်သုံးရေကန်များရေလျော့နည်းလာသည့်အတွက်ပြည်သူလူထုအဆင်ပြေစေရန်အတွက် မြကန်သာကျေးရွာအတွက် ရေဂါလန် ၁၀၀၀၊ မဒိုင်းကျေးရွာအတွက် ရေဂါလန် ၃၀၀၀၊ ရွှေမဒိုင်းဘုန်းတော်ကြီးကျောင်းတိုက်ရှိ အုတ်ရေကန်အတွင်းသို့ ရေဂါလန် ၅၀၀ စုစုပေါင်းရေဂါလန် ၄၅၀၀ ကို ခွဲဝေလှူဒါန်းပေးခဲ့သည်။

အဆိုပါ ကျေးရွာများသို့ သောက်သုံးရေပို့ဆောင်ရာတွင် တွံ့တေးစိတ္တသုခကုသိုလ်ပြုအသင်း အဖွဲ့သားများနှင့် မြဂိုးစိတ္တသုခကုသိုလ်ပြု အသင်း (ခွဲ) အသင်းသားများက ရေသယ်ယာဉ်များဖြင့် လိုက်လံပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။



"ဒီနှစ်ရာသီဥတုကလည်းပူတော့ ရေကန်တွေခန်းခြောက်ပြီးရေလျော့နည်းလာတယ်။ ရေလိုတာနဲ့ချိတ်ဆက်ပြီး ရေလှူဖို့ပြောခဲ့လို့ အခုရေလာလှူတော့ရွာသားတွေဝမ်းသာကြပါတယ်"ဟုဒေသခံတစ်ဦးက ပြောသည်။

**မျိုးလှိုင် (တွံ့တေး)**

# ဓမ္မဗျူဟာ သာသနမာမကအဖွဲ့(နေပြည်တော်) လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းဖွင့်

**နေပြည်တော် မေ ၁၁**

အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်တရားတော်များကို လေ့လာဆည်းပူးကျင့်ကြံလိုသူများကို နှစ်စဉ်ဒီဇင်ဘာလတွင် ကျင်းပလျက်ရှိသော စာမေးပွဲများကို ဝင်ရောက်ဖြေဆိုလိုသူများအတွက် ရည်ရွယ်၍အဘိဓမ္မာဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်သင်တန်းများကို မေ ၇ ရက်က နေပြည်တော် ဇမ္ဗူသီရိမြို့နယ် မြို့မဈေးအနီးရှိ အမှတ်(၅) အ.ထ.က၌ ဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းတွင် သင်တန်းမှူးဆရာမကြီး ဒေါ်ခင်လှတင် (မဟာသဒ္ဓမ္မဇောတိကဓဇ)၏ သင်နည်းစနစ်နှင့်အညီ မေလဒုတိယပတ်မှစတင်၍ တနင်္ဂနွေနေ့တိုင်း ဒီဇင်ဘာလအထိ အဘိဓမ္မာပထမအဆင့်၊ အဘိဓမ္မာဂုဏ်ထူးဆောင် ပ၊ ဒု၊ တ အဆင့်၊ ဝိသုဒ္ဓိ ပ၊ ဒု၊ တ အဆင့်များကို သင်ကြားပေးလျက်ရှိကြောင်းနှင့် သင်တန်းသို့ တက်ရောက်သည့် သင်တန်းသား သင်တန်းသူများအား ဇမ္ဗူသီရိမြို့နယ် သိဒ္ဓိ(၉) ရပ်ကွက်ရှိ ဓမ္မာရုံများ၌ စုရပ်အဖြစ်သတ်မှတ်၍ ကြို/ပို့ယာဉ်များဖြင့် စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ သင်တန်းသားသင်တန်းသူ ၄၀၀ ခန့် တက်ရောက်လျက်ရှိကြောင်း သိရသည်။

**မင်းမင်းလတ်(ရှုပဗေဒ)**

# ထရန်စဖော်မာနှင့်ဓာတ်အားလိုင်းများတိုးချဲ့တည်ဆောက်

**သဲကုန်း မေ ၁၁**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၏ အုပ်ချုပ်မှုနယ်မြေအတွင်းရှိ ပြည်သူများ လျှပ်စစ်ဓာတ်အားရရှိရေးနှင့် ဗို့အားပြည့်ဝစွာသုံးစွဲနိုင်ရေးအတွက် ရပ်ကွက် (၁) ဈေးအနီးတွင် (၁၁/၀၄)ကေဗွီ ကေဗွီအေ ထရန်စဖော်မာ တစ်လုံး၊ ၁၁ကေဗွီလိုင်းပေ ၃၀၀၀ နှင့် ၄၀၀ ဗို့အားလိုင်းပေ ၁၃၀၀ အသစ်တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၆-၂၀၁၇ ခုနှစ် တိုင်းဒေသကြီး ဘတ်ဂျက်ခွင့်ပြုပိုလျှံရန်ပုံငွေဖြင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်ဇင်လတ်ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများ ဆောင်ရွက်ခဲ့ရာ မေ ၆ ရက်တွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ခြင်းအားဖြင့် ပြည်ခရိုင် သဲကုန်းမြို့နယ် ရပ်ကွက် (၁)ရှိ အများပြည်သူများသို့ ဓာတ်အားဖြန့်ဖြူးပေးရာတွင် လိုင်းရင်းဗို့အား ၂၂၀ ဗို့နှင့် လိုင်းအဖျားဗို့အား ၂၀၀ဗို့ရှိသည့်အတွက် ဗို့အားပြည့်ဝစွာဖြင့်သုံးစွဲနိုင်မည် ဖြစ်ကြောင်း သိရသည်။။

**မြင့်နိုင်(ပြည်)**

# မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူများအားဂုဏ်ပြုလွှာများပေးအပ်

**မကွေး မေ ၁၁**

မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ မှုခင်းများအား စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သည့် ရဲတပ်ဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများ၊ ကျေးရွာပြည်သူများအား ဂုဏ်ပြုလွှာများပေးအပ်ပွဲကို မေ ၉ ရက်က တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးအတွင်း ဖြစ်ပွားခဲ့သည့် မှုခင်းများဖြစ်သည့် နေပြည်တော်-မြို့သစ်-ကံပြားလမ်း လေးတိုင်စင်ရွာအနီးတွင် တရားခံအားဆိုင်ကယ်တစ်စီးနှင့် ငွေကျပ်သိန်း ၆၀ နှင့်အတူ ဖမ်းဆီးနိုင်ခဲ့သည့် မြို့သစ်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်မိုးလွင်ကိုလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဗိုလ်မှူးကြီး နိုင်ဦးက လည်းကောင်း၊ လေးတိုင်စင်(မ)ရွာအနီးတွင် တရားခံများအား ငွေကျပ် ၁၀၂ သိန်း၊ ဟန်းဆက်နှစ်လုံးနှင့်အတူ ဖမ်းဆီးနိုင်ခဲ့သည့် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး မြင့်ဇော် (မှုခင်းမှတ်တမ်း)အား တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးကိုကိုအောင်ကလည်းကောင်း ဆုများချီးမြှင့်ပေးခဲ့သည်။

